www.burmeseclassic.com

လှိုင်စာပေ

BURMESE CLASSIC .com

ပါးလော်ခင်ခင်

# ချစ်ငွေ့လွင်ပြင်

လုံးချင်းဝတ္ထုသစ်

www.burmeseclassic.com

www.burmeseclassic.com

ပုံနှိပ်သူ
ဦးမောင်လှိုင် (မြဲ ၁၁၈၅၇)
အမှတ် ၅၃၃၊ အင်းတော်လမ်း
မြင့် ရပ်ကွက်၊ စက်မှုဇုန် (၂)
ဒဂုံမြို့သစ်တောင်ပိုင်း။

# ပါးလ်ခင်ခင်

# ချစ်ငွေ့လွှင်ပြင်

လုံးချင်းဝတ္ထုသစ်



ထုတ်ဝေသူ
ဦးမောင်လှိုင်
လှိုင်စာပေ
၁၉၆ (ပ) ထပ်၊ လမ်း ၄၀
ကျောက်တံတားမြို့နယ်။

www.burmeseclassic.com

www.burmeseclassic.com

စာမူခွင့်ပြုချက်အမှတ် - ၃၉၆/၂၀၀၄ (၄)
အဖုံးခွင့်ပြုချက်အမှတ် - ၆၂၇/၂၀၀၄ (၆)
မျက်နှာဖုံးပန်းချီ - ကိုမြတ်သူရ
ကွန်ပျူတာစာစီ - Asia Glory
ပထမအကြိမ်
စက်တင်ဘာလ
အုပ်ရေ - (၅၀၀)
တန်ဖိုး - (၂၃၀) ကျပ်



**ဒို့တာဝန်အရေးသုံးပါး**

| | |
|---|---|
| ပြည်ထောင်စု မပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး | ဒို့အရေး |

**ပြည်သူ့သဘောထား**

- ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

**နိုင်ငံရေးဦးတည်ချက်(၄)ရပ်**

- နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး
- အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

**စီးပွားရေးဦးတည်ချက်(၄)ရပ်**

- စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

**လူမှုရေးဦးတည်ချက်(၄)ရပ်**

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး

www.burmeseclassic.com

www.burmeseclassic.com







# အပိုင်း (၁)



www.burmeseclassic.com

www.burmeseclassic.com



'ဘာပြောတယ် ဒွန်း၊ မင်းက မေနှောင်းကို လက်ထပ်ယူမယ် ဟုတ်လား'

ဦးသက်ပိုင်၏အသံက မိုးချုန်းသံကဲ့သို့ ကျယ်လောင်တာကြောင့် သူမော့၍ ခပ်တင်းတင်းပင်ပြန်ကြည့်လိုက်သည်။

တကယ်ဆို ဦးဖေဖေသည် သူ့ကိုရိုက်ကွင်းထဲမှလွဲ၍ တစ်ခါမှ ဤကဲ့သို့ မာကျောကျောမပြောဖူးပါ။

'ဟုတ်တယ် ဦးဖေ၊ ကျွန်တော်သူ့ကို လက်ထပ်မယ်လို့ ဆုံးဖြတ်ပြီးပြီ'

သူ့အသံက ပြတ်ပြတ်သားသား သေသေချာချာ။

'မင်းရူးနေလား၊ ရုပ်ရှင်အသိုင်းအဝိုင်းအားလုံးက ငါနဲ့ မေနှောင်းနဲ့ကို လက်ထပ်တော့မယ့်သူတွေအဖြစ် အားလုံးထည့်ရေးထားပြီးပြီ၊ စေ့စပ်ထားတာလဲ လူသိရှင်ကြားပဲ၊ မကြာခင်မှာ . . .

'စေ့စပ်ထားတာ လက်ထပ်တာမှ မဟုတ်တာ၊ အချိန်မရွေးဖျက်ခွင့်ရှိတယ်လေ၊ ဦးဖေပဲ ကျွန်တော့်ကို သားအရင်း





တစ်ယောက်လိုချစ်လှချည်ရဲ့ဆို၊ အခု ဗီမိန်းမတစ်ယောက်ကို တောင် မပေးနိုင်ဘူးလား'

'တောက် . . . မင်းကွာ'

ဦးသက်ပိုင် ထိုင်ခုံပေါ်ပြန်ထိုင်လိုက်သည်။ သူ့ရဲ့ချစ်လှစွာသော မွေးစားသား၊ သူတင်ထားသော မင်းသားက ယခု သူ့ရဲ့ဇနီးလောင်းကို တောင်းနေပြီ ဖြစ်သည်။ သူက ထိုင်၍ စီးကရက်ကို မီးညှိလိုက်သည်။

'စဉ်းစားပါ ဦးဖေ၊ ကျွန်တော်ကတော့ ဒီတစ်ခေါ်ပျ ဘားအံဘက်မှာ သွားရိုက်တဲ့ကားပြီးရင် မေနှောင်းကို လက်ထပ်ချင်တယ်'

'တောက် . . . မင်းပါးစပ်ပိတ်ထားစမ်း၊ မင်းနဲ့ မေနှောင်းနဲ့က လက်ထပ်ရအောင် မေနှောင်းက မင်းကိုယူမှာမို့လို့လား'

'ဟား ဦးဖေက ကျွန်တော့်ကို သိပ်အထင်သေးတာကိုး၊ ယူလား မယူဘူးလား မေနှောင်းကိုသွားမေးကြရအောင်လေ၊ ဒီကိစ္စ ကျွန်တော်တို့ မေနှောင်းရဲ့ အဆုံးအဖြတ်ကိုပဲ ယူကြတာပေါ့'



www.burmeseclassic.com

www.burmeseclassic.com



‘ဟင်’

ပိုင်ပိုင်နိုင်နိုင်ပြောချလိုက်သော ဒွန်းရဲ့စကားကြောင့် ဦးသက်ပိုင် တွန့်သွားရသည်။

ဟား - လောကကြီး ဘာတွေဖြစ်ကုန်ပြီလဲ။ သူက စီးကရက်တစ်လိပ်လုံးကို ကုန်အောင်သောက်ပြီးတော့မှ

‘ကောင်းပြီလေ၊ ငါတို့ မေနှောင်းရဲ့အဆုံးအဖြတ်ကို တ-
ဦတာပေါ့’

‘ဒါပေမယ့် ကျွန်တော်တို့ ကတိတစ်ခုထားချင်တယ် ဦးဖေ မေနှောင်းဟာ ကျွန်တော်နဲ့ ဦးဖေ ဘယ်သူ့ကိုပဲရွေးရွေး၊ ကျန်တဲ့တစ်ယောက်က ကြည်ဖြူစွာ နောက်ဆုတ်ပေးရမယ်၊ လက်ထပ်ဖို့ကိစ္စကိုလည်း မကန့်ကွက်ရဘူးဆိုတဲ့ ကတိပဲ’

ဒွန်းစကားကြောင့် ဦးသက်ပိုင် တွေဝေစွာ စဉ်းစားသွားသည်။ ဒွန်းဟာ ယခုပြောပုံအရဆိုလျှင် တကယ့်ကို သူနိုင်တော့မည့်အတိုင်းပင် ဖြစ်သည်။

‘အင်းလေ၊ ဘာပဲဖြစ်ဖြစ် သူ မေနှောင်းအပေါ်မှာ ထား





ရှိတဲ့ ကျေးဇူးတရားတွေရယ်၊ လက်ကျန်သံယောဇဉ်တွေရယ် ကိုပဲ အားကိုးရမှာ ဖြစ်သည်။

‘‘အေးလေ၊ ကောင်းပြီ ငါတို့သွားကြတာပေါ့’

သူ့ဒေါ်လေး အိမ်တွင်နေသော မေနှောင်းကိုဖုန်းဆက်၍ တစ်နေရာတွင် ချိန်းလိုက်သည်။ သူတို့နှစ်ယောက်လုံး လာမည်ဆို၍ မေနှောင်းက အံ့ဩထိတ်လန့်နေဟန်တူသည်။

‘ငါတို့ သွားစို့’

‘ဦးဖေ၊ မေနှောင်းကို ထိတ်လန့်အောင်တော့ မလုပ်ပါနဲ့၊ ဘာပဲဖြစ်ဖြစ် ကျွန်တော်နဲ့မေနှောင်းက ဦးဖေ တင်ပေးထားတဲ့ မင်းသားနဲ့ မင်းသမီးပါ’

‘အေးပေါ့ကွာ၊ ငါတင်ထားတဲ့ မင်းသားနဲ့ မင်းသမီးက ငါ့ကို ပြန်ခြောက်နေလို့ပေါ့’

ဦးသက်ပိုင်က မကျေမနပ်နှင့် ပြောလိုက်တော့သည်။ သူက ဒါရိုက်တာ၊ ဒီကောင်လေးနှင့် ကောင်မလေးကို မင်းသားနှင့်မင်းသမီးအဖြစ် ထင်ထားသည်။ ဟိုးအရင်က တခွဲတွဲနှင့် တွေ့နေရခဲ့ပေမယ့် လုပ်ငန်းကိစ္စဟုထင်ကာ ဒီလိုမထင်ခဲ့။



www.burmeseclassic.com

www.burmeseclassic.com



ယခုတော့ . . .

'ဦးဖေ ကျွန်တော့်ကားနဲ့ပဲ နောက်ကလိုက်ခဲ့မယ်'

'မင်းသဘောပဲ'

သူတို့နှစ်ယောက် ကားတစ်စီးစီ ရှေ့ဆင့်နောက်ဆင့် ထွက်လာကြသည်။ သူတို့၏ဦးတည်ရာကား မေနှောင်းနှင့် ချိန်းထားရာ ဟိုတယ်တစ်ခုဆီသို့ ဖြစ်သည်။ သူတို့ ရောက်သွားတော့ မေနှောင်း၏ ကားကလေးက ရောက်နှင့်နေပြီ ဖြစ်သည်။ ဦးသက်ပိုင်မှာ ကားကိုရပ်၍ ဘာကိုမှန်းမသိ စိုးရွံ့လာသည်။ သူတစ်ခါမှ ဒီလိုမဖြစ်ဘူးပါ။

ဒွန်းကတော့ သွက်လက်စွာဖြင့် ဟိုတယ်ထဲသို့ ဝင်သွားသည်။ သူက အနောက်မှ ဖြည်းလေးစွာ လိုက်ပါလာရသည်။

သူရောက်သွားတော့ ဒွန်းနှင့်မေနှောင်းက ရွှင်ပျစွာ စကားပြောလို့နေပြီ ဖြစ်သည်။

သူ့ကို မေနှောင်းက အပြုံးလေးဖြင့် ဆီးကြိုသည်။

'ဆရာနဲ့ ဒွန်းနဲ့ နှစ်ယောက်လုံးလာမယ်ဆိုလို့ နှောင်းက





အံ့ဩနေတာ၊ ဘာတွေများ အရေးတကြီးကိစ္စရှိလို့လဲ၊ ရိုက်ကွင်းကိစ္စပဲလား၊ နှောင်းဖြင့်သွားဖို့တောင် ပြင်ပြီးပြီ'

'ရိုက်ကွင်းကိစ္စပြောချင်မှတော့ ဒီကိုတောင် မချိန်းဘူးကွ၊ ကိုယ်ရေးကိုယ်တာကိစ္စ၊ ကိုယ်ရေးကိစ္စကွ၊ မင်းကို ဒွန်း မပြောဘူးလား'

သူက လေသံမာမာဖြင့်ပြောတော့ မေနှောင်းမျက်နှာလေး ငယ်သွားသည်။

'မပြောဘူး၊ ဆရာလာမှ ပြောလိမ့်မယ်ဆိုပြီး နှောင်းနဲ့ ရယ်စရာတွေ ပြောနေတာပါ ဆရာ'

မေနှောင်းက သူ့ကိုအယူခံဝင်သလို မျက်နှာငယ်လေးနှင့် ပြောလိုက်မှ သူ့မျက်နှာကြောကို နည်းနည်းလျှော့လိုက်သည်။

'ဟုတ်တယ်၊ ကျွန်တော်လည်း ဘာမှမပြောရသေးပါဘူး ဦးဖေ'

ဒွန်းက ဝင်ပြောသည်။ သူက သက်ပြင်းကို ထိမ်းချုပ်၍



www.burmeseclassic.com

www.burmeseclassic.com



'အေးပေါ့၊ ဒီလိုဆိုတော့လည်း ငါကပဲ လူမိုက်လုပ်ပြီး ပြောရတော့မှာပေါ့'

အားလုံးတိတ်ဆိတ်သွားသည်။ သူကတော့ နူးနယ်လှပသော မေနှောင်း၏မျက်နှာကို တစ်ချက်ကြည့်၍ စကားစလိုက်သည်။

'အခု ငါပြောမယ့်စကားကို သေချာစဉ်းစား ဆုံးဖြတ်ပါ မေနှောင်း။ နင့်ကိုငါ လက်ထပ်ဖို့ ကမ်းလှမ်းထားတာ အားလုံးအသိပဲ။ အခု ဒွန်းက နင်နဲ့လက်ထပ်ချင်လို့ဆိုပြီး ငါ့ကိုပြောတယ် အဲဒါ ဘယ်လိုဖြစ်ကြတာလဲ၊ ငါနားမလည်လို့ ငါ့ကိုရှင်းပြစမ်းပါဦး'

သူ့စကားကြောင့် မေနှောင်း၏မျက်နှာလေးက ရဲကနဲဖြစ်သွားသည်။

'ဦးဖေ ဒါမြေရှင်းချက်တွေ ဘာတွေမလိုဘူးလို့ ကျွန်တော်ထင်တယ်၊ အခုဟာက ကျွန်တော်နဲ့ ဦးဖေ ဘယ်သူ့ကို လက်ထပ်မှာလဲလို့ မေးလိုက်ရင် ရှင်းရှင်းလေးပဲ'





'မင်း ပါးစပ်ပိတ်ထားစမ်း၊ ငါ့မှာ ဒီလောက်တော့ မေးပိုင်ခွင့်ရှိတယ်ကွ'

သူ့စကားကြောင့် ဒွန်းငြိမ်သွားသည်။ မေနှောင်းက ခေါင်းငုံ့နေရာမှ သူ့ကို အသနားခံသလို မျက်ဝန်းမျိုးတွေနှင့် တစ်ချက်ကြည့်ပြီး

'ဒီလိုပါ ဆရာ၊ နှောင်းနဲ့ဒွန်းက လူငယ်တို့သဘာဝ မေတ္တာမျှနေကြပါတယ်၊ ခုလိုဖြစ်တာ ဆရာ့ကိုလည်း အားနာပါတယ်၊ ဒွန်းကိုလည်း သနားပါတယ်၊ တကယ်တော့ နှောင်းမကောင်းတာပါ ဆရာ၊ ဆရာက နှောင်းရဲ့ကျေးဇူးရှင်ပါ၊ ဆရာကြိုက်သလို ဆုံးဖြတ်ပါ၊ ဆရာ့သဘောပါပဲ တကယ်တော့ နှောင်းမကောင်းတာပါ'

မျက်နှာငယ်လေးနှင့် ပြောနေသော နှောင်းကို သူသနားသွားသည်။ သို့သော်

'ဟ မင်းစဉ်းစားကြည့်စမ်းပါဦး၊ ငါ့ဘက်ကိုရော ကြည့်ခတွက်တော့ဘူး မင်း ဒွန်းနဲ့ မေတ္တာမျှနေတယ်ဆိုရင် အစက



www.burmeseclassic.com

www.burmeseclassic.com



တည်းက ငါမင်းကို လက်ထပ်ဖို့ ကမ်းလှမ်းတာကို မင်းငြင်းပေ့၊ ဘာလို့ ခေါင်းညိတ်ခဲ့သေးလဲ'

'အဲဒီတုန်းက ဒွန်းနဲ့ နှောင်း မကြိုက်ကြသေးပါဘူး၊ အဲဒါကြောင့် ဆရာ့ကို အားနာလွန်းလို့ ဆရာ့ရဲ့ဆုံးဖြတ်ချက်အတိုင်း နာခံမယ်လို့ နှောင်းပြောနေတာပါ၊ နှောင်းကို ခွင့်လွှတ်ပါရှင်'

'ဟာင်း'

သူက သက်ပြင်းတစ်ချက်ချ၍ ငြိမ်သက်သွားရပြန်သည်။ ဒွန်းကတော့ ဘာမှ ဝင်မပြောချေ။

'အေး ပြီးတာပဲ၊ ငါ့ဆုံးဖြတ်ချက်က မင်းရဲ့ဆုံးဖြတ်ချက်ပဲပေါ့ ဟုတ်လား မနှောင်း'

'ဟုတ်ပါတယ် ဆရာ'

သူက ဒွန်းကို တစ်ချက်လှမ်းကြည့်၍

'ဒွန်းကြားတယ်နော်'

ဒွန်းက ခေါင်းတစ်ချက်ညိတ်ပြသည်။

'မင်းသဘောတူတယ် မဟုတ်လား'





'ဟုတ်ကဲ့'

'အေး ငါအခု အဲဒီကိစ္စကို မပြောသေးဘူး၊ စဉ်းစားဦးမယ်၊ ဒီတစ်ခေါက် ဘားအံမှာ ဗီဒီယိုသွားရိုက်တဲ့ကိစ္စ ပြီးပြတ်လို့ ပြန်လာမှပြောမယ် ဘာဖြစ်လို့လဲဆိုတော့ အဲဒီကားမှာ မင်းတို့နှစ်ယောက်လုံးရော၊ ငါရောပါတယ်၊ ငါအခုချိန်မှာ တစ်ခုခု ဘာပဲဖြစ်ဖြစ် ဆုံးဖြတ်လိုက်ရင် ဗီဒီယိုရိုက်တဲ့ကိစ္စ အဆင်မပြေဖြစ်မှာစိုးတယ်၊ အဲဒါကြောင့်ပဲ ...'

ဦးသက်ပိုင်က နာမည်ကြီး ဒါရိုက်တာပီသစွာ ပြောလိုက်သည်။ အဲဒီတော့လည်း သူတို့နှစ်ယောက်လုံး ခေါင်းညိတ်ရသည်။

'ကဲ ငါသွားမယ်'

'ဟုတ်ကဲ့'

'ဦးဖေ ကျွန်တော် ခဏနေခဲ့မယ်နော်၊ ဒီနေ့လည်း စားရိုက်မရှိဘူးဆိုတော့'

'မင်းသဘောပဲ'

ဦးသက်ပိုင်က နှစ်ယောက်လုံးကို ကျောခိုင်းလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



အချစ်ရေးတွင် ကံမကောင်းသောသူသည် ဒီတစ်ခေါက်လည်း ရှုံးနိမ့်ရပြန်ပြီဆိုတာ သူသိလိုက်ရ၏။

× × × × × × × × × × × ×

ဆိုးရွားလှသော ဖြစ်ရပ်တစ်ခုခုတော့ ဖြစ်ပေါ်တော့မည်။ ဒီလိုဖြစ်တော့မည်ဆိုတာကို မေနှောင်း မျက်စိနှစ်လုံး ဖွင့်လိုက်ကတည်းကကို ခံစားသိရှိရသည်။

တကယ်တော့ ဒီခံစားချက်မျိုးကို ဘားအံမြို့ကလေးထဲသို့ ခြေချမိသည့်နေ့ကတည်းက သူ့ရင်မှာ ခိုတွယ်နေခဲ့ခြင်း ဖြစ်သည်။

ဘားအံသို့ရောက်ခဲ့သည်မှာ တစ်ပတ်ခန့်ရှိပြီး ဒီရက်အတွင်း မေနှောင်းစိတ်တွေ လေးသထက်လေးလာသည်။ ဘားအံမြို့ နောက်ခံရှုခင်းတွေနှင့် ရုပ်ရှင်ရိုက်ကွင်းတွေက ပြီးတော့မည်။

မေနှောင်းက ဘာကိုမှန်းမသိဘဲ ထိတ်လန့်နေသော





ဆိုးဆိုးရွားရွား ဖြစ်ရပ်များ ခုအချိန်ထိဖြစ်ပေါ်မလာသေးချေ။ မည်သို့ပင်ဖြစ်ပါစေ၊ သူကတော့ စိုးရိမ်ကြောက်လန့်နေဆဲ။

ဘယ်လောက်အထိတောင်လည်းဆိုတော့ မထင်မှတ်သည့် အသံလေးတစ်သံ သို့မဟုတ် လှုပ်ရှားမှုလေးတစ်ခုကို ကြားရရုံမျှနှင့်ကို တဆတ်ဆတ်တုန်နေမိသည့်အဖြစ်။

အခုလည်း တည်းခိုရန် အပြတ်ငှားထားသော အိမ်ကြီး၏ အလုံပိတ်ထားသော ဧည့်ခန်းမတွင်ထိုင်ကာ ကြက်သီးထနေမိသည်။

'မေနှောင်း၊ အိပ်လို့မရဘူးလား'

အိပ်ခန်းထဲမှ အိပ်ချင်မူးတူးပုံစံနှင့်ထွက်လာသော ဒွန်းကို ကြည့်ရင်း ခေါင်းဆတ်ပြလိုက်သည်။ ဒွန်းက မေနှောင်းနံဘေးတွင် ဝင်ထိုင်လိုက်သည်။

'ဘယ်နှစ်နာရီ ထိုးပြီလဲဟင်'

'ခုနစ်နာရီလောက် ရှိဦးမယ်၊ ဒါပေမယ့် ဒွန်းတစ်နာရီလောက်အိပ်လို့ရသေးတယ်၊ အားရှိသွားအောင် ပြန်အိပ်လိုက်ပါလား၊ အချိန်တန်တော့ နှောင်းနှိုးမှာပေါ့'

www.burmeseclassic.com



ဒွန်းက ခေါင်းခါပြသည်။ နှစ်ယောက်သား ဘာစကားမှ ထပ်မပြောဖြစ်ကြပေ။

ဆောင်းဦးပေါက်ရောက်ပြီမို့ ဘားအံမြို့လေးသည် တောငွေ့တောင်စွယ်တို့ဖြင့် တည်ရှိပြီး နေလို့ထိုင်လို့ကောင်းကာ ချမ်းစိမ့်စိမ့်ကလေးကိုဖြစ်နေသည်။

ရောက်စကတည်းက တစ်ညသာ ခရီးပန်းလာ၍ နှစ်နှစ်ခြိုက်ခြိုက်အိပ်ပျော်ပြီး ကျန်တဲ့ရက်တွေ နှစ်ခြိုက်စွာအိပ်မပျော်ခဲ့သည်မှာ အတော်ကို စိတ်ပျက်ဖွယ်ရာကောင်းသည်။

ဒွန်းနှင့်အတူ ခရီးသွားရလျှင် ပျော်စရာကောင်းမှာဟု မနှောင်းတွေးခဲ့သော်လည်း ယခုဘာကြောင့် မပျော်ရွှင်ရပါသနည်း။

နောက်ဆုံးတော့ အရုဏ်ဦး၏မှိန်ပျပျအလင်းတန်းများက ပိတ်ထားသော တရုတ်ကပ်မှန်များကြားမှ အခန်းထဲသို့ တိုးဝင်လာသည်။ အခန်းထဲရှိ ပရိဘောဂများကို နေအရိပ်တွင် မြင်ရလာသည်။

'နှောင်း ဘာတွေ တွေးနေတာလဲ'





'ဒီလိုပါပဲ ဒွန်းရယ်၊ ဘာတွေမှန်းကိုမသိဘူး၊ ဒီမြို့ကိုရောက်ကတည်းက နှောင်းစိတ်တွေ လေးလံနေတယ်'

'နှောင်း စိတ်ထင်လို့နေမှာပါ'

ဒွန်းက မနှောင်းကို ဖြေဖြေဖျောက်ဖျောက် ပြောလေသည်။ မနှောင်းက အခန်းထဲကိုသာ ငေးကြည့်နေမိတော့သည်။

အခန်းနံရံ၏ တစ်ဖက်တွင် ကပ်မှီထားသည်မှာ ဖောင်းကြွ ကနုတ်ပန်းများ ထွင်းထားသည့် ရောမ မဟော်ဂနီ အဝတ်ဗီရိုကြီး။

၎င်းဗီရိုကြီး၏ထုထည်က တံခါးပေါက်နားတွင် ချထားသော စားပွဲလေးနှင့် ကုလားထိုင်နှစ်လုံးကို လွှမ်းမိုးနေသည်။

ဒီလိုမြင်ကွင်းတွေက မနှောင်းရဲ့ စိတ်နှလုံးကို ခြောက်ခြားစေသည်။ သည်လိုမြင်ကွင်းတွေကိုမြင်တော့ မိမိငယ်စဉ်အခါက နေထိုင်ခဲ့သော ညည်းသိုးသိုးအိမ်အိုကြီးကို ပိုးတိုးပါးတား သတိရစေသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုအိမ်ကြီးမှာ ရန်ကုန်မြို့၏ ဆင်ခြေဖုံးတစ်နေရာတွင် ရှိသည်။ ထိုအကြောင်းတွေကို တွေးမိတိုင်း မိမိဘဝ၏ မပြည့်စုံမှုများကို သတိရမိတော့သည်။

ဤမပြည့်စုံမှုများက ဦးသက်ပိုင်ကြောင့် ပျောက်ကွယ်ခဲ့ရပြီမဟုတ်ပါလား။

'ဆရာတော့ နှောင်းတို့ကို အတော်စိတ်ဆိုးမှာပဲနော်'

'ဒါတွေ တွေးမနေပါနဲ့တော့ နှောင်းရယ်'

ဒွန်းက သက်ပြင်းတစ်ချက်ရှိုက်၍ နှောင်း၏လက်ဖဝါးနုနုလေးကို ဆုပ်ကိုင်လိုက်သည်။ ဒွန်း၏လက်ဖဝါးတွေက ကြမ်းထော်နေသည်။ ယခုရိုက်နေသည့် ဇာတ်ဝင်ခန်းများကလည်း အကြမ်းပတမ်း စွန့်စားခန်းတွေ များလွန်းသဖြင့် သူ့လက်တွေ ကြမ်းနေခြင်းပင်ဖြစ်လိမ့်မည်။

မနှောင်းသည် ဒွန်းကိုကြည့်ရင်း မျက်ရည်ကြည်တွေ အိုင်ထွန်းလာရသည်။ သူ့ဆံပင်ကောက်ကွေးကွေးလေးတွေက ပွယောင်းပြီး လှိုင်းထကာ နဖူးပေါ်ဝဲကျနေလေသည်။





နေစားထားသဖြင့် ညိုမောင်းနေသော သူ့ပါးပြင်ချောချောမွတ်မွတ်က ရဲနေကာ သွေးရောင်လွှမ်းနေသည်။ သူ့ကိုကြည့်ရတာ အသက်နှစ်ဆယ်လေးနှစ်ထက်ပင် ပိုပြီး နုပျိုချောမောနေသည်။

တစ်ယောက်ကိုတစ်ယောက် ဆုပ်ကိုင်ရင်း ချစ်ရည်ရွှန်းလဲ့သော မျက်ဝန်းများဖြင့် ကြည့်မိကြသည်။

'ဘယ်တော့လဲဟင်'

ပထမဆုံး ဒွန်းကစတင်၍ မေးခွန်းထုတ်လိုက်သည်။

နှောင်းက ဒွန်းကို နားမလည်သလိုကြည့်လိုက်ရင်း

'ဘာကိုလဲ'

'နှောင်းနဲ့ဒွန်းဘယ်တော့ လက်ထပ်ယူကြမလဲလို့မေးတာ'

'ဒွန်း သေသေချာချာဆုံးဖြတ်ပြီးပြီလား ဒွန်း ရယ်၊ စဉ်းစားပါဦး၊ ဆရာကလည်း ရှိသေးတယ်'

'သိပ်သေချာတာပေါ့၊ ဒွန်းတို့ ဆွေးနွေးရမှာက ဘယ်တော့လက်ထပ်မှာလဲနဲ့ ဘယ်နေရာမှာလဲဆိုတာကိုပဲ'



www.burmeseclassic.com

www.burmeseclassic.com



ရုတ်တရက် နှောင်း တွေဝေသွားရပြန်သည်။

'နှောင်း ဖြေလေ'

'အင်း အခုချက်ချင်းကြီးတော့ မဖြစ်နိုင်ဘူး ထင်ပါတယ်ကွယ်'

မိမိအသံတွင် စိုးရိမ်သောကတွေ စွက်နေတာ မေနှောင်းသိသည်။

'နှောင်းက ဘာကိုများ ပူပန်နေရတာလဲဟင်'

'အားလုံးကိုပဲပေါ့'

'အခုချိန်ထိ ဒွန်းဘာမှမဖြစ်တာ နှောင်းရယ်၊ အဓိပ္ပါယ်မရှိတာတွေအတွက် စိတ်အပင်ပန်းမခံနေစမ်းပါနဲ့'

နှောင်းက ခေါင်းကို ခပ်ဖွဖွခါပြလိုက်သည်။

'ဘာပဲဖြစ်ဖြစ်ပေါ့၊ နောက်ထပ် တစ်ခန်းနှစ်ခန်း ရိုက်ပြီးရင် ပြီးပြီ၊ အဲဒါဆို ဒွန်းတို့နှစ်ယောက် ရန်ကုန်ပြန်ပြီး လက်ထပ်ကြမယ်လေ၊ ဦးဖေ ဘာပဲပြောပြော သူဘာပဲ ဆုံးဖြတ် ဆုံးဖြတ် ဒွန်းလုံးဝဂရုမစိုက်ဘူး'

'ဒွန်းရယ်'





အားတက်သရော ပြောနေသော ဒွန်းကိုသာ မေနှောင်းငေးကြည့်နေမိတော့သည်။ ဘာမှတော့ မပြောမိချေ။ ထိုစဉ်

'ဟေး မြန်မြန်ထက်ထက်လုပ်ကြလေ၊ ငါတို့ ဒီတစ်ခန်း ရိုက်ဖို့ကို တစ်နေ့လုံး အချိန်ကုန်မခံနိုင်ဘူးကွ'

အသံကြားရာဆီသို့ မေနှောင်းကသွားကြည့်လိုက်တော့ ဗီဒီယိုကင်မရာနားတွင် ရပ်နေသော ဦးသက်ပိုင်ကို တွေ့ရသည်။ ဒွန်းနှင့်နှောင်းတို့၏ဆရာ၊ ဒွန်း၏မွေးစားဖေဖေဖြစ်သည်။

ရှပ်အင်္ကျီအဖြူရောင်ကို လက်မောင်းပေါ် ပင့်တင်ထားပြီး ဂျင်းဘောင်းဘီကို ဝတ်ဆင်ထားသည်။ ပုံစံက လူငယ်လေးတစ်ယောက်လိုပင်။ ဖိနပ်ကလည်း ခပ်စုတ်စုတ် ကတ္တီပါတစ်ရံကိုသာ စီးထားသည်။

ဒါရိုက်တာ တစ်ယောက်နှင့်ပင်မတူဘဲ အလုပ်ကြမ်းသမားနှင့်တူနေသည်။ သူက အလုပ်ဆိုလျှင်တော့ အင်တိုက်အားတိုက် လုပ်တတ်သူလည်းဖြစ်သည်။

ထိုစဉ်မှာပင် ဦးသက်ပိုင်က မေနှောင်းရပ်နေရာ ပြတင်း



www.burmeseclassic.com

www.burmeseclassic.com



ပေါက်သို့ တစ်ချက်မော့ကြည့်လိုက်သည်။ ခဏမျှ အကြည့်ချင်းဆုံပြီးနောက်

'မင်းသမီးကရော ဘာရပ်လုပ်နေတာလဲ၊ နောက်ရိုက်မယ့်တစ်ကဒ်အတွက် မိတ်ကပ်လိမ်း၊ အဝတ်အစားလဲပြီး အသင့်ပြင်ထားလေ'

'ဟုတ်ကဲ့ပါဆရာ'

မနှောင်းတို့ နောက်ထပ်မကြည့်တော့ဘဲ လုပ်စရာရှိသည်များကို အဆက်မပြတ် ဆက်လုပ်နေလေတော့သည်။

ဒွန်းကအဝတ်လဲနေရာမှ ပြန်ထွက်လာတော့ နှောင်းကပြတင်းပေါက်နားတွင် ရပ်နေဆဲဖြစ်သည်။ ဒွန်းရောက်လာတာကို မနှောင်း မသိလိုက်ချေ။

ဒွန်းက နှောင်းမသိအောင် အသာလေး ရပ်ကြည့်နေမိသည်။ သူ့ရဲ့နှောင်းဟာ သူနှင့်သက်တူရွယ်တူပေမယ့် အင်မတန်မှကို နုဖပ်ကာလှပနေသည်။ မျက်နှာသွယ်သွယ်၊ ဖြူဥနေသောအသားအရည်၊ အရောင်ရွှန်းလဲ့နေသော မျက်လုံးရွဲကြီးတွေ





နှီညိုရောင်ဆံကေသာက ပန်းမထိတထိလေးနှင့် ပြောင့်စင်း လှပနေသည်။

သို့သော် နှောင်းကို သူချစ်တာ အပေါ်ယံအလှအပကြောင့်သာမဟုတ်။ သည့်ထက်ကို ပိုလေးနက်သည်။ နှောင်းကသွက်သွက်လေးဖြစ်သည်။ တစ်ခါတစ်ရံ လျှို့ဝှက်တတ်သည်။ ပြီးတော့ ကြံ့ခိုင်နှင့်မာနလည်းရှိသည်။ ပြီးတော့ ဆွဲဆောင်မှုလည်းရှိသည်။ သူ နှောင်းကိုကြည့်နေရင်းမှ အနောက်ကနေခပ်ဖွဖွ သိုင်းဖက်လိုက်သည်။

'ဟင်'

'လန့်သွားလား နှောင်းရဲ့'

'ဒွန်း ဘိပ်မကဲနဲ့နော်၊ ဟိုမှာ ဆရာရှိတယ်၊ ဒါနဲ့ နေပါဦး ဒွန်းကို နှောင်းမေးစရာရှိသေးတယ်'

သူက မေးဆိုသည့်သဘောနှင့် မေးဆတ်ပြလိုက်သည်။

'ဟို မော်ဒယ်လ်ဂဲလေးတွေကို ဒွန်းသဘောကျတယ်လို့ နှောင်းကို တစ်ခါပြောဖူးတယ်နော်'

www.burmeseclassic.com



'အင်းလေ၊ အဲဒါဘာဖြစ်လဲ သဘောကျတာ ချစ်တာမှ မဟုတ်တာ'

'နှောင်းတော့ သိပ်ကြောက်တာပဲ'

'ဘာကိုလဲ'

'အားလုံးကိုပေါ့၊ ဒွန်းနဲ့ ခွဲရမှာကိုရော'

'ဟာ ပေါက်ကရတွေ လျှောက်တွေးမနေနဲ့၊ အားလုံး အဆင်ပြေသွားမှာ'

သူက နှောင်းကို ချစ်မြတ်နိုးစွာ နှာခေါင်းလေးကို လိမ်ဆွဲလိုက်သည်။ သူက နှောင်းကိုတစ်ချက်ကြည့်၍

'နှောင်း၊ ဒီအပေါ်မှာပဲ နေခဲ့နော်၊ နှောင်းအခန်းမပါဘူး မဟုတ်လား၊ နောက်ထပ် နှစ်နှသရီလောက်ပဲစောင့်၊ အားလုံးပြီး သွားမှာပါ၊ အဲဒီအခါကျရင် ဒွန်းတို့ ဘားအံဈေးကြီးကို သွားမယ် လေ၊ နှောင်းပဲ ဂါရင်ဝတ်စုံလိုချင်တယ်ဆို'

နှောင်းက ခေါင်းတစ်ချက်ညိတ်ပြလိုက်သည်။

'ဒါပေမယ့် နှောင်းက ဒွန်းအနားမှာပဲ ရှိနေချင်တာ သိရဲ့လား'





'အင်း အဲဒါတော့ အဲဒါပေါ့၊ ဒါပေမယ့် နှောင်းနဲ့ဦးဖေ နဲ့ကို အတူတူတွဲမြင်နေရရင် ဒွန်းအလုပ်ဖြောင့်ဖြောင့် လုပ်နိုင် မှာမဟုတ်ဘူး'

'ဖြစ်ရမယ်'

အူတိုတတ်သော ဒွန်းကို နှောင်းက မျက်စောင်းတစ် ချက် ထိုးလိုက်သည်။ စကားဆုံးတော့ နှစ်ယောက်သား ရယ် မောမိကြသည်။ ပြီးတော့ ခဏမျှ တိတ်ဆိတ်သွားသည်။

ဒွန်းက ရိုက်ကွင်းသို့သွားရန် အသင့်ဖြစ်နေ၍ ထိုင် ရာမှထလိုက်သည်။ နှောင်းက သူလက်ကိုလှမ်းဆွဲပြီး ကုတ် အင်္ကျီထဲမှ တစ်စုံတစ်ရာကို ထုတ်ယူလိုက်သည်၊

'ဒွန်း'

ဒွန်းက နှောင်းကိုလှမ်းကြည့်လိုက်သည်။ နှောင်း၏ လက်ထဲတွင် ဆွဲကြိုးငယ်လေးတစ်ခု၊ ကြိုးလေးက အနီ ရောင်ဖြစ်ပြီး လော့ကတ်ကလေးက တစ်ဆက်တည်းပါသည်။ တျောက်စိမ်းအသည်းပုံလေးဖြစ်သည်၊



www.burmeseclassic.com

www.burmeseclassic.com

၁



'ဒွန်း ဒါလေး ဆွဲထားစေချင်တယ်'

ဒွန်းက နှောင်းကို ခပ်ငေးငေးလေးတစ်ချက် ကြည့်ပြီး ရုတ်တရက် နှောင်းရှေ့တွင် ဒူးထောက်လိုက်သည်။ နှောင်းက သူ့ရဲ့လည်တိုင်တွင် ဆွဲကြိုးလေးဆွဲပေးလိုက်သည်။

'နှောင်းကို အရမ်းချစ်တယ်'

'အဲဒါကြောင့် နှောင်းလဲချစ်ရတာပေါ့'

ဒွန်းက မတ်တပ်ရပ်၍ တံခါးဝဆီသို့သွားပြီး သမင်လည်ပြန်တစ်ချက်ကြည့်လိုက်သည်။ နှောင်းက အားပေးအပြုံးလေးပြုံးပြလိုက်သည်။

မကြာခင်ဖြစ်တော့မည့် ကံကြမ္မာကိုတော့ ဒွန်းရော နှောင်းပါ မသိကြရှာပေ။

× × × × × × × ×

သူတို့ ရုပ်ရှင်အဖွဲ့ငှားထားသော အိမ်ကြီး၏ မှိန်ပျပျ ညှို့ခန်းထဲမှ အပြင်သို့ လှမ်းထွက်လိုက်သည်နှင့် မျက်စိရှေ့





ကျိန်း စပ်သွားသည်။ တောင်တွေကြားထဲတွင်ရှိသော မြို့လေး၏ နံနက်ခင်းအလင်းရောင်ကလည်း စူးရှလွန်းပါသည်။

တောင်ပေါ်ဒေသဖြစ်နေသဖြင့် ဆောင်းတွင်းကြီး တောင် နေရောင်ခြည်များက ပိုပြီး ပူနွေးသည်။ အခုဆို နံနက်ခင်း ကိုးနာရီပဲရှိသေးသည်။

ဒွန်းက ညကတည်းက ကိုယ်ရိုက်ရမည့် ရိုက်ကွက်ကို ကြိုတင်မေးထားသဖြင့် သိနေသည်။ ထို့ကြောင့် မြင်းဇောင်းဆီသို့ လျှောက်သွားလိုက်သည်။

'ကဲ ကြိုက်တဲ့ကောင်သာရွေး၊ အားလုံးကတော့ ထူးမခြားနားပါပဲ'

မြင်းထိန်းက မြင်းတွေကို တစ်ချက်ကြည့်ပြီး ပြောလိုက်သည်။ ဒွန်းက မြင်းတွေကို တစ်ချက်ကြည့်လိုက်သည်။ ထို့နောက် အားလုံးထဲမှ အတောင့်ဆုံး နီညိုရောင်မြင်းကြီးကို ညွှန်ပြကာ

'ဒီကောင်ကြီးပဲ စီးမယ်'



www.burmeseclassic.com

www.burmeseclassic.com



မြင်းထိန်းက မြင်းကြီးပေါ်သို့ ကုန်းနှီးပစ်တင်လိုက်သည်။

'သတိထားနော်၊ ဒီကောင်ကြီးက မလွယ်ဘူး'

သူက ဘာမှပြန်မပြောဘဲ မြင်းကြီးကိုဆွဲပြီး လမ်းမပေါ် အစွန်းထွက် စီးမိုးနေသည့် အငူစွန်းရှိရာ တောင်ကုန်းပေါ်သို့ တက်ခဲ့သည်။ တောင်ကုန်းမှာ အတော်လေးမြင့်၍ အားစိုက်တက်ခဲ့ရသဖြင့် အသက်အောင့်ထားသလို အသက်ရှူမဝ ဖြစ်လာသည်။

ဘုရား ဘုရား ။ ဒီလောက်မြင့်လိမ့်မယ်ဟု သူအစက မထင်ခဲ့ပါ။

'အပေါ်မှာဖြစ်ရဲ့လား'

သူအား နည်းနည်းနိမ့်သော တောင်ကုန်းပေါ်မှ မော့ကြည့်ပြီး အော်နေသော ဦးသက်ပိုင်ကိုမြင်နေရသည်။ သူရှစ်နှစ်သားကတည်းက အဖေလိုတစ်မျိုး၊ အမေလိုတစ်မျိုး စောင့်ရှောက်ခဲ့သောသူလည်း ဖြစ်သည်။





သူ့ကိုကြည့်ရတာ အလုပ်ပင်ပန်းလွန်းပြီး ခြေကုန်လက်ပန်းကျနေသလိုဖြစ်သည်။ သူ့တကယ်ရှိသည့် အသက်လေးဆယ်ထက်ပင် ပိုပြီး ရင့်ရော်နေသလားဟုပင် ထင်မိသည်။

'အဆင်သင့်ဖြစ်ရင် ပြောပါ'

'နောက်ခံကောင်းကင် အရောင်နည်းနည်းပြောင်းအောင် စောင့်နေတာ၊ မင်းခုန်နိုင်တာ သေချာပါတယ်နော်'

ဦးသက်ပိုင်က စကားပြောအော်လံကို နှုတ်ခမ်းဝတွင် တေ့ပြီးအော်သည်။

'ရပါတယ်'

သူ ခေါင်းညိတ်ပြသည်။ သူ၏ပြင်ပအသွင်အပြင်က ရင်ထဲတွင် ဖြစ်ပေါ်နေသော စိုးထိတ်လှုပ်ရှားမှုများကို တစ်စက်မှ ဖော်ပြခြင်းမပြု။ သူကမျက်လုံးကိုမှေးစင်း၍ မြင်းနှင့်ခုန်ရမည့် အကွာအဝေးကို မှန်းဆကြည့်မိသည်။

မိမိရှိနေသည်က တောင်ကုန်းအငူအစွန်းလေးမှာ ဖြစ်သည်။ အောက်တွင် ခန့်မှန်း၍မရသော ချောက်နှင့်ချိုင့်ဝှမ်းယပိတ်



www.burmeseclassic.com

www.burmeseclassic.com



ပေါင်းတွေ ထူထပ်နေသည်။ တစ်ဖက်မှာက တောင်ခါးပြတ်တစ်ခု နှင့် လွင်ပြင်။

ပေအစိတ်နှစ်ဆယ်လောက်တော့ ကွာဝေးပေလိမ့်မည်။ အရှိန်နှင့် စီးလာသောမြင်းဖြင့် ခုန်လျှင်တော့ကိစ္စမရှိ။ သူမှာက အရှိန်ယူရလောက်အောင် နေရာမရှိချေ။ ယခု မြင်းခြေလေးချောင်းစုံရပ်နေသည့် မြင်းဖြင့် ခုန်ကျော်ရမည့်အနေအထားဖြစ်သည်။

'ငါ မင်းကို အချက်ပေးတဲ့အထိ စောင့်နေ၊ နောက်ပြီးကြည့်လို့ကောင်းအောင်လည်း ခုန်ဦး'

'ဟုတ်ကဲ့'

ဒွန်းက ခေါင်းညိတ်၍ ဖော်လိုက်သည်။ သူက တုန်လှုပ်နေမှုကို ကြိုးစား၍ ဟန်ဆောင်ပြီး မြင်းပေါ်သို့တက်လိုက်သည်။ သူရှိရာသို့ မော့ကြည့်နေသော မျက်နှာများကိုမြင်ရသည်။

ရုပ်ရှင်အဖွဲ့သားများသည် ရုပ်ရှင်စရိုက်ကတည်းကဒွန်းနှင့် သူ၏မွေးစားအဖေ ဦးသက်ပိုင်တို့ကြားရှိ တင်းမာမှုများကို ရိပ်မိသိရှိကြသည်။





ဘာကြောင့် ဒီလိုတင်းမာနေရသလဲဆိုတာ အားလုံးသိကြသည်။ ဘာဖြစ်လို့လဲဆိုတော့ သတင်းစာတွေ၊ ဂျာနယ်တွေကို ဖုံးဖိထားလို့မှမရတာ။

ထိုသတင်းများတွင် မေနှောင်းနှင့်ဦးသက်ပိုင်တို့၏ မင်္ဂလာသတင်းကို တီးတိုးပြောဆိုကြပြီး ဖိတ်စာရိုက်သည့်အဆင့်သို့ပင်ရောက်ခဲ့ကြသည်။ သို့သော် နောက်ပိုင်းတွင်မူ မေနှောင်းနှင့် သူတွဲနေခဲ့ခြင်း ဖြစ်သည်။

တစ်ချို့ကဆိုလျှင် ဦးသက်ပိုင်သည် ဒွန်းကို လက်စားချေနိုင်ရန်အတွက် အန္တရာယ်များသော စွန့်စားခန်းများတွင် သရုပ်ဆောင်ခိုင်းဖို့ငှားခြင်းဖြစ်ကြောင်း ဝေဖန်ကြသည်။

သို့သော် အမှန်မှာမူ ဒီကားရိုက်မည်ဆိုကတည်းက

'ဒီကားက နာမည်ကြီးမယ့်ကား၊ စွန့်စားခန်းတွေ အများကြီးပါမှာ၊ ကျွန်တော့်ကိုသုံးပါ ဦးဖေ'

ဟု သူကိုယ်တိုင်ပြောခဲ့ခြင်း ဖြစ်သည်။

သို့သော် အဲဒီတုန်းက ဦးသက်ပိုင်က



www.burmeseclassic.com

www.burmeseclassic.com



'ငါ မင်းကို မသုံးချင်ဘူး ဒွန်း၊ အပြင်မှာသတင်းတွေက အမျိုးမျိုး ထွက်နေတာ၊ ပြီးတော့ အန္တရာယ်လည်းများတယ်၊ ငါ့ သားအတွက် တခြားကားစီစဉ်ပေးပါကွာ'

ဟု ပြောင်းဆိုခဲ့သည်။ ဦးသက်ပိုင်နှင့် ဒွန်းအကြား မည်သူမျှ နားလည်နိုင်စွမ်းမရှိသော သားအဖမေတ္တာတရားရှိလေသည်။ တစ်ဦးအပေါ် တစ်ဦး တန်ဖိုးထားလေးစားမှုမှာ ဒွန်းကို မွေးစားထားသော ရှစ်နှစ်သားအရွယ်ကတည်းက စတင်နှောင်ဖွဲ့ခဲ့ခြင်း ဖြစ်သည်။

ဦးသက်ပိုင်က သူ့ကိုသားအရင်းတစ်ယောက်လို ပြုစု စောင့်ရှောက်ခဲ့ခြင်းဖြစ်သည်။ သူ့ကိုချစ်လည်း ချစ်သည်။

ဦးသက်ပိုင်က ဒါရိုက်တာ၊ သူ့ကိုမင်းသားဖြစ်အောင် ပြုစုပျိုးထောင်ပေးနိုင်ခဲ့သည်။ သူကလည်း ဦးသက်ပိုင်၏စကား ကို နားထောင်ခဲ့ခြင်းဖြင့် သူသည်နာမည်ကြီးမင်းသားတစ်လက် ဖြစ်နေခဲ့ချေပြီ။

သည်အဖြစ်ကို ဦးသက်ပိုင်ကလည်း ဂုဏ်ယူဝင့်ကြွား





စွာ ရှိနေချေသည်။ ရိုက်ကွင်းမှာဆိုလျှင် တစ်ယောက်နှင့်တစ်ယောက် လေးလေးစားစားဆက်ဆံရုံအပြင် မျက်နှာသာပေးခြင်း၊ ဘက်လိုက်ခြင်းမျိုး မရှိခဲ့ပေ။

သူတို့နှစ်ဦးတည်း ရှိနေချိန်တွင် ဒွန်း၏အရည်အသွေးကောင်းမွန်တိုးတက်ရေးအတွက် အမြဲတမ်း ဆွေးနွေးလေ့ရှိသည်။ ဒွန်းကလည်း ဦးသက်ပိုင်၏စကားကို နားထောင်ရင်းဖြင့်ဤအခြေအနေသို့ ရောက်ခဲ့သည်။

ပထမတော့ မေနှောင်း၏ကိစ္စဖြင့် စကားများခဲ့ကြပြီး ခပ်တန်းတန်းဖြစ်ခဲ့ကြသည်။ သို့သော်လည်း ဦးသက်ပိုင်က အလုပ်ကိစ္စနှင့် ကိုယ်ရေးကိုယ်တာကို ခွဲခြားတတ်သောကြောင့် ယခုလို အလုပ်ဆက်လုပ်ကြခြင်း ဖြစ်သည်။

ဦးသက်ပိုင်သည် သူ၏ရုပ်ရှင်သရုပ်ဆောင်များနှင့် ပတ်သက်လာလျှင်တော့ အားလုံးကို စိတ်လိုက်မာန်ပါ ဆက်ဆံတတ်သည်။ သူလိုအပ်သော ရိုက်ကွက်ကို မရမချင်းရိုက်လေ့ရှိသည်။

ယခုလည်း သူ၏စွန့်စားခန်းကို ဇာတ်ရှိန်မြှင့်တင်ပေး



www.burmeseclassic.com

www.burmeseclassic.com



မည့်ရိုက်ကွက်တို မင်းသမီးအား မရမချင်းရိုက်ခိုင်းသည်။ အဆင်ပြေသွားမှ မင်းသမီးကို အားပါးတရ ချီးကျူးသည်။

ပြီးနောက် ဦးသက်ပိုင်သည် နာရီကိုတစ်ချက်ကြည့်၊ ကောင်းကင်ကိုတစ်ချက်ကြည့်လိုက်သည်။ ကောင်းကင်က တဖြည်းဖြည်းနှင့် သူလိုချင်သော အရောင်သို့ ရချေပြီ။

'ဟုတ်ပြီ၊ အားလုံးအသင့်ပြင်ထားပါ'

'အသင့်ပါပဲ ဆရာ'

ရုပ်ရှင်အဖွဲ့သားအားလုံးက အသင့်အနေအထား ဖြစ်သွားသည်။ သူတို့အားလုံး စိုးရိမ်စိတ်စောနေကြောင်း သိသာသည်။

ယခု ရိုက်ကွင်းက အရေးကြီးသည်၊ ဖွန်းအတွက်လည်း အန္တရာယ်ကြီးသည်၊ ဒါကိုအားလုံး သိနေကြသည်၊ ဒီရိုက်ကွက်ကို အမှားမခံနိုင်၊ နောက်တစ်ကြိမ်ထပ်ရိုက်ဖို့ကလည်း မလွယ်။

အားလုံးက အဆင်သင့်ဖြစ်နေချိန်မှာပင်

'ဆရာ'





ဦးသက်ပိုင်လှည့်ကြည့်လိုက်တော့ မေနှောင်းကို တွေ့ရသည်။ သူမက သူ့ရဲ့နောက်နားတွင် ရပ်နေသည်၊ ဖွန်းအတွက် အကြီးအကျယ် စိတ်သောကရောက်နေပုံရသည့် မေနှောင်းကို ကြည့်ပြီး သူ့ရင်ထဲတွင် ကျဉ်ခနဲခံစားလိုက်ရသည်။ သူက သနားစိတ်ကို မောင်းထုတ်ကာ

'ဘာကိစ္စလဲ'

သူ့အသံက ပြတ်ပြတ်တောင်းတောင်း။

'ဟို ဒီအခန်းကို ဖွန်းရိုက်မှပဲ ဖြစ်မှာလား ဆရာ'

'ဘာဖြစ်လို့လဲ'

'ဆရာ့ကို နှောင်း နှောင့်ယှက်တာမဟုတ်ပါဘူး၊ ဒါပေမယ့် '

'ဒီအခန်းကို ငါအတင်းရိုက်ခိုင်းတာမဟုတ်ဘူး၊ သူ့ဘာသာသူ ရိုက်ချင်တာကွ'

သူ့စကားကြောင့် မေနှောင်းတွေဝေသွားသည်။

'ဒါပေမယ့် နှောင်းစိုးရိမ်တယ်ဆရာ'



www.burmeseclassic.com

www.burmeseclassic.com



'ငါက သူ့ကိုမစိုးရိမ်ရွေးလို့ မင်းထင်တယ်ပေါ့'

'နှောင်းတို့သုံးယောက်ကြားမှာ ဖြစ်ခဲ့တဲ့ပြဿနာတွေကြောင့် နှောင်း စိတ်မအေးနိုင်ပါဘူး'

ဦးသက်ပိုင်က စကားတစ်ခွန်းမှ ထပ်မပြောတော့ဘဲ မနှောင်းကို အကြာကြီးစိုက်ကြည့်နေသည်။ ပြီးနောက် ချာခနဲလှည့်ထွက်သွားပြီး ကင်မရာထောင်ထားရာဆီသို့ ခြေလှမ်းကျဲကြီးများဖြင့် လျှောက်သွားသည်။

ဒွန်းကတော့ နှောင်းနှင့်ဦးသက်ပိုင်ကို သေချာတစ်ချက်ဝှေ့ဝိုးကြည့်ပြီး သက်ပြင်းချလိုက်သည်။

'အဆင်သင့်လား ဟေ့'

ဦးသက်ပိုင်က စကားပြောဖော်လံနှင့် လှမ်းမေးသည်။

'ကျွန်တော်ကတော့ အားလုံးအဆင်သင့်ပဲ'

'သေချာအချိန်ယူပြီး ပြင်ဆင်ဦးလေ၊ ဒီက ကင်မရာ ရိုက်နေမယ်၊ မင်းခုန်နိုင်လောက်ပြီဆိုရင် ခုန်တော့ ဟုတ်ပြီလား'

ဒွန်းက နားလည်ကြောင်း အချက်ပြသည့်အနေဖြင့်





လက်တစ်ဖက်မြှောက်ပြလိုက်သည်။ နှောင်းရပ်နေရာသို့ တစ်ချက် ဖွေကြည့်လိုက်သည်။

နှောင်းကိုကြည့်ရတာ ဖြူဖပ်ဖြူရော်ဖြစ်နေသည်။ ဦးသက်ပိုင်နှင့် နှောင်း ဘာတွေများ ပြောနေကြပါလိမ့်ဟု ဒွန်း တွေးကြည့်ပြီး မျက်နှာညိုသွားသည်။

ဒွန်းက နှောင်းကို လက်တစ်ဖက်မြှောက်ပြလိုက်သည်။ နှောင်းကလည်း ပူပန်နေသော မျက်နှာနှင့် သူ့ကိုကြိုးစား၍ ပြုံးပြရှာသည်။

နှစ်ယောက်သားအကြည့်ဖြင့် စကားပြောကြပြီးနောက် ဒွန်းက တစ်ဖက်သို့ပြန်လှည့်လိုက်သည်။ သူမြင်းဇက်ကြိုးကို ဆွဲလိုက်တော့ မြင်းကြီး၏ခန္ဓာကိုယ်က တောင့်တင်းသွားသလို ခံစားရသည်။

သူ အောက်ကိုတစ်ချက်ငုံ့၍ ထပ်ကြည့်လိုက်တော့ သူတို့ရှိရာတစ်ခိုက်နှင့် ကြည့်နေကြသော ပရိသတ်ကြီးကို မြင်နေရသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုစဉ်မှာပင် တစ်ဖက်ကုန်းလေးဆီမှ ခွေးဟောင်သံ ရုတ်တရက်ထွက်ပေါ်လာသည်။ ထိုအခါ သူ့မြင်းကြီးက လန့်သွားပြီး ပတ်ပတ်ရပ်လိုက်သည်။

မြင်း၏ရှေ့လက်နှစ်ချောင်းက လေထုကို ကုတ်ခြစ်နေသည်။ ပြီးနောက် မြေပြင်ပေါ်သို့ အရှိန်ပြင်းစွာ ပြန်ကျသည်။ ကျသည့်အရှိန်မှာ ပြင်းလွန်းသဖြင့် မြင်းပေါ်မှ ဒွန်းသည် လိမ့်ကျမတတ်ဖြစ်သွားသည်။

သူက ကုန်းနှီးပေါ်မှ ပြုတ်မကျအောင် ကြိုးစားရင်း မြင်းကြီးကို ထိန်းနိုင်အောင် အားထုတ်သည်။ သို့သော် မြင်းကြီးသည် တောင်အင့စွန်းလေးဆီသို့ မောင်းလာကတည်းက ခပ်ဆတ်ဆတ်ဖြစ်နေသည်။ ဂနာမငြိမ်ဖြစ်နေသည်။ ထို့နောက် ရုတ်တရက်ကြီးဆိုသလို မြင်းကိုခုန်ရန် အချက်မပြဘဲ မြင်းက သူ့ဘာသာသူ အရှိန်ပြင်းစွာဖြင့် တောင်အင့စွန်းလေးပေါ်မှ တောင်ကြားလမ်းတစ်ဖက်ရှိ တောင်ကမ်းပါးဆီသို့ လှမ်းခုန် ခုန်ကူးလိုက်သည်။





စတင်ခုန်ကူးကတည်းက ပုံစံမကျ။ မြင်းကြီးသည် ဤကဲ့သို့ အခုန်အပျံမျိုးကို လေ့ကျင့်ထားသော မြင်းမဟုတ်။ ကောက်ကာငင်ကာဖြစ်သွားသဖြင့် ဒွန်းလည်း ဘယ်လိုမှ မထိန်းနိုင်ချေ။

စတင်ကတည်းက အဖြစ်ဆိုးနှင့်ကြုံတော့မည်ဆိုတာကို သိနေသည်။ သို့သော် ဘယ်လိုမှ တားဆီး၍မရချေ။ ဟိုဘက်မှာရှိနေသော ကျောက်တောင်ကမ်းပါးကြီးနှင့် ဝင်မဆောင့်မီ တစ်စက္ကန့်၏အစိတ်အပိုင်းကလေးအတွင်း အောက်ခြေမှ မြင်ကွင်းက အစိတ်အပိုင်းများကို ဟိုတစ်စ ဒီတစ်စ ဖြိုးခနဲ ဖျတ်ခနဲမြင်လိုက်ရသည်။

နောက်ဆုံး တောင်ခါးပန်းနှင့် တိုက်မိချိန်တွင် ကြားလိုက်ရတာက

'ဒွန်း'

နှောင်း၏အော်သံ။ ပြီးနောက် သူ့ခန္ဓာကိုယ် တစ်စုံတစ်ရာနှင့်ထိမိခြင်း၊ နာကျင်မှုကို မခံစားရ။ အထီးကျန်ဆန်စွာ



www.burmeseclassic.com

www.burmeseclassic.com



လွင့်မျောခြင်း၊ မျှော်လင့်ချက်ကင်းဝေးသွားခြင်းကို အချိန်ကြာ မြင့်စွာ ခံစားရသည်။

နှောင်း၏ ပုံရိပ်များ။

ထို့နောက် အသိတရားသည် ဖြည်းဖြည်းချင်း မှေးမှိန်မှုန်ဝါးသွားလေတော့သည်။

× × × × × × × × ×

သူတို့အားလုံးမှာ ပျာယာခတ်ပြီး ဖွန်းကိုရှာကြသည်။ ချောက်ကမ်းပါးထဲသို့ ရုပ်ရှင်အဖွဲ့မှ ယောကျာ်းလေးများ ဆင်းပြီး ရှာကြသည်။ သို့သော် မတွေ့ချေ။ အရိပ်အခြည်လေးတောင် မတွေ့သဖြင့် အားလုံး အံ့ဩတကြီးဖြစ်ကြရသည်။

ဒီထဲတွင် မေနှောင်းက အဆိုးဆုံးဖြစ်သည်။ သူမ၏ မျက်နှာက အကြီးအကျယ်ပျက်နေသည်။ အားလုံးက ပိုက်စိပ်တိုက်ရှာပြီး မတွေ့သည့်အဆုံးမှာတော့ မေနှောင်းသည် ချုံးပွဲချ၍ ငိုလေတော့သည်။





'အဲဒါ ဆရာ့ကြောင့်၊ ဆရာသာ ဖွန်းကို ဒီဇာတ်ကွက်ကို ရိုက်ခိုင်းလို့၊ ဆရာသာမခိုင်းရင် ဒီလိုဖြစ်မှာမဟုတ်ဘူး'

'မင်းပါးစပ်ပိတ်ထားစမ်း နှောင်း'

သူ ဘယ်လိုမှ ရှာလို့မတွေ့ရသည့်ကြားထဲမှ မေနှောင်းက သူ့ကိုပွစိပွစိလုပ်နေတော့ သူဒေါသဖြစ်သွားပြီး ပိတ်အော်လိုက်မိသည်။ နှောင်းကတော့ တရှုံ့ရှုံ့ငိုနေဆဲဖြစ်သည်။

'ကဲ ကဲ အားလုံး လူခွဲမယ်၊ နောက်နေ့မှ သက်ဆိုင်ရာကို အကြောင်းကြားပြီး ဆက်ရှာကြတာပေါ့၊ ဒီနေရာက မြို့နဲ့ နည်းနည်းလှမ်းတော့ ရှာရတာ အခက်အခဲရှိတယ်၊ အားလုံး တိုယ့်နေရာကိုယ် ပြန်နားကြပါ'

အားလုံးကို ဦးသက်ပိုင်က တည်ငြိမ်စွာပင် လူစုခွဲလိုက်သည်။ အားလုံးက သူ့ဟာနဲ့သူနေရာအသီးသီးသို့ ပြန်ကြသည်။ နှောင်းလည်း တည်းခိုရာတွင် သူမအတွက်ပေးထားသည့်အခန်းသို့ပြန်ရန် လှေကားထစ်တွေကို တက်လိုက်တော့ သူမနောက်မှ အသံထွက်ပေါ်လာခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



'နှောင်း ခဏနေခဲ့ပါဦး၊ ကျုပ်တို့ စကားပြောရအောင်'

'နှောင်းနဲ့ဆရာ ဘာမှပြောစရာမရှိဘူးလို့ ထင်တယ်'

မနှောင်း၏အသံက မာကျောကျောထွက်ပေါ်လာသည်၊ ဦးသက်ပိုင်က နှောင်းကိုနားမလည်နိုင်စွာ ကြည့်ရင်း

'ဒီလိုငိုနေလို့ ဒွန်းကိုပြန်တွေ့မှာလား၊ ဖြစ်နိုင်ချေတွေကို နှောင်းနဲ့ဆရာ ဆွေးနွေးတာမကောင်းဘူးလား'

ဦးသက်ပိုင်၏ ထပ်မံပြောလိုက်သောစကားကြောင့် နှောင်းတွေဝေသွားပြီးနောက် နှစ်ထစ်ခန့်တက်ပြီးသော လှေကားထစ်တွေမှ ပြန်ဆင်းခဲ့သည်။ ပြီးနောက် ဦးသက်ပိုင် ရှေ့တွင် ဝင်ထိုင်လိုက်သည်။

မနှောင်းနှင့် ဦးသက်ပိုင်သည် အချိန်အတော်ကြာ ဆွေးနွေးပြီးနောက် အဖြေကထွက်ပေါ်မလာသေးချေ။ ထို့ကြောင့် နှစ်ယောက်သား အိပ်ရန် အခန်းအသီးသီးသို့ လမ်းခွဲလိုက်ကြသည်။

'နှောင်း သွားအိပ်တော့မယ် ဆရာ၊ ဘာပဲဖြစ်ဖြစ် ဒွန်းကိုတော့ တွေ့အောင်ရှာပါ'





'ရှာမှာပါ၊ မပူပါနဲ့ ဘာဖြစ်လို့လဲဆိုတော့ ကျုပ်အခု ရိုက်နေတဲ့ ဇာတ်လမ်းက မပြီးသေးလို့ပဲ'

'ဆရာဟာ အင်မတန် ကိုယ်ကျိုးကြည့်တဲ့သူပဲ'

မနှောင်းက ဒီတစ်ခါတော့ ဦးသက်ပိုင်ကို ခပ်တင်းတင်းသာပြော၍ လှည့်ထွက်ခဲ့သည်။ ဒွန်း ဒီလိုဖြစ်ရတာ ဆရာကြောင့်ဟုသာ စိတ်ထဲမှအပြစ်တင်နေမိတော့သည်။

ဒွန်းရယ် ဘယ်များ ရောက်နေသလဲကွယ်။

ဘုရားမလို့ ဒွန်းဘာမှမဖြစ်ပါစေနဲ့၊ ဒီကိုရောက်ကတည်းက ဒါကြောင့် နှောင်းရဲ့စိတ်တွေ လေးလံနေတာပဲဖြစ်သည်။ အခုတော့ ဒွန်းဖြစ်ရရှာတယ်။

နှောင်း သက်ပြင်းခပ်ဖွဖွ ချလိုက်မိတော့သည်။

ထိုညက အိပ်မပျော်နိုင်ခဲ့ဘဲ ဒွန်းအတွက်ကို သူပြင်းထန်စွာ စိတ်ပူနေမိတော့သည်။

ဒွန်းတစ်ယောက် ဘာမှမဖြစ်ပါစေနဲ့ရှင်။

× × × × × × × × ×



www.burmeseclassic.com

www.burmeseclassic.com



နောက်ထပ် ငါးနှစ်မျှ ကြာသောအခါ ပျောက်ဆုံးသွားသော ရုပ်ရှင်မင်းသား ဖွန်းသည် .....

မိုးတွား တပျောက်ပျောက်နှင့် ရွာနေသည်။ 'ယမနေ' ၏ လာတီချက်ကြွေ ရွာကလေးကို တစ်ခါတစ်ရံ ရေလွှမ်းသွားစေသော သဲကြီးမဲကြီး မိုးမျိုးတော့မဟုတ်။ အခုရွာနေတာက ရန်ကုန်မိုး တပွဲဖွဲရွာနေသောမိုး။ သို့သော် ရေတော့ပါသည်။

ယမနေတား အနှိပ်ခံကုလားထိုင်ပေါ်တွင် မြေလျော့စွာ ထိုင်နေသည်။ သူရောက်နေသည်မှာ ခေတ်မီအဆောက်အအုံကြီးတစ်ခုတွင် ဖွင့်လှစ်ထားသည့် အလှပြင်ခန်းနှင့် ကျန်းမာရေး ရေချိုးခန်းတွင် ဖြစ်သည်။

သည်နေရာကိုလိုက်ရန် အစ်ကိုခေါ်တုန်းကတော့ သူမ အရမ်း ငြင်းဆန်ခဲ့သည်။

'အစ်ကို မနေ မလိုက်ချင်ဘူး၊ မနေ့တာသာ တောမှာပဲ အေးအေး နေပါရစေ'

သို့သော် အစ်ကိုကရော အ●မေကပါ မနေ့ကို အတင်း





လိုက်ခဲ့ရန် တိုက်တွန်းသည်။ မနေ ဘယ်လိုငြင်းငြင်း အစ်ကို၏ စကားတစ်ခွန်းဖြင့် ယမနေဆိုသော မိန်းမတစ်ယောက် ရန်ကုန်သို့ရောက်ခဲ့ခြင်း ဖြစ်သည်။

'မနေ မလိုက်ချင်လည်း အစ်ကို့ကို ကူညီတဲ့အနေနဲ့ လိုက်ခဲ့ပါ၊ မနေပါမှ အစ်ကို့ဘဝကြီးကို အစကနေပြန်စရမှာ'

အစ်ကို့ရဲ့စကားအဆုံးမှာတော့ ယမနေငြိမ်ကျတိတ်ဆိတ်သွားလေတော့သည်။ မနေ့ကို အစ်ကိုလိုအပ်သတဲ့လား'

ဤသို့ဖြင့် မနေလည်း ရန်ကုန်သို့ရောက်လာခဲ့ခြင်းသာ ဖြစ်သည်။

ယမနေက အခန်းအပြင်ဘက်ရှိ မိုးစက်ကလေးတွေကို ငေးကြည့်ရင်း ယခင်က အစ်ကိုနဲ့ဆုံတွေ့ရပုံများကို သတိရနေခြင်း ဖြစ်သည်။

'ရပြီလား'

အခန်းထဲတွင် ပထမဆုံးထွက်ပေါ်လာသော တစ်မိုးသည်းသော အသံဖြစ်သည်။ ယမနေက ဘာမှပြန်မပြောသဖြင့် အခန်းလေးက ပြန်လည်တိတ်ဆိတ်သွားပြီး အနှိပ်သည်အမျိုး



www.burmeseclassic.com

www.burmeseclassic.com



သမီးကြီး၏ အသက်ရှူသံပြင်းပြင်းကိုသာ ကြားရသည်။

ထိုအမျိုးသမီးက မနေ့ကို အကြောင်းပြောပေးနေသည်မှာ တစ်နာရီနီးပါးရှိပြီဖြစ်သည်။ မနေ ရန်ကုန်သို့ရောက်ပြီး သည် အမျိုးသမီးကြီးဆီသို့မှ မှန်မှန်လာ၍ အနှိပ်ခံခြင်းဖြစ်သည်။ မနေတို့ ရန်ကုန်ရောက်နေတာ တစ်နှစ်နီးပါးရှိပြီဖြစ်သည်။

ရန်ကုန်ရောက်မှ အစ်ကိုက မနေ့ကို သင်တန်းပေါင်းစုံ တက်ခိုင်းသည်။ စကားပြောသင်တန်း၊ ကွန်ပျူတာ၊ မော်ဒယ်လ် စသည်ဖြင့် သင်တန်းပေါင်းစုံနေ၍ တစ်ခါတစ်ခါ မနေရှုပ်လှသည်။ ဤကဲ့သို့ အစ်ကို့ကိုပြောတော့ အစ်ကိုက

'မနေလည်း ဗဟုသုတရတာပေါ့၊ ပြီးတော့ နောင်တစ်ချိန် အစ်ကို့ကို မနေ ကူညီလို့ရတာပေါ့'

ဟူ၍ ပြောခဲ့သည်။ အစ်ကိုဆိုတာက လွန်ခဲ့သော ငါးနှစ်ခန့်က မနေနှင့်တွေ့ခဲ့သူ၊ မနေ့အစ်ကိုအရင်း၏ သူငယ်ချင်း 'မဟာ' ပင်ဖြစ်သည်။

မဟာက မနေ့ ဘဝကိုများစွာ ပြောင်းလဲပေးနိုင်သူဖြစ်





သည်။ လူတောမတိုးရဲ မဝံ့မရဲသောဘဝမှ အထက်တန်းစား မိန်းမလှလေးဘဝသို့ အသွင်ပြောင်းပေးနေခြင်း ဖြစ်သည်။

သုံးနှစ်တာမျှ ပုံသွင်းပြီးသောအခါ မနေသည် အပြင်ပန်း အသွင်အပြင်အားဖြင့် အပြောင်းလဲကြီး ပြောင်းလဲနေတော့သည်။

ရန်ကုန်မြို့ရှိ မော်ဒယ်လ်လောကတွင် ယမနေသည် အလှဘုရင်မတစ်ပါးအဖြစ် တစ်စတစ်စ လူသိများကျော်ကြားလာတော့သည်။ နာမည်ကြီး မဂ္ဂဇင်းများက မနေကို မျက်နှာဖုံးရှင်အဖြစ် အသားပေးဖော်ပြကြသည်။

ယမနေ၏အကြောင်းကို တခမ်းတနား ရေးသားကြသည်။ သို့သော် မနေ၏နောက်ကြောင်း ရာဇဝင်နှင့်ပတ်သက်၍မူ ဘယ်သူမှ တိတိကျကျ မသိကြချေ။

တကယ်တန်း မဟာသည် မနေနှင့် ပတ်သက်နေသော်သည်း ရှေ့တန်းသို့ထွက်မလာဘဲ ခပ်လျှိုလျှိုနေခြင်းသာ ဖြစ်သည်။

'တိ တိ တိ'



www.burmeseclassic.com

www.burmeseclassic.com



'ဟော ကားလာကြီးပြီထင်တယ် အန်တီ၊ ကျွန်မသွားမှ'

ယမနေက ထိုင်ရာမှ ကမန်းကတန်း ထလိုက်သည်။ အားလုံးက မဟာ၏ညွှန်ကြားချက်အတိုင်း အတိအကျ ဖြစ်နေသည်။

ယမနေက ဆလင်းဘတ်အိတ်ကလေးကိုဆွဲ၍ ကျော့ရှင်းစွာနှင့် အလှပြင်ခန်းမထဲမှ ထွက်လာခဲ့သည်။ ကားတံခါး အဆင်သင့်ဖွင့်ထားသည်။ ယမနေကားထဲဝင်ထိုင်ပြီးသည်နှင့် ကားလေးက တစ်ဟုန်ထိုးထွက်လာခဲ့သည်။

'ဒီနေ့ည ဘယ်သူ့ညစာစားပွဲ သွားစရာရှိလဲ'

မဟာက အေးစက်စက်အသံဖြင့် စတင်၍မေးလာသည်။ မနေက ဘေးချင်းယှဉ်လျက်ထိုင်နေသော မဟာကို မသိမသာခိုးကြည့်၍

'သွားစရာ ပွဲနှစ်ခုတောင်ရှိတယ်၊ ဘယ်ကိုသွားရမလဲ အစ်ကိုရွေးပေးလေ၊ အစ်ကိုလိုက်ရင်တော့ ပိုကောင်းတာပေါ့ နော်'

'ငါ ဒါမျိုးပွဲတွေ တစ်ခါမှ မသွားဘူးဆိုတာ မင်းသိရဲ့





သားနဲ့ ဘာလို့ မေးနေလဲ'

'ဟုတ်ပါတယ်လေ၊ မနေ မှားသွားတာပါ။ ဘယ်ပွဲကို နေသွားရမလဲ အစ်ကိုပဲပြောပါ'

မနေက မျက်လွှာချ၍ ပြောလိုက်သည်။ တကယ်ဆို နေသည် မဟာ၏စကားကို မြေဝယ်မကျနားထောင်သည်။ ထာကတော့ မနေ့တို လိုအပ်သည်မှအပ အပိုစကားမပြောခဲ့။ နေ့ကိုလည်း သူ၏ဘဝအကြောင်း အကုန်ပြောပြ၍ ဘယ်သူ့ ညီမှ မပြောရန် ကတိတောင်းထားသည်။

သူ ဘာကြောင့် ဒီလောက်လျှို့ဝှက်ချင်သလဲ။ မနေ းမလည်နိုင်။ တကယ်ဆို ဘားအံမှာဖြစ်ပျက်ခဲ့သည့် အ ကြောင်းအရာတွေက ဘာမှလျှို့ဝှက်စရာမရှိပါ။ သို့သော် မဟာ ။ လျှို့ဝှက်ဆိုလျှင် ယမနေက လျှို့ဝှက်မည့်သူသာ ဖြစ်သည်။

အဘယ်ကြောင့်ဆိုသော် မဟာ့ကို ယမနေ့ဘဝတွင် သမဆုံးအကြိမ်အဖြစ် ချစ်မိနေပြီမဟုတ်ပါလား။

မဟာကို ချစ်မြတ်နိုးလွန်း၍ ပြောသမျှစကားကို မနေ နားထောင်ခဲ့သည်။ ယုယကြင်နာခဲ့သည်။ သို့သော် မဟာ့ထံ



www.burmeseclassic.com

www.burmeseclassic.com



မှ တံ့ပြန်ကြင်နာရိပ်ကလေး တစ်စွန်းတစ်စမှပင် ပြန်မရခဲ့ချေ။

'အိမ်ကိုပဲ တန်းပြန်မှာလား'

'အေး'

ထိုထက်ပို၍ စကားမပြောသော မဟာ့ကိုကြည့်ရင်း ယမနေ အသည်းယားလာသည်။

'အစ်ကို မနေ့ကို စကားမပြောချင်လို့လားဟင်'

'မဟုတ်ပါဘူး၊ နင်နဲ့မှမဟုတ်ဘူး၊ ဘယ်သူနဲ့မှကို မပြော ချင်တာ ငါလိုချင်တာ မရမချင်းပေါ့'

'ဟင်း'

မနေ သက်ပြင်းတစ်ချက်ချလိုက်သည်။ ခြံဝသို့ ရောက် လာတော့ မနေသည် ခြံကြီးကို တစ်ချက်ကြည့်လိုက်သည်။

ယမနေက မြင့်မားလွန်းသော ခြံနံရံကြီးကိုကြည့်၍ ခေါင်း တစ်ချက်တွန့်လိုက်သည်။

တကယ်ဆို မဟာနှင့်ယမနေ နှစ်ယောက်တည်းသာ နေထိုင်ရန်ဖြစ်သော ဤအိမ်ကြီးသည် ဘာကြောင့်ဒီလောက် ကြီးမားမှန်း မသိချေ။



သူတို့အိမ်ကြီးတွင် အချိန်ပြည့်ဥယျာဉ်မှူး သုံးဦးအပါ အဝင် အိမ်အမှုထမ်းချည်းပဲ ရှစ်ဦးရှိသည်။ အားလုံးက မဟာ၏ စကားကို မြေဝယ်မကျနားထောင်ကြပြီး လုပ်စရာရှိသည်များကို သစ္စာရှိရှိ လုပ်တတ်သူများ ဖြစ်ကြသည်။

'ဩော်၊ ငါ အိမ်ထိန်းကိုထုတ်ပြီး အသစ်ခန့်ထားလိုက်ပြီ'

'ဟင် ဘာဖြစ်လို့လဲ၊ ဒေါ်ကြီးမွှုက ကောင်းသားပဲ'

'စကားများလို့၊ စပ်စုလို့'

မဟာက လေသံပြတ်ဖြင့် ပြောလိုက်သည်။ ဤကဲ့သို့ သီးသန့်နေထိုင်ခြင်းကို မဟာ ဘာကြောင့်စွဲလန်းတပ်မက်နေ သဲဆိုတာ မနေ နားမလည်မိချေ။

ရန်ကုန်သို့ရောက်ပြီး သုံးနှစ်တာအချိန်ကာလအတွင်း အသားအစားထိုး ကုသမှု ငါးကြိမ်တိတိ ပြုလုပ်ခဲ့သည်။ နောက် ဆုံးတွင် မဟာ၏မျက်နှာပေါ်တွင် အမာရွတ်တစ်ခုမှကို မကျန် တော့ချေ။





www.burmeseclassic.com

www.burmeseclassic.com



အစားထိုး ကုသနေသည့်အချိန်အတွင်း မဟာသည် ယမနေကိုပင် လုံးဝအတွေ့မခံခဲ့ချေ။ ထိုသို့ ခွဲစိတ်ကုသပြီး နောက် ယမနေပင်လုံးဝမမှတ်မိလောက်အောင် သူ့မျက်နှာက ပြောင်းလဲသွားသည်။

ပြီးနောက် မုတ်ဆိတ်မွေးတွေကိုပါ ထပ်မံ၍ရှည်လျား အောင်ထားခဲ့သည်။ ထိုအခါတုန်းက သူသည် မနေ့ကို စကား တစ်ခွန်းပြောခဲ့သည်။

'ယမနေ ငါဒီနေ့ကစပြီး နာမည်ရော၊ လူရော၊ စိတ် ရော ပြောင်းလဲလိုက်ပြီ။ ငါ့နာမည် မဟာ၊ ငါနဲ့ပတ်သက်သမျှ နောက်ကြောင်းတွေ နင်မေ့လိုက်တော့'

ဟု ပြတ်တောင်းစွာ ဆိုလာတော့သည်။ ထိုအချိန် ကတည်းက သူဟာ အပြောင်းအလဲကြီး ပြောင်းလဲသွားတော့ တာ ယခုအထိပင်ဖြစ်သည်။

'အိမ်ရောက်ပြီ၊ ဆင်းလေ၊ ဘာငေးနေတာလဲ'

'ဟုတ်ကဲ့ ဪ အစ်ကို ဒီနေ့ဘာနေ့လဲ မှတ်မိလား'

'သိပါတယ်၊ နင့်မွေးနေ့ မှတ်လား'





ယမနေက ပြုံး၍ ခေါင်းညိတ်လိုက်သည်။

'ဒီနှစ် ယမနေက မွေးနေ့ပါတီမလုပ်ဘူးဆိုလို့ အစ်ကို မလုပ်ပေးတာနော်'

'ဟုတ်ပါတယ်၊ ဒါပေမယ့် အစ်ကိုပေးတဲ့ မွေးနေ့လက် ဆောင်ကိုတော့ လိုချင်တယ်'

'အင်း တောင်းပြီလေ၊ ညနေမှ ထမင်းအတူ အပြင်မှာ ထွက်စားကြမယ်၊ ခြောက်နာရီလောက် အသင့်ပြင်ထားလိုက် ပေါ့၊ တခြား ညှော်ပွဲတွေ သွားမနေနဲ့တော့'

'ဟုတ်ကဲ့'

မဟာက မနေ၏စကားကိုပင် ဆုံးအောင်နားမထောင် တော့ဘဲ လှည့်ထွက်ကာ အိမ်ထဲဝင်သွားလေတော့သည်။

'ဟူး မောရပါလား အစ်ကိုရယ်'

ယမနေမှာ သူနှင့်အတူ ထမင်းစားရမည့်အရေးကိုသာ တွေးပြီး ရင်ခုန်နေပြန်သည်။ ယမနေ သက်ပြင်းတစ်ချက်ချ ရင်း အိမ်ထဲဝင်လာခဲ့သည်။

www.burmeseclassic.com



မနေ နာရီကြည့်လိုက်တော့ လေးနာရီခွဲဖြစ်သည်။ ထို့ကြောင့် ကုတင်ပေါ်တွင် ခေတ္တအညောင်းဆန့်ပြီးမှ ရေချိုးအဝတ်အစားလဲကာ အလှပြင်လိုက်သည်။

ထိုစဉ်မှာပင် အခန်းထဲမှ ဖုန်းကမြည်လာသည်။

'ဟဲလို'

'မနေလား ငါပါ'

သူ့အသံကြားတာနှင့်ပင် မနေ့ရင်တွေ တထိတ်ထိတ်ခုန်လာသည်။

'ဪ အစ်ကို ပြောလေ'

'အေး ငါအခုသွားစရာ တစ်ခုပေါ်လာလို့ ငါ့ကိုစောင့်မနေနဲ့၊ ပြင်ဆင်ပြီး အိမ်က ကားနဲ့ ရှမ်းကန်(၃)ကိုသွားနှင့်၊ ငါခြောက်နာရီအရောက်လာခဲ့မယ်'

'ဟုတ်ကဲ့ပါ'

မနေ သူ့ရဲ့စကားကို အမြဲမငြင်းဆန်ဘဲ နားထောင်လေ့ရှိသူပီပီ ဟုတ်ကဲ့နှင့် အဆုံးသတ်လိုက်သည်။ ခဏနေတော့ ကားစက်သံကြားရသည်။



မနေလည်း အကျီလဲနေရာမှ အပြေးလေးထွက်လိုက်ကာကိုလှပ်ကြည့်လိုက်သည်၊ ထိုအခါ ကားပေါ်သို့ တက်နေသော သူ့ကိုတွေ့ရသည်။

ပြီးနောက် သူသည် ကားကို အရှိန်ပြင်းစွာ မောင်းထွက်သွားလေတော့သည်။

မနေလည်း အားလုံး ပြင်ပြီးဆင်ပြီး စိတ်မောစွာအောက်ထပ်သို့ ဆင်းခဲ့သည်။ သူလာပါမလား။ ခြောက်နာရီထိုးဖို့ငါးမိနစ် အလိုမှ သူထားခဲ့သော ကားပေါ်သို့ တက်လိုက်သည်။

ကားဒရိုင်ဘာကလည်း အားလုံးသိနေသည့်အလား မနေ့တို့ ဘာမှမေးမြန်းမနေတော့ဘဲ ရှမ်းကန်ဆီသို့ ဦးတည်မောင်းသွားသည်။

မနေသည် နေရင်းထိုင်ရင်း မိမိဘာသာ စိတ်တိုလာသည်။ ထို့ကြောင့် ကိုယ့်ခံစားချက်ကို သေချာခွဲခြမ်း စိတ်ဖြာကြည့်သည်။ မိမိမကျေမနပ်ဖြစ်သည်က မဟာ့ကို၊ အစ်ကိုနှင့်တျောက်ဆစ်နှလုံးသားကို ပျော့ပျောင်းလာအောင် ဘယ်လိုလုပ်ရပါ့ဟု ကြံသည်။

www.burmeseclassic.com



ပထမဆုံး ခေါင်းထဲတွင် ပေါ်လာသည့်အကြံမှာ မဟာတစ်ယောက် ယမနေ့ကို တန်ဖိုးထားတတ်အောင် မနာလို ဝန်တိုစိတ်ဖြစ်ပေါ်လာအောင် ဖန်တီးရေးပင်ဖြစ်သည်။

အစ်ကိုသည် ရန်ကုန်သို့ရောက်ကတည်းက အပြင်သို့ သိပ်မထွက်။ ဤအကြိမ်သည် မဟာနှင့်ယမနေ ပထမဆုံးအကြိမ် ထမင်းအတူ အပြင်ဆိုင်တွင် ထွက်စားခြင်းဖြစ်သည်။

စားသောက်ဆိုင်သို့ ရောက်သွားတော့ မဟာ၏အရိပ်အယောင်ကိုပင် မမြင်ရ။ မဟာနောက်ကျနေပြီဟု မနေတွေးလိုက်သည်။ မနေလာတုန်းက သူငယ်ချင်းနှင့် ထိုင်နေကျနေရာတွင် ဝင်ထိုင်ပြီး အချိန်ဆွဲပြီး ကော်ဖီတစ်ခွက် မှာသောက်နေလိုက်သည်။

× × ×　　　× × ×　　　× × ×

ခြောက်နာရီခွဲ။

မဟာ ရောက်မလာသေးချေ။



မနေ စိတ်ဆိုးလာမိသည်။ ခဏကြာလျှင် ပြန်မည်ဟု စိတ်ကူးလိုက်သည်။ ထိုစဉ်မှာပင် မနေ့ရှေ့ရှိခုံတွင် လူတစ်ယောက်၏အရိပ် ထင်လာသည်။

'ကျွန်တော် ဒီနားမှာ ထိုင်ချင်လို့၊ ထိုင်ခွင့်ပြုပါခင်ဗျာ'

ယမနေ တစ်ချက်မော့ကြည့်လိုက်သည်။ ထိုလူက နောက်ပြောင်လိုဟန်တော့မရှိ။ လူရည်သန့်တစ်ဦးဟု ယမနေထင်သည်။ ထို့ကြောင့် ခေါင်းညိတ်ပြလိုက်သည်။

ထိုသူက စားစရာများကို မှာလိုက်ပြီးနောက် ယမနေကိုတစ်ချက်ကြည့်ကာ

'မိန်းကလေးရော ဘာမှမမှာဘူးလား'

'ဟုတ်ကဲ့ ဒီနေ့ ကျွန်မနဲ့အတူ ထမင်းစားဖို့ ချိန်းထားတဲ့လူ ရောက်မလာသေးလို့ စောင့်နေတာပါ၊ နောက်ထပ် ဆယ်ငါးမိနစ်လောက်ကြာမှ ရောက်မလာသေးရင် ကျွန်မပြန်တော့မှာပါ'

'ဪ'

www.burmeseclassic.com



ထိုလူက ခဏမျှ ငြိမ်သက်သွားသည်။ ပြီးမှ မနေ့ကို စူးစိုက်ကြည့်၍

'ကျွန်တော်နဲ့အတူ ထမင်းစားဖို့ရော ဆန္ဒမရှိဘူးလား ခင်ဗျာ'

'ကျွန်မ စောင့်လိုက်ချင်သေးတယ်'

'ရပါတယ်လေ၊ ခင်ဗျား ဓါတ်ပုံတွေကို ဂျာနယ်တွေ၊ မဂ္ဂဇင်းတွေထဲမှာ တွေ့ဖူးတယ်၊ ခင်ဗျားတော်တော်လှတာပဲနော်'

'ကျေးဇူးတင်ပါတယ်ရှင်'

ယမနေက ယဉ်ကျေးစွာပင် ပြန်ပြောလိုက်သည်၊

'ခင်ဗျား စောင့်နေတဲ့သူက ကိုမဟာ ဟုတ်ပါတယ်နော်'

'ဪ ရှင်က သိလား'

'သိဆို ကျွန်တော်က ခင်ဗျားအကြောင်း သိထားမှတော့ ကိုမဟာအကြောင်း သိရတော့မှာပေါ့'

မနေက ဘာမှမပြောတော့ဘဲ ခေါင်းညိတ်လိုက်သည်။

'သူ လာဦးမယ် ထင်သလား'



'မပြောတတ်ပါဘူး၊ ဘာပဲဖြစ်ဖြစ် ခင်ဗျားအတွက် နည်းနည်း ပိုမှာလိုက်မယ်နော်'

'ကျွန်မ အခုအချိန်ထိ ရှင့်နာမည် မသိရသေးဘူးရှင့်'

ယမနေ့စကားကြောင့် သူတစ်ချက် ရယ်မောလိုက်သည်။

'ဟုတ်ပါရဲ့ဗျာ၊ ကျွန်တော့်နာမည်က မိုးမြတ်ပါ၊ အလုပ်ကတော့ ဂျာနယ်တိုက်တစ်ခုရဲ့ ပိုင်ရှင်၊ သတင်းထောက်အလုပ်လည်း လုပ်တယ်၊ ယမနေနဲ့ခင်မင်ခွင့်ရတာ အင်မတန်ကိုမှ ဝမ်းသာပါတယ်၊ ခင်မင်တဲ့ အထိမ်းအမှတ်အနေနဲ့ ထမင်းစားပွဲလေး စလိုက်ကြစို့'

'ကောင်းပါပြီရှင်'

ဤသို့ဖြင့် ယမနေသည် မိုးမြတ်ဆိုသူနှင့် ထမင်းအတူစားဖြစ်သွားသည်၊ မိုးမြတ်က ထမင်းစားရင်းနှင့်မှ

'ယမနေနဲ့ ကိုမဟာနဲ့က မောင်နှမတွေလား'

'ဘာဖြစ်လို့ မေးတာလဲ'

www.burmeseclassic.com

www.burmeseclassic.com



'ဩော် ဒီလောက်တောင် လျှို့ဝှက်သိုသိပ်ပြီး နာမည်ကြီးနေတဲ့ လူတစ်ယောက်အကြောင်း ဘယ်သူက စိတ်မဝင်စားဘဲနေမှာလဲ၊ နောက်ပြီး ခင်ဗျားတို့နေတဲ့အိမ်ကြီးရဲ့ ပုံတွေကိုလည်း တွေ့ဖူးသေးတယ်'

'ဟင် ဟင်း ဘာလဲ ရှင်က ကျွန်မကို ကျေးတာနဲ့တန်အောင် သတင်းတစ်ပုဒ် ယူနေတာလား'

မနေရဲ့ တိုက်ရိုက်ပြောင်တျလွန်းသော စကားကြောင့် ထိုသူ၏မျက်နှာက ကွက်ခနဲပျက်သွားပြီး

'မဟုတ်ရပါဘူးဗျာ၊ မဟုတ်ရပါဘူး'

သို့သော်လည်း နောက်ပိုင်း ပြောသမျှတွေက ယမနေ့အကြောင်း မေးသလိုနှင့် မဟာ့အကြောင်းကိုသာ သေချာမေးမြန်းနေခြင်းဖြစ်သည်။ သို့သော် ဒီလောက်တော့ ယမနေ ပါးနပ်ပါသည်၊ မနေ့ဘာသာ ကျွမ်းကျင်စွာ လှည့်ပတ်ဖြေလိုက်သည်။

မဟာ့အကြောင်း အရေးကြီးစကားတစ်စွန်းတစ်စမပေါ်စေရအောင် ဖြေသည်။ စကားပြောရင်းနှင့်မှ မဟာတို့သတိရလာသည်။





သူသည် မိမိကို သုံးနှစ်လုံးလုံး ပြတ်တောင်းတောင်းနှင့် ဆက်ဆံသည်။ ယုတ်စွအဆုံး နူးညံ့ညင်သာသည့်စကားလေး တစ်ခွန်းတောင် မပြောဖူးချေ။ ဒီအတွေးကို တွေးမိတော့ မနေသည် ကိုယ့်ကိုယ်ကို စိတ်တိုရသည်။

မိမိကသာ သူ့ကိုတစ်ချိန်လုံး ကူညီကာကွယ်ရသည်။ သူကတော့ မနေ့ကို ဖွတ်လေသည့် ငါးပိ ရှိလေတယ်တောင် မထင်သည့်ပုံမျိုး။ ကြည့်ပါဦး။ ဒီနေ့ မနေ၏မွေးနေ့ ညနေစာ အတူစားမည်ဟု သူကပင်ချိန်း၍ ခုထိတောင် ရောက်မလာချေ။

အဲဒီတော့ ဘာဖြစ်လဲ။ ယမနေ့အကြောင်း မြရသေးတာပေါ့။ ယမနေသည် ကိုယ့်အကြံနှင့်ကိုယ် မိုးမြတ်ကို တစ်ချက်ကြည့်၍

'ရှင့်ကြည့်ရတာ ကျွန်မတို့အိမ်ကြီးကို တော်တော်စိတ်ဝင်စားပုံ ရတယ်'

'စိတ်ဝင်စားတာပေါ့ဗျာ'

'လိုက်ရော မလည်ချင်ဘူးလား'

အတိုင်းထက် အလွန်ပါပဲ'



www.burmeseclassic.com

www.burmeseclassic.com



ယမနေက ပြုံး၍ ထရပ်လိုက်သည်။

ယမနေ ကားပေါ်သို့ ပထမဆုံး သူစိမ်းတစ်ယောက် ခေါ်တင်လာ၍ ဒရိုင်ဘာက မနေ့ကို မျက်လုံးပြူးမျက်ဆန်ပြူးနှင့် လှမ်းကြည့်သည်။ မနေကတော့ လုံးဝကိုဂရုမစိုက်ချေ။

ထို့နောက် ခြံဝရောက်တော့လည်း ထိုအတိုင်းပင်ဖြစ်သည်။ အင်မတန် သစ္စာရှိ၍ စိတ်ချရသော ခြံစောင့်ကြီးက

'စိတ်မရှိပါနဲ့ မမလေး၊ ကျွန်တော်တို့ကို ဆရာညွှန်ကြားထားတာက ...'

'အို မစိုးရိမ်ပါနဲ့ ဦးလေးစံ၊ ကိုမဟာအတွက် ကျွန်မ အာမခံရဲတယ်'

မနေကခပ်ဆတ်ဆတ်ပင် စကားဖြတ်၍ပြောလိုက်သည်။

'ကျွန်တော်တို့ကို အမိန့်ပေးထားတာက ...'

မနေက ဘာမှပြောမနေတော့ဘဲ ဒရိုင်ဘာကို ခြံထဲသို့ မောင်းဝင်ခိုင်းလိုက်သည်။ မိုးမြတ်က သတင်းထောက်မျက်လုံးများဖြင့် တစ်ချက်ကြည့်၍





'အိမ်ကြီးက ကြီးကျယ်ခမ်းနားလိုက်တာ'

မနေက ဘာမှမပြောဘဲ ပြုံးရုံသာ ပြုံးနေလိုက်သည်။ တကယ်တော့ ဒီလူကို ခြံကြီးထဲသို့ ခေါ်သွင်းလာခြင်းကိုက မဟာ၏အမိန့်ကို တမင်ဖီဆန်လိုက်ခြင်းပင် ဖြစ်သည်။

ဤသတင်းကား မကြာခင်စက္ကန့်ပိုင်းအတွင်း မဟာဆီသို့ ရောက်သွားလိမ့်မည်။

ဘာပဲဖြစ်ဖြစ် မနေလုံးဝဂရုမစိုက်တော့။ ယမနေဆိုသော မိန်းမက သူကိုဘယ်လောက်ချစ်ကြောင်း၊ သုံးနှစ်လုံးလုံး ပြခဲ့ပြီးသားဖြစ်သည်။ ယခု သူ့ထံမှ တုံ့ပြန်မှုတစ်ခုရလျှင် တော်ပြီ။ သဝန်တိုခြင်း၊ ဒေါသထွက်ခြင်း၊ စက်ဆုပ်ခြင်း၊ အို ဘာပဲဖြစ်ဖြစ် တစ်မျိုးမျိုးပေါ့လေ။

ယမနေက တမင်အရွဲ့တိုက်သည့်အနေဖြင့် အိမ်ကြီးပေါ်မှ မြင်သာထင်သာရှိသော ရေကူးကန်ကြီးဘက်သို့ ခေါ်လာပြီး ထီးအောက်တွင်ထိုင်ကာ တမင်ကြီးကို စကားပြောပြလိုက်သည်။

'ဒီအိမ်ကြီးက သိန်းပေါင်းများစွာကို တန်မှာနော်'



www.burmeseclassic.com

www.burmeseclassic.com



'ကျွန်မ သေချာမသိဘူးရှင့် စိတ်လည်းမဝင်စားဘူး'

မိုးမြတ်၏ စကားများကို လှည့်ပတ်ဖြေရသည်မှာလည်း ပင်ပန်းလှသည်။ မနေက သူ့အခန်းရှိရာ အထပ်သို့ မသိမသာ မော့ကြည့်လိုက်မိသည်။

သူ့အခန်းမှ ခန်းဆီးစက ရုတ်တရက်လှုပ်သွားသည်ကိုမြင်၍ ယမနေ ကျေနပ်စွာပြုံးလိုက်မိတော့သည်။

နောက်ထပ် တစ်နာရီအကြာတွင် မဟာက သူတို့ရှေ့သို့ ရောက်လာသည်။

'သတင်းထောက်ကြီး ကိုမိုးမြတ်ရဲ့ ထစ်မ်းပါဦး၊ ခင်ဗျား ကျုပ်အိမ်ထဲကို ပိုင်နက်ကျူးကျော်နေပြီ သိလား'

'ယမနေ ခေါ်လာတာ'

'ခင်ဗျားအတွက် သူက သက်သေခံပေးလိမ့်မယ်လို့ ခင်ဗျား ထင်သလား'

သူတို့ သုံးယောက်ကြား ခေတ္တ တိတ်ဆိတ်သွားသည်။

'ခင်ဗျားကို ပိုင်နက်ကျူးကျော်မှုနဲ့ တရားစွဲလို့ရတယ်'





မဟာက စီးကရက်တစ်လိပ်ကို ခပ်အေးအေးပင် မီးညှိပြီး ပြောလိုက်သည်။ ထိုစကားကြောင့် မိုးမြတ် မျက်နှာ ပျက်သွားသည်။ သို့သော် ချက်ချင်းပင် ပြန်တည်သွားပြီး

'ခင်ဗျား ဘာလုပ်ချင်လဲ'

'ဘာမှ မလုပ်ချင်ဘူး၊ ခင်ဗျားနဲ့ ဆွေးနွေးချင်တာ၊ ခင်ဗျား ကျုပ်ကို လူနှစ်ယောက်အကြောင်း စုံစမ်းပေးရမယ်၊ ခင်ဗျားအတွက်လည်း မနစ်နာစေရပါဘူး'

မိုးမြတ်က နားမလည်သလို တစ်ချက်ကြည့်နေလိုက်သည်။ ယမနေကတော့ ငြိမ်သက်နေသော ရေကူးကန်၏ မျက်နှာပြင်ကိုသာ ငေးကြည့်နေလိုက်သည်။

'ကျုပ် မစုံစမ်းပေးဘူးဆိုရင်ရော . . .'

'ခင်ဗျား၊ နောင်တရစေရမယ်'

မဟာ၏ အသံက ပြတ်ပြတ်သားသား၊ တစ်ခုခုကို တကယ်လုပ်တော့မည့် ပုံစံမျိုးဖြစ်သည်။

'ဘယ်သူတွေလဲ'



www.burmeseclassic.com

www.burmeseclassic.com



မိုးမြုတ်၏အသံက ခဏနေမှ တုံ့ဆိုင်းဆိုင်းထွက်ပေါ်လာသည်။ မဟာကလည်း ခေတ္တမျှ ငြိမ်သက်သွားပြီးမှ နာမည်နှစ်ခုကို ရေရွတ်လိုက်သည်။

'ဒါရိုက်တာ သက်ပိုင် နဲ့ မေနှောင်းဆိုတဲ့ အမျိုးသမီး'

× × × × × × × × ×

'ဒီနေ့ နေ့လည်တစ်နာရီမှာ အမျိုးသမီးတစ်ယောက်လာမယ်၊ မင်းအဆင်သင့်ပြင်ထားပါ မနေ'

နံနက်စာ (Breakfast) စားရင်း မဟာကပြောတော့ ယမနေ ခေါင်းညိတ်ပြလိုက်သည်။ သူက ဖုံညြဖွယ်ရာ ကောင်းစွာပင် မနေ့က ညနေတုန်းကအကြောင်း တစ်ခွန်းမှကို မဟာမေး

'မနေ့က ညနေတုန်းက . . .'

ယမနေကပင် မနေနိုင်၍ စတင်ပြောတော့ သူ လက်ကာပြသည်။

'ရတယ်၊ မင်း ငါ့ကို ဘာမှရှင်းပြစရာ မလိုဘူး၊ ငါ နား လည်တယ်၊ မင်း အခုလိုလုပ်လိုက်တဲ့အတွက် ငါကပိုပြီးတော

အဆင်ပြေသေးတယ်'

'ရှင်'

'ဟုတ်တယ်၊ အဲဒါတွေထားပါ၊ မင်း မော်ဒယ်လ်လောကမှာပဲ ရပ်တန့်နေမလား၊ မင်းသမီး မဖြစ်ချင်ဘူးလား'

ယမနေက သူ့ကိုကြောင်ပြီး ကြည့်နေမိသည်။ တကယ်တန်း မနေလိုချင်တာ အဲဒါတွေ တစ်ခုမှမဟုတ်ပါဘူး အစ်ကိုရယ်။ မနေလိုချင်တာ အစ်ကို့ရဲ့ အချစ်တွေ။

'အစ်ကိုဖြစ်စေချင်တာဟာ မနေဖြစ်ချင်တာပါ'

'အောင်မြင်တဲ့ မင်းသမီးတစ်လက် မင်းအသေအချာဖြစ်ရမယ်'

မနေက ဘာမှမပြောဘဲ အစ်ကို့ကိုသာ ငေးမောကြည့်နေမိတော့သည်။ အကျီရင်ဘတ်က ဟထားတာကြောင့် ရင်ဘတ်ပေါ်မှ အမာရွတ်တစ်ခုကို လှမ်းမြင်နေရသည်။

အမာရွတ်မှာ အသည်းပုံလေးဖြစ်သည်။ သူ့အား မီးလောင်စဉ်က အသည်းပုံလေ့ကတ်သီးလေး ကပ်နေသည်





www.burmeseclassic.com

www.burmeseclassic.com



နေရာဟု ပြောဖူးသည်။ မနေ နည်းနည်းတော့ အံ့ဩမိသည်။ အစ်ကိုဟာ တစ်ကိုယ်လုံးကို မမှတ်မိနိုင်လောက်အောင် ငွေကုန်ခံ၊ ဒုက္ခခံပြီးမှ ဘာကြောင့် ဒီအမာရွတ်ကလေးကို မပြုပြင်ဘဲ ချန်ထားပါလိမ့်ဟု တွေးမိခြင်းသာ ဖြစ်သည်။

'အစ်ကို ဘာဖြစ်လို့ ရင်ဘတ်က အမာရွတ်ကို မပြင်ဘဲ ထားတာလဲ'

မနေ၏ မေးခွန်းကြောင့် အစ်ကို၏ မျက်ဝန်းတွေက ခပ်ဝေးဝေးသို့ လွင့်မျောသွားသည်။

'လူတိုင်းရဲ့ ရင်မှာတော့ အနက်ရှိုင်းဆုံး အမာရွတ်တစ်ခု စီရှိစမြဲပဲ၊ အဲဒီအမာရွတ်ကို ငါကမမေ့ရအောင်လို့ ချန်ထားတာ'

အစ်ကို၏အသံတွေက လှိုက်ခါနေတာကြောင့် မနေ ဆက်မမေးဖြစ်တော့ချေ။ အစ်ကို့ကိုသာ ခပ်ငေးငေး ကြည့်နေမိသည်။

တကယ်ဆို အစ်ကို့အသက်က နှစ်ဆယ့်ရှစ်၊ နှစ်ဆယ့်ကိုးခန့်ပင် ရှိသည်။ သို့သော် ပါးသိုင်းမွေးတွေကြောင့် ဆယ်နှစ်စာလောက်ပင် ပိုကြီးသွားသည်ဟု ထင်ရသည်။ သို့သော်





ရှုပ်တော့ ဆိုးမသွား။

အနက်ရောင်ဆံပင်၊ စူးရှပြာလဲ့နေသော မျက်လုံးများ။ ဖြောင့်စင်းသော နှာတံ။ ဒါတွေအားလုံး ပေါင်းစပ်လိုက်တော့ ခန့်ညားချောမောသူတစ်ယောက် ဖြစ်လာသည်။

ပုံစံကတော့ တည်လွန်းသည်။ တစ်စုံတစ်ရာကို မကျေနပ်နေသလို နာကြည်းမှုတစ်ခုခုကို ခံစားနေရသလိုပုံစံမျိုးပင် ဖြစ်သည်။

'ကဲ ငါသွားမယ်'

မဟာက အင်္ကျီရင်ဘတ်မှ ကြယ်သီးကို ဆွဲတပ်ရင်း ထွက်သွားသည်။ ယမနေကတော့ သူ့ရဲ့ကျောကုန်းကို ကြည့်ရင်း ဆက်ပြင်းခပ်ဖွဖွ ရှိုက်မိလေတော့သည်။

× × ×    × × ×    × × ×

ယမနေသည် သူပြောသည့်အတိုင်းပင် တစ်နာရီထိုးသောအခါ အသင့်ပြင်ဆင်ထားလိုက်သည်။

'ခင်ဗျား သူတို့တော့ သိပါတယ်နော်'



www.burmeseclassic.com

www.burmeseclassic.com



'သိပါတယ်၊ မော်ဒယ်လ် ယမနေပါ'

ခင်ဗျားက ရုပ်ရှင်လောကအကြောင်း သိတဲ့သူဆိုတော့ ယမနေ့ကို ရုပ်ရှင်ပိတ်ကားပေါ်မှာ မြင်ရရင် ဘယ်လိုနေမယ်လို့ ထင်လဲ'

'သိပ်လှတာပေါ့'

မဟာက ခေါင်းညိတ်လိုက်သည်။ ယမနေကတော့ သက်မဲ့ရုပ်တစ်ရုပ်ပမာ ကုလားထိုင်ပေါ်တွင် ခပ်တောင့်တောင့် ထိုင်နေရသည်။ မဟာက စကားဆက်သည်။

'ကောင်းပြီ ဒါဆို သူ့ကို မင်းသမီးတင်ပြီး ရုပ်ရှင်တစ်ကားရိုက်ဖို့ ကျွန်တော်ကြံစည်နေတယ်၊ အသေးစိတ်တော့ မစီစဉ်ရသေးပါဘူး၊ ဒီတော့ ဒီကိစ္စကို ဆက်မပြောသေးဘူး။ ဒါပေမယ့် ရုပ်ရှင်လောကမှာ အရေးပါ အရာရောက်တဲ့သူတွေ သူ့ကို အာရုံစိုက်လာအောင် လုပ်ပေးဖို့ကိုတော့ ကျွန်တော် စိတ်ဝင်စားတယ်'

မဟာက သူလိုချင်သောအချက်ကို မရရအောင် ဆွဲယူပြောတတ်သူလည်း ဖြစ်သည်။





'ရှင် ဆိုလိုတာက ကျွန်မက သူ့အကြောင်း ဆောင်းပါး တစ်ပုဒ်လောက် ရေးပေးစေချင်တာလားဟင်'

'နိုး နိုး အဲဒါလည်း မဟုတ်ဘူး'

မဟာက စကားကို ခဏမျှရပ်ထားသည်။ ပြီးမှ

'တကယ်တန်း ပြောရရင် ခင်ဗျား ကျွန်တော်တို့နှစ်ယောက်စလုံးရဲ့ အကြောင်းကိုမရေးတာ ပိုသဘောကျတယ်'

'ဟင် ဒါဆိုရင် ကျွန်မကို ဘာဖြစ်လို့ ဒီကိုဖိတ်သလဲ'

'အကြောင်းကတော့ ခင်ဗျားကို ကျွန်တော်တို့ နှစ်ယောက်စလုံးရဲ့ မန်နေဂျာ ခန့်ချင်လို့ပဲ'

ယမနေသည် ထိုအမျိုးသမီးနှင့် မဟာ နှစ်ယောက်လုံးတို့ မကျေမနပ်နှင့် ကြည့်လိုက်သည်။ တကယ်ဆို မနေနှင့်တွေ့ပေးမယ်ဆိုပြီး ခေါ်လာတာ၊ သူနှင့်အကြည်ဆိုက်နေလေသည်။ အေးလေ ဘယ်တတ်နိုင်ပါ့မလဲ၊ ယမနေဆိုတာ သူပြီးရင် ပြီးနေတာပဲ။

'ကျွန်မအလုပ်က အင်တာဗျူးနဲ့ ဆောင်းပါးရေးသမား ရှင့် ဘယ်လိုလုပ် မန်နေဂျာလုပ်နိုင်ပါ့မလဲ'



www.burmeseclassic.com

www.burmeseclassic.com



'ခင်ဗျား ဒီအလုပ်ကိုလုပ်နိုင်မှန်း သိလို့ကိုခေါ်တာ၊ ဒီအလုပ်က ခင်ဗျားနဲ့ အသင့်တော်ဆုံးပဲ၊ ခင်ဗျားလစာကို တစ်လကို တစ်သိန်းပေးမယ်'

ထိုအမျိုးသမီး၏ မျက်လုံးက ပြူးကျယ်သွားသည်။

'ကျွန်မ လုပ်ရမယ့်အလုပ်က . . .'

'အခုလ သုံးဆယ်ရက်နေ့မှာ ကျွန်တော် ကျင်းပမယ့် ညစ်ခံပွဲကို ညသည်တွေ ဖိတ်ပေးရမယ်၊ ရုပ်ရှင်လောက,က အဓိကပုဂ္ဂိုလ်တွေလာဖို့က ပိုအရေးကြီးတယ်နော်၊ ယမနေကို အထင်ကြီး လေးစားစေမယ့် ပတ်ဝန်းကျင်အနေအထားမျိုးမှာ ယမနေနဲ့ ဒီပုဂ္ဂိုလ်တွေကို ဆုံပေးလိုက်ချင်တယ်'

'ဂျာနယ်၊ သတင်း မီဒီယာရော'

'အဲဒါလည်း ခင်ဗျားပဲ ဆုံးဖြတ်ရွေးချယ်ပါ'

'သူတို့က ရှင့်အကြောင်းရော၊ ယမနေအကြောင်းပါ သေချာ သိချင်ကြမှာပဲ'

မဟာက ကျေနပ်စွာ ပြုံးလိုက်သည်။





'ဒါဆို ခင်ဗျား ကျွန်တော်တို့ရဲ့အကြောင်းတွေ ကြိုတင်ပြင်ဆင်ထားရမှာပေါ့'

'အစ်ကို ယမနေ မလိုတော့ဘူး မဟုတ်လား၊ ပြန်နားလိုက်တော့မယ်'

ယမနေက သည်းမခံနိုင်တော့စွာ ပြောလိုက်တော့ မနေ့တို့ အသံပြတ်ဖြင့်

'ယမနေ'

'အဲဒါကတော့ ကျွန်မအတွက် အချက်အလက်တစ်ချို့လိုလိမ့်မယ်၊ ဥပမာ ရှင်ဘယ်မှာ မွေးခဲ့သလဲ၊ ရှင့်ရဲ့ အဓိကစီးပွားရေးလုပ်ငန်း၊ ရှင်နဲ့ ယမနေဘယ်လိုပတ်သက်လဲ . . . သည်ဖြင့်ပေါ့'

သူတို့က မနေ့ကိုဂရုမစိုက်စွာ ဆက်ပြောနေလေသည်။

'ကျွန်တော့်ကိုတော့ ယမနေ့ကို ညွှန်ပြနေတဲ့ဆရာလို့ပဲ ဖော်ပြလိုက်ပါ၊ ကျန်တာတွေတော့ ခင်ဗျားရဲ့အရည်အချင်းနဲ့ကြည့်ပြီး စီစဉ်လိုက်ပါ'



www.burmeseclassic.com

www.burmeseclassic.com



'ဆိုလိုတာက ရှင်တို့ရဲ့ အတ္ထုပ္ပတ္တိတွေကို စိတ်ကူးနဲ့ ထွင်ရေးရမယ်ပေါ့'

အမျိုးသမီးက ခပ်မှုန်မှုန်မျက်နှာနှင့် မေးတော့ သူ ခေါင်းညိတ်ပြလိုက်သည်။

'ကျွန်တော်တို့ရဲ့အကြောင်းတွေကို တခြားသူတွေကို အပိုမသိစေချင်ဘူး၊ ဒါကြောင့် ခင်ဗျားကို ကျွန်တော်က မန်နေဂျာ အဖြစ်ငှားထားတာ'

'ဖြစ်နိုင်ပါ့မလား'

'ဖြစ်ကိုဖြစ်ရမယ်၊ ဘာဖြစ်လို့လဲဆိုတော့ ခင်ဗျားဟာ ရုပ်ရှင်အသိုင်းအဝိုင်းထဲမှာ ကျင်လည်ခဲ့သူဖြစ်လို့ပဲ၊ ပြီးတော့ တစ်ချိန်တုန်းက ခင်ဗျားကျဆုံးချိန်မှာ ခင်ဗျားကို လူရာမသွင်းခဲ့တဲ့ အသိုင်းအဝိုင်းကလူတွေကို ကျွန်တော့်ရဲ့ မန်နေဂျာအဖြစ် ခင်ဗျားပြန်ပြီး လက်စားချေပြရမယ်၊ လက်စားချေခြင်းဆိုတာ အင်မတန် အင်အားကြီးတဲ့ ခွန်အားကြီးတစ်ရပ်ပဲ၊ ကျွန်တော် ပြောနေတာကို ခင်ဗျားလည်း သဘောပေါက်မှာပါ'





အားလုံးက ခေတ္တမျှ တိတ်ဆိတ်သွားသည်။ ထိုအမျိုးသမီးက ထပြန်မည်လုပ်တော့ မဟာကပါ ထရပ်ရင်း

'အိုကေနော်၊ ဩော် ခင်ဗျား ညွှန်ခဲ့ပွဲကို ဖိတ်ရမယ့်စာရင်းထဲမှာ ဦးသက်ပိုင်နဲ့ ဒေါ်မေနှောင်းတို့ ဇနီးမောင်နှံတတော့ ပါကိုပါရမယ်နော်'

× × × × × × × ×

'မင်း တော်တော် လူမှုရေး နားမလည်တဲ့သူပဲ ယမနေ'

'ဟာ မနေ့ကို တစ်ယောက်တည်းထားပြီး အစ်ကို့တို့က စကားပြောနေလိုက်ကြတာ မနေ့ကို သက်ရှိလူတစ်ယောက်လို့မှ ထင်သေးရဲ့လား'

ယမနေက ရင်ထဲရှိတာကို မကျေမနပ်နှင့် ဖွင့်ထုတ်လိုက်သည်။

'ဒါတွေ အားလုံးက မင်းအတွက်လုပ်နေတာ၊ ဒါကိုမှ မင်း မကျေမနပ်ဖြစ်စရာမလိုဘူး၊ မင်းလုပ်ရမှာ တစ်ခုပဲရှိတယ်၊



www.burmeseclassic.com

www.burmeseclassic.com



လှလှပပနဲ့ မင်းသမီးလုပ်ဖို့ပဲ'

'မလိုချင်ဘူး၊ လုံးဝမလိုချင်ဘူး၊ ဒီကမ္ဘာပေါ်မှာ ကျွန်မ အလိုချင်ဆုံးအရာ တစ်ခုပဲရှိတယ်၊ အဲဒါ အစ်ကို့ရဲ့အချစ်ပဲ' ဟု ပြောနေမိသည်။ သို့သော် အပြင်မှာတော့ ပါးစပ်ပိတ်၍ ကျောက်ရုပ်တစ်ရုပ်ပမာ ထိုင်နေမိသည်။

'ငါ့ဘဝမှာ မင်းနဲ့မတွေ့ခင်တုန်းက နာကျင်စရာ အကြောင်းအရာ တော်တော်များများ ရှိခဲ့တယ်၊ အဲဒီအတွက် လက်စားချေဖို့ ငါ ကြိုးစားတယ်၊ ဒါ ငါ့ရဲ့ရည်မှန်းချက်ပဲ'

'ဒါဆို အစ်ကို့ရဲ့ဘဝက ဘာအဓိပ္ပါယ်ရှိဦးတော့မှာလဲ၊ အမြဲတမ်း ဒီလက်စားချေဖို့ကိစ္စတစ်ခုတည်းနဲ့တင် ပူလောင်နေမှာပေါ့'

ယမနေ၏စကားကြောင့် မဟာတွေဝေသွားလေသည်။

'ဟုတ်ပါတယ်၊ ဒါပေမယ့် ထားလိုက်တော့၊ ငါဖြစ်ချင်တယ်ဆိုရင် ဖြစ်ကိုဖြစ်ရမယ်'

'ဟုတ်ပါတယ်လေ၊ အစ်ကို ဘာလုပ်လုပ် ယမနေက





အောင်မြင်ပါစေလို့ ဆုတောင်းပါတယ်'

'စိတ်ချပါ၊ ငါလုပ်တဲ့ အလုပ်က အောင်ကိုအောင်မြင် ရမှာပေါ့၊ မင်းသာ ညွှန်ခဲ့ပွဲကျရင် ဟိုဇနီးမောင်နှံကို ဘယ်လို ဆက်ဆံရမယ်ဆိုတာသာ စဉ်းစားထား'

ယမနေက ခေတ္တတွေဝေသွားပြီး

'အစ်ကိုက အဲဒီအကြောင်း သိပ်ပြောတာပဲနော်၊ အစ်ကိုနဲ့ ပြဿနာ ရှိခဲ့လို့လားဟင်'

'ဟင်း ဟင်း ရှိတာမှ သိပ်ရှိတာပေါ့၊ မေနှောင်းက ငါ့ရဲ့ အရင်တုန်းကချစ်သူ၊ ပြီးတော့ ဦးသက်ပိုင်က ငါ့ရဲ့ မွေးစား အဖေပဲ'

'ဟင်'

'ဒါပေမယ့် သူတို့ကို ငါသိပ်မုန်းတယ်၊ သစ္စာဖောက် နှစ်ယောက်'

မဟာက စိတ်လိုက်မာန်ပါပြောလိုက်ပြီးမှ ယမနေကို ကြည့်၍ မျက်နှာတစ်ချက် တည်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



'မသိစေနဲ့နော်၊ အဲဒီအကြောင်းကို ဘယ်သူမှမသိစေနဲ့' လက်ညှိုးတစ်ချောင်းထောင်၍ပြောပြီး အိပ်ခန်းထဲသို့ ဝင်သွားသည်။

× × ×  × × ×  × × ×

မကြာခင်ကာလအတွင်း ဧည့်ခံပွဲပြုလုပ်ရန် နေရာတို့ ရွေးချယ်ကြသည်။

'ကျုပ်ကတော့ သင်္ဘောပေါ်မှာ လုပ်ချင်တယ်၊ အားလုံးထက် ထူးခြားပြီး စိတ်ဝင်စားသွားအောင်ပေါ့၊ ခင်ဗျားစီစဉ်ပေးပါ'

နောက်ပိုင်းတွင် မဟာနှင့် ထိုအမျိုးသမီးက ဧည့်ခံပွဲအတွက် ပြင်ဆင်ကြသည်။ မနေ့မှာ သူတို့နှစ်ယောက်ကိုကြည့်၍ စိတ်ထဲမှ ကသိကအောက်ဖြစ်ရသည်။ သို့သော် ယမနေ့မှာ ဘာမှ ပြောခွင့်မှမရှိတာ။

မဟာက ညွှန်ကြား၊ ထိုအမျိုးသမီးက လိုက်လုပ် အတော်ကို အဆင်ပြေနေပုံရသည်။





ထိုအမျိုးသမီးက ဧည့်ခံပွဲသို့ ဖိတ်ကြားရမည့် ဧည့်သည်များစာရင်းကို ပြုစုသည်။ သင်္ဘောကြီးကိုလ ·ၢ်း ကြီးကြပ်ပြင်ဆင် ခြယ်မှုန်းသည်။

ရွက်တိုင်မှ သွယ်တန်းထွန်းညှိထားသည့် ရောင်စုံမီးလုံးဘန်းများက သင်္ဘောကြီးကို ထင်းထင်းကြီး ဖြစ်နေစေသည်။

ပြီးတော့ တီးဝိုင်းကိုလည်း ငှားထားသေးသည်။ အပေါ်ဆုံးထပ် ကုန်းပတ်ပေါ်ရှေ့ အမိုးမိုးထားပြီး အမိုးပတ်ပတ်လည်တွင် ချစ်စရာ တရုတ်မီးအိမ်ကလေးတွေ ထွန်းညှိထားသည်။ ပြီးနောက် ဘူဖေးစတိုင်လ် ကျွေးမွေးရန် စားပွဲရှည်ကြီးတစ်လုံးကို ချထားသေးသည်။

ဒီပွဲမှာ ထိပ်တန်းမင်းသား မင်းသမီးပေါင်းစုံ ရောက်ရှိလာမည်။ ဘာကြောင့်လဲဆိုတော့ တက်သစ်စလေး အင်မတန်မှ ချောမောလှပသော ယမနေကြောင့်ရယ်၊ လျှို့ဝှက်သိုသိပ်လွန်းသူ မဟာကြောင့်ရယ်သာ ဖြစ်သည်။

ခြောက်နာရီထိုးသောက်ကတည်းက ဧည့်သည်တွေ



www.burmeseclassic.com

www.burmeseclassic.com



တဖွဲဖွဲရောက်လာကြသည်။ ယခုအချိန်ထိတော့ မဟာအပြင်သို့ မထွက်သေးချေ။ သို့သော် ဦးသက်ပိုင်နှင့် ဒေါ်မေနှောင်းတို့ လာလျှင်တော့ သူ့ကိုခေါ်ရန် ပြောထားသည်။

မဟာက ဧည့်သည်တွေကို ဧည့်ခံရန် ထိုအမျိုးသမီးကို လွှတ်ထားသည်။ ဒါကို ယမနေက လုံးဝမကျေနပ်ချေ။ အခုတလော မဟာသည် ထို 'မေ' ဆိုသော အမျိုးသမီးကို ပိုပြီးဦးစား ပေးနေသည်ဟု ယမနေထင်မိတာလည်း ပါသည်။

မဟာသည် ဧည့်ခံပွဲထဲမှ အသံဗလံတွေကို အခန်းထဲမှ ကြားနေရသည်။ သို့သော် သူသည် ဧည့်ခံပွဲထဲသို့ဝင်ရန် လုံးဝ လှုပ်ရှားမှု မပြုလုပ်သေးချေ။ မိမိ ငါးနှစ်ကျော်ကျော် စောင့်မျှော် ခဲ့ရသော အချိန်ကာလတစ်ခုသို့ မကြာခင်ရောက်လာတော့မည် ဖြစ်ကြောင်းကို သိနေသည်။

အခြေအနေအားလုံးက သူဖြစ်စေချင်သလို ဖြစ်လာခဲ့ ပြီ။ ငွေသည် အုံခြစရာကောင်းလေစွ။ သို့သော် တည်ငြိမ်နေ သော သူကိုယ်သူလည်း အံ့ဩနေမိသည်။





သူ့ရဲ့စိတ်တွေ ကြည်လင်နေပြီ။ သူ့ရင်တွင်း တရှိန်ရှိန် တက်နေခဲ့သော အမုန်းတရားများသည် ယခုတော့ ကျေနပ်မှု များအဖြစ်သို့ ပြောင်းလဲကုန်ပြီ ဖြစ်သည်။

'အစ်ကို အဆင်သင့်ဖြစ်ပြီလား'

လှည့်ကြည့်လိုက်တော့ တံခါးဝတွင် ရပ်နေသော ယမနေကို တွေ့ရသည်။ ငွေရောင်ဝတ်စုံကို ကိုယ်လုံးအတိ ကပ် ချုပ်ထားသော ယမနေလေးသည် ကြွေရုပ်တလေးတစ်ရုပ်နှယ်။

နီညိုရောင်ဆံပင်များကို ပခုံးပေါ်တွင် တပိုကရို ချထား သည်။

'ဟား တယ်လှနေပါလား'

ယမနေက ကျေနပ်စွာ ပြုံးရင်း

'အစ်ကို ဝယ်ပေးထားတဲ့ ဝတ်စုံကိုဝတ်လာတာလေ၊ ဘကယ်လှလို့လား အစ်ကိုရဲ့'

'တကယ့်ကို လှပါတယ်ကွယ်'

သူ့ကိုကြည့်ရင်း မနေ မျက်ရည်ကြည်တွေဝေလာသည်။



www.burmeseclassic.com

www.burmeseclassic.com



'နောက်ပြီး ဆံပင်ကိုလည်း အစ်ကိုကြိုက်တဲ့အတိုင်း ဖြန့်ချထားတယ်လေ'

သူက ခေါင်းညိတ်၍ ဗီရိုဆီသို့ လျှောက်သွားသည်။

'အေးပါကွယ်၊ မင်းသိပ်လိမ္မာပါတယ်၊ မင်းကို ပေးဖို့ လက်ဆောင်တစ်ခုရှိတယ်'

သူကပြောရင်းနှင့် ဗီရိုအံဆွဲကို ဆွဲဖွင့်၍ အနီရောင် ကတ္တီပါစဖြင့် ပတ်ထားသော ရှည်မျောမျောဘူးလေးတစ်ဘူးကို ယူလာသည်။

'ဆု အနေနဲ့ပေါ့'

'ဘယ်လို'

'သြော် . . . အစ်ကိုတို့ စတွေ့ကတည်းက အစ်ကို ပြောသမျှကို နာခံပေးတဲ့အတွက်ပေါ့'

'မနေက အစ်ကို့စကားကို အမြဲနာခံမှာပါရှင်'

ယမနေ့အသံက အဖျားတုန်သွားသည်။ ရင်ထဲ ခံစားရ သမျှကို မိမိ၏အသံက ဖုံးဖိထားနိုင်ခြင်း မရှိတော့ချေ





'ယမနေရဲ့ နာခံမှုကို အစ်ကို ဒီပစ္စည်းတွေနဲ့ ဝယ်ယူဖို့ မလိုပါဘူး'

'ကိုယ်သိပါတယ်ကွယ်၊ အဲဒီအတွက်လည်း ကျေးဇူး တင်ပါတယ်'

မဟာက နူးညံ့စွာပြောသည်။ ပြီးနောက် သူ့ကို ရီဝေ ဝေ မျက်ဝန်းများဖြင့် ကြည့်နေသော ယမနေ့အား ပွေ့ဖက်လိုက် တော့သည်။

'အစ်ကို့ကို ချစ်တယ်'

ယမနေသည် ဘယ်လိုမှ ထိန်းချုပ်နိုင်စွမ်းမရှိတော့ဘဲ ပြောလိုက်မိလေသည်။ ထိုအခါ မဟာကခေါင်းတစ်ချက်ညိတ်၍

'အဲဒါဆို ကိုယ့်ကို ကူညီပါ'

'အစ်ကိုခိုင်းတာ ဘယ်တုန်းက ယမနေ ငြင်းဆန်ဖူးလို့လဲ'

'ဟုတ်ပါပြီလေ၊ လာမယ့်သီတင်းပတ်တွေ လတွေ အတွင်းမှာ မင်းကိုယ်တိုင် ကူညီရတဲ့အခါမျိုးတွေ ပေါ်လာလိမ့် မယ်'



www.burmeseclassic.com

www.burmeseclassic.com



'မနေ လုပ်မှာပါ'

'ကိုယ် မင်းကို အကျိုးအကြောင်းရှင်းပြနိုင်မှာ မဟုတ်ဘူးနော်၊ ကိုယ့်ကို နားလည်ပေးပါ'

'ရှင်းပြစရာ မလိုအပ်ပါဘူး'

'အိုကေ . . . အိုကေ'

မဟာက ယမနေ၏နဖူးကို ခပ်ဖွဖွနမ်း၍

'လက်ဆောင်ဘူးလေးကို ဖွင့်ကြည့်ပါဦး'

'အစ်ကို့ နှလုံးသားထဲက ပေးတဲ့လက်ဆောင်လို့ပြောမှ'

'အစ်ကို့ နှလုံးသားက ပေးတာပါကွယ်'

ခလုတ်ကိုနှိပ်ပြီး ဘူးအဖုံးကို ဖွင့်လိုက်သည်။ ကျောက်စိမ်းဆွဲကြိုးလေးပေါ်လာ၏။ ကျောက်စိမ်းတုံးလေးတွေကို စိန်အသေးလေးတွေဖြင့် ဝိုင်းထားပြီး ပလက်တီနမ်ကြိုးထဲတွင် မြှုပ်ထားသည်။

'အိုး . . . လှလိုက်တာ'

ကျောက်စိမ်း၏ မျက်နှာပြင်များကို လက်ချောင်းထိပ်ကလေးများဖြင့် ပွတ်ကြည့်နေသည်။





မနေ၏ပုံစံက ဆွဲကြိုး၏တြိုးမားသော တန်ဖိုးထက်ကျောက်တုံးလေးများ၏အသားကို စမ်းရတာပိုပြီး စိတ်ဝင်စားနေသည့်ကလေးငယ်တစ်ယောက်လိုပင် ဖြစ်သည်။

'ဒီ ကျောက်ကလေးတွေ စမ်းကြည့်ရတာ ချောမွတ်လိုက်တာ၊ မနေ ငယ်ငယ်က ရေတံခွန်မှာ ကောက်ခဲ့တဲ့ ကျောက်စရစ်ခဲလေးတွေ အတိုင်းပဲ'

'ဆွဲထားလေ'

'အခုလား'

'ဒါပေါ့၊ ကိုယ်က မင်းကို ဒီညေခံပွဲမှာ ဆွဲစေချင်လို့ပြီးတော့ မွေးနေ့လက်ဆောင်လေ'

မနေက ဘူးထဲမှဆွဲကြိုးကို ရွရွကလေး ထုတ်ယူသည်။ ပြီးတော့ သူ့အသားမှာ ကပ်ကြည့်သည်။ ဖြူနုသော အသားအရည်ပေါ်တွင် ကျောက်စိမ်းလေးတွေနှင့် စိန်ပွင့်လေးတွေမှာ ဘာဖျပ်ဖျပ်လက်နေသည်။

'ဟိုဘက်လှည့်လေ'



www.burmeseclassic.com

www.burmeseclassic.com



မဟာက ဆံပွဲကြိုး၏အစွန်းနှစ်စကိုကိုင်ပြီး မနေ၏ လည်ပင်းမှာ ပတ်လိုက်သည်။ ခလုတ်ကလေးနှိပ်၍ အစွန်းနှစ်စကို ဆက်သည်။ ချိတ်ကလေးကို နိုင်မနိုင်သေချာကြည့်ရသေးသည်။

မနေက သူ့ကို မှန်ထဲမှ ကြည့်နေမိသည်။

ယမနေဟာ အင်မတန်မှ အချိုးကျလှသော ဒမ်မီရုပ်ကလေးပမာ လှပနေသည်။ ယမနေ၏ ခန္ဓာကိုယ်ကောက်ကြောင်း ထင်းထင်းများက ရင်ဖိုစရာ။

'အစ်ကို မနေ့ကို ချစ်လားဟင်'

'အစ်ကို့ရင်ထဲမှာ အများကြီး ခံစားရပါတယ်'

မဟာအကြည့်လွှဲထားလိုက်သည်။ သူ မအီမသာဖြစ်နေသည်ကို မနေ ရိပ်မိလိုက်သည်။

'ဒါပေမယ့် အချစ်တော့ မဟုတ်ဘူးပေါ့နော်'

'အချစ်ဆိုတဲ့ ခံစားချက်မျိုး ကိုယ့်ရင်ထဲမှာ ထပ်ပြီးပေါ်ဖွားနိုင်ပါဦးမလားဆိုတာ ကိုယ့်ကိုယ်ကိုလည်း မပြောတတ်တော့ဘူး'





'အစ်ကို ပြောနိုင်တဲ့တစ်နေ့ကျရင် ယမနေ့ကို ပြောပြမှာလားဟင်'

'ပြောပြပါ့မယ်ကွယ်၊ ကိုယ်ကတိပေးပါတယ်'

ယမနေက မော့ကြည့်လိုက်သည်။ သူမ၏မျက်ဝန်းအစုံဝယ် မျက်ရည်ဥတွေ တွဲခိုနေတာကို မဟာမြင်လိုက်ရသည်။ မှန်တင်ခုံပေါ်ရှိ ဘူးလေးတစ်ဘူးထဲမှ တစ်ရှူးတစ်ရွက်ကိုယူပြီး ယမနေ၏ပါးနှစ်ဖက်ကို အသာအယာ တို့ပေးလိုက်သည်။

'မျက်ရည်တွေ ထပ်မကျစေနဲ့တော့ မိတ်ကပ်တွေ ပျက်ကုန်မယ်'

'မနေ ဂရုမစိုက်ဘူး'

'ကိုယ်ကတော့ ဂရုစိုက်တယ်၊ ဒီပွဲမှာ မင်းအချောဆုံး၊ အလှဆုံးဖြစ်နေဖို့ကတော့ အရေးကြီးတယ်ကွ'

မဟာက ကောင်မလေး၏နဖူးစပ်ရှိ ဆံနွယ်လေးများကို ခပ်ရွရွလေး သပ်တင်ပေးလိုက်သည်။

'မင်းကို အသေအချာဂရုစိုက်သွားရမယ့် လူနှစ်ယောက်ရှိတယ်'



www.burmeseclassic.com

www.burmeseclassic.com



'ဘယ်သူတွေလဲ'

'ဘယ်သူတွေ ရှိရဦးမှာလဲ၊ ဦးသက်ပိုင်နဲ့ ဒေါ်မေနှောင်း ပြီးတော့ ဦးသက်ပိုင်အသစ်တင်ထားတဲ့ မင်းသား နေထွန်း ရယ်ပေါ့'

ယမနေ ခပ်တွေတွေလေး ဖြစ်သွားသည်။

'ကျွန်မ သူတို့ကို သေချာမသိဘူး'

'သိစရာ မလိုပါဘူးကွာ၊ မင်းဒီည လှနေပုံမျိုးနဲ့ဆို မကြာ ခင် အချိန်အတွင်း သူတို့မင်းကို သတိထားမိသွားမှာပါ'

ထိုစဉ်

တူ . . . တူ

တယ်လီဖုန်းက အသံမြည်လာ၍ မဟာက ဖုန်းကို ကောက်ကိုင်လိုက်သည်။ သတင်းပို့သူက သူတို့၏မန်နေဂျာ ဖြစ်သည်။

'အခုပဲ ဦးသက်ပိုင်နဲ့ဇနီး သင်္ဘောပေါ်ရောက်လာပြီ တယ်'





'ကျေးဇူးပဲ၊ ကျွန်တော် ခုပဲ ထွက်ခဲ့မယ်'

ဖုန်းကိုပိတ်၍ ယမနေ့ဘက်သို့လှည့်ကာ

'အဆင်သင့်ပဲလား'

'ဟုတ်ကဲ့'

'ဒါဆို သွားစို့လေ'

ယမနေက မဟာ၏လက်မောင်းကို ဆွဲကိုင်လိုက်သည်။ ယမနေ၏ရင်ထဲမှ ရင်ခုန်သံစဉ်တွေက မညီမညာဖြစ်နေသည် ကို ဥပေက္ခာပြုရင်း အရှိန်ရနေပြီဖြစ်သော ညစာစားပွဲကျင်းပရာသို့ မဟာက ဦးဆောင်ခေါ်သွားလေတော့သည်။

ယမနေက မဟာ၏လက်မောင်းကို ပိုင်ပိုင်နိုင်နိုင် ချိတ်ရင်း ခပ်နွဲ့နွဲ့လေး လိုက်ပါသွားလေတော့သည်။

× × × × × × × × ×

ယမနေသည် ညစာစားပွဲထဲသို့ ဝင်ဝင်လိုက်ခြင်းပင် အ စိမ်းရောင်ဝတ်စုံရှည်ဖြင့် လှပနေသော အမျိုးသမီးတစ်ယောက် ကို သတိပြုမိသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုအမျိုးသမီးကလည်း မနေ့ကို စူးစူးရဲရဲ စိုက်ကြည့်နေလေသည်။

မျက်လုံးချင်းဆုံတော့ မနေကပဲ မနေနိုင်စွာ မျက်လုံးစလွှဲလိုက်သည်။

ဒီအမျိုးသမီးဟာ အစ်ကိုရဲ့ ချစ်သူဟောင်းဖြစ်နိုင်သည်ဟု တွေးမိသည်။ သို့သော် ပိုပြီးသေချာသွားအောင်

'အစ်ကို အစ်ကိုရဲ့ မွေးစားအဖေနဲ့ သူ့အမျိုးသမီးက ဘယ်မှာလဲ'

ခပ်တိုးတိုး ကပ်မေးလိုက်သည်။

'ဟို အစိမ်းရောင်ဝတ်စုံနဲ့ အမျိုးသမီး၊ သူ့ဘေးက သူ့အမျိုးသားပဲ၊ ခပ်လှမ်းလှမ်းမှာ ရပ်နေတာက သူတို့အခု အသစ်တင်ထားတဲ့ မင်းသား နေထွန်းတဲ့ အဲဒါပစ်မှတ်ပဲနေ့'

မနေက နားလည်သည့်အနေဖြင့် ခေါင်းညိတ်ပြလိုက်သည်။

ထို မနှောင်းဆိုသည့် အမျိုးသမီးကို ဒုတိယအကြိမ် ပြန်ကြည့်လိုက်သည်။





မနှောင်းက နှုတ်ခွန်းချိုသာစွာ ပြုံးပြုံးရယ်ရယ်ဖြင့် အခြားသူများနှင့် စကားပြောနေသည်။

သူမ ကြည့်ရတာ လူမှုရေးဖောက်ခဲ့ပေါ်တွင် ပိုင်ပိုင်နိုင်နိုင်ကြီး ကပြနေသည်။

သူမ ဆင်မြန်းလာသည့် အစိမ်းရောင်ပိုးဂါဝန်မှာ ရှိုးရှိုးကလေးပင်။ နောက်ပြီး အချိန်မရသဖြင့် ဆံနွယ်တို့ကို အသာလေးပင် ချထားသည်။

သို့တိုင် သည်ညရောက်ရှိနေသည့် ထိပ်တန်းရုပ်ရှင်မင်းသမီးတွေနှင့် ရင်ပေါင်တန်း ယှဉ်နိုင်သည်။

သူမ အလှက နန်းဆန်သည့်အလှမျိုးတော့ မဟုတ်။ ဖြူးခနဲ ဖျတ်ခနဲ ရင်ကိုစွဲမက်သွားစေမည့်အလှမျိုး။ နောက်ပြီး သူမ၏စွဲဆောင်နိုင်စွမ်းမှာ ဖော်ရွေလိုက်လှဲမှုပေါ်တွင် များစွာတည်နေလေသည်။

ယမနေက သူမကိုကြည့်နေရင်းမှ နဘေးမှ မဟာကို တစ်ချက်လှမ်းကြည့်တော့ မဟာတလည်း ထိုအမျိုးသမီးကို မှိုင်ဝစွာ ကြည့်နေလေသည်။



www.burmeseclassic.com

www.burmeseclassic.com



'အစ်ကို'

ယမနေက စိတ်မချစွာ လက်မောင်းကို ကိုင်လှုပ်လိုက်တော့မှ သတိဝင်လာသည့်ပုံစံမျိုးဖြင့်

'ဘာလဲ မနေ'

'အစ်ကို ဒေါ်မေနှောင်းကို ချစ်နေတုန်းပဲလားဟင်'

ယမနေ၏မေးခွန်းကြောင့် သူ့ရဲ့မျက်နှာက တစ်ချက်ပျက်သွားပြီး ချက်ချင်းပင် ပြန်ပြင်ကာ

'မဟုတ်ပါဘူးကွာ၊ အခုဒါတွေပြောနေရမယ့်အချိန်မဟုတ်ဘူး။ သွား သွား လူချင်းခွဲလိုက်တော့ အဲဒီနေထွန်းဆိုတဲ့ကောင် မင်းကိုစိတ်ဝင်စားအောင် လုပ်ပေတော့'

အစ်ကို့ရဲ့အမိန့်ကြောင့် အစ်ကို့ကို တောင်းပန်တိုးလျှိုးသော အကြည့်ဖြင့် ကြည့်သော်လည်း ဂရုမစိုက်ချေ။

နောက်ဆုံးတော့လည်း ယမနေဟာ အစ်ကို့စကားကို ဘယ်တော့မှ မဖယ်ရှားနိုင်သူပီပီ မဟာ့ကိုတွဲထားသောလက်ကို ဖြုတ်၍ နေထွန်းရှိရာဘက်သို့ ထွက်လာခဲ့တော့သည်။





ထို နေထွန်းဆိုသူကလည်း ယမနေလာတာကို မျက်တောင်မခတ်စတမ်း ကြည့်နေသည်။

ယမနေလာတာကိုတောင် မစောင့်ဘဲ သူက ယမနေဆီကို လျှောက်လာ၍

'ယမနေနော်'

'ဟုတ်ပါတယ်'

'ဒီပွဲက ယမနေ့ပွဲပဲ သိလား၊ အားလုံးထဲမှာ ယမနေလောက်လှတာ ကိုယ်တစ်ခါမှကို မတွေ့ဖူးဘူး'

'ကျေးဇူးတင်ပါတယ်ရှင်'

ထုံးစံအတိုင်း ယမနေက လူမှုဆက်ဆံရေးကို ပိုင်နိုင်စွာ အသုံးချလိုက်သည်။ နေထွန်းဆိုသောသူ၏ မျက်လုံးများကတော့ ယမနေ့ကို စိတ်ဝင်စားနေတာ သေချာပြီဖြစ်သည်။

'ရှင့်အမည်လေးလည်း တစ်ဆိတ်လောက်ပြောပါဦး'

'ကိုယ့်နာမည် နေထွန်းပါ'

'ဪ ဒေါ်မေနှောင်းတို့နဲ့ ဘာတော်လဲ၊ ဝင်လာတုန်းက အတူတူပဲထင်တယ်'



www.burmeseclassic.com

www.burmeseclassic.com



'ဟုတ်တယ် ဒေါ်မေနှောင်းက ကိုယ့်ရဲ့အန်တီလေး လေ၊ ဒါတွေထားပါတော့ ဘာစားပြီးပြီလဲ'

ယမနေက ခေါင်းခပ်ဖွဖွရမ်းပြရင်း မဟာတို့ဘက်သို့ လှမ်းကြည့်လိုက်သည်။ ဒေါ်မေနှောင်း၊ ဦးသက်ပိုင်၊ မဟာနှင့် အတူ ဟိုမန်နေကျာမ မေ သည်လည်း အတော် အဆင်ပြေနေပြီ ဖြစ်သည်။

ယမနေ၏အကြည့်ကို မဟာက ရိပ်မိပုံဖြင့် ဆက်လုပ် ဟူသော အဓိပ္ပါယ်ကိုပြသည့်အနေဖြင့် ခေါင်းဆတ်ပြလိုက် သည်။

ထို့ကြောင့် မနေလည်း သူခိုင်းတာလုပ်သည့်အနေနှင့် ရော၊ အရွဲ့တိုက်သည့်အနေနှင့်ပါ ယခုမှ တွေ့သော ထိုနေထွန်း ဆိုသူ၏လက်မောင်းကို လှမ်းကိုင်၍

'ကျွန်မတို့ တစ်ခုခုသွားစားစို့'

ဟု ပြောလိုက်လေတော့သည်။

မဟာတို့မှာကား ယမနေထင်သလိုမဟုတ်ချေ။ မဟာ သည် အခန်းထဲကထွက်လာပြီးချိန်မှစ၍ မေနှောင်း၏လှုပ်ရှား





တိုင်းကို စောင့်ကြည့်အကဲခတ်နေခဲ့သည်။

မေနှောင်းကို ပြန်တွေ့ရလျှင် မိမိဘယ်လိုများ ခံစား ရမလဲဟု ငါးနှစ်လုံးလုံး အမျိုးမျိုးတွေးလာခဲ့သည်။

ဒေါသထွက်မလား၊ မခံချည့်မခံသာဖြစ်မလား၊ စိတ် ဆင်းရဲရမလား၊ သို့သော် ဤခံစားချက်မျိုးတွေ တစ်ခုမှ ပေါ်မလာ။

ဘာပဲဖြစ်ဖြစ် မြင်မြင်ချင်းတော့ ဘယ်လိုမှမခံစားရ၊ မေနှောင်းကပိုပြီး ရင့်ကျက်လာသည်။ ငါးနှစ်တာအချိန်ကာလ က သူမမျက်နှာပေါ်တွင် အရေးအကြောင်းသာ ပေါ်လာသည်။ သို့တိုင် လှပဆဲ။

တကယ်တော့ ဤမိန်းမသည် မိမိအားချစ်ပါသည်ဟု ထုတ်ဖော်ကြေညာခဲ့သည်။ မိမိနှင့် လက်ထပ်ပါမည်ဟုလည်း ကတိပေးခဲ့သည်။

နောက်ပြီး မိမိဒုက္ခရောက်တော့မည့် နိမိတ်လက္ခဏာ လေးတွေ့ရုံမျှဖြင့် သူ့အား သစ္စာဖောက်သွားသူ၊ အဲဒါတွေ တကယ်ဖြစ်ခဲ့ပါလားဟု မဟာ ခုထိ ယုံခက်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



ရင်ထဲမှာ မုန်းတီးနာကျင်စိတ်နှင့် သူမကိုလိုချင်မက်မောစိတ်တို့က လွန်ဆွဲနေသည်။

မေနှောင်းကို နောက်ဆုံးတစ်ကြိမ် သေသေချာချာစိုက်ကြည့်ပြီးနောက် ဦးသက်ပိုင်ရှိရာသို့ ခြေလှမ်းကျဲများဖြင့်လှမ်းသွားလိုက်သည်။

'ခင်ဗျား အခုလိုရောက်အောင်လာနိုင်တာ ဝမ်းသာပါတယ်'

မဟာကပင် အရင်စ၍ ညာလက်တစ်ဖက်ကို ကမ်းပေးလိုက်သည်။ ဦးသက်ပိုင်ကလည်း သူ့ရဲ့ညာလက်ကို ပြန်၍ဆုပ်ကိုင်လိုက်သည်။ သူ့ရဲ့လက်တွေကတော့ အေးစက်စက်ဖြစ်နေမှာ အသေအချာပင်ဖြစ်သည်။

'ကျုပ်ရဲ့ ဇနီးလည်းပါလာတယ် မောင်ရင်နဲ့မိတ်ဆက်ပေးရဦးမယ်'

ဦးသက်ပိုင်က သူ့ကိုလုံးဝခန့်မှန်း မရိပ်မိစွာပင် အစိမ်းသက်သက်ပြောတော့ သူကျေနပ်စွာပြုံးလိုက်သည်။ သူတို့နှစ်





ယောက် စကားပြောနေသည်ကိုတွေ့တော့ ခပ်လှမ်းလှမ်းရှိ မေနှောင်းက လျှောက်လာသည်။

'ကျွန်မ ထူးဆန်းနေတာရှင့်'

မေနှောင်းက မဟာကို တည့်တည့်စိုက်ကြည့်၍ ပြောလိုက်သည်။

'ကျွန်မ ဒီပေါ်ရောက်ကတည်းက ရှင်ကျွန်မကို တစ်ချိန်လုံး လိုက်ကြည့်နေတယ်လေ၊ ကျွန်မက ဘာတွေများ ဒီလောက်စိတ်ဝင်စားစရာ ကောင်းနေလို့လဲ'

'ကျွန်တော် ခင်ဗျားကို စိတ်ကသိကအောက်ဖြစ်အောင် ရည်ရွယ်ပါဘူး'

'ဟင်း ဟင်း ရှင့်မှာ အကြောင်းတစ်ခုခုတော့ ရှိမှာပေါ့'

'လူတန်းစားအလွှာ အသီးသီးနဲ့ ဆက်ဆံတဲ့နေရာမှာ သူတို့နဲ့တစ်သားတည်းဖြစ်သွားအောင် ရောနှောနိုင်တဲ့ ပုတ်သင်ညိုလို အရည်အသွေးမျိုး ခင်ဗျားမှာရှိတယ်လေ၊ အဲဒီအရည်အသွေးမျိုးက ရှားတယ်ဗျ'



www.burmeseclassic.com

www.burmeseclassic.com



မဟာက ထိန်းထိန်းသိမ်းသိမ်းနှင့် ပြေလည်အောင် ပြောပေမယ့်မရ။ မေနှောင်းက သူ့ကိုအတော်ကြည့်မရဖြစ်နေပုံ ရသည်။

'ကျွန်မ ရှင်သန်ရပ်တည်နေရတာက အဲဒီလိုလေ၊ အဲဒါကို ရှင်က ဘာပြောချင်'

'မောင်ရင် ကျုပ်အမျိုးသမီးနဲ့ တွေ့ဆုံချင်တယ် မဟုတ်လား၊ မေနှောင်း သူက ကိုယ်တို့ရဲ့အိမ်ရှင် ကိုမဟာလေ'

ဦးသက်ပိုင်က ပြဿနာမကြီးခင် ဝင်ပြောသည်။ သို့သော်မရ။ မေနှောင်းက ခပ်တည်တည်ပင် ဆက်ပြောသည်။

'ဒီလောကကြီး အနုလုံပဋိလုံ စစ်ဆေးလေ့လာပြီးမှတော့ ရှင်ကျွန်မကိုသိပြီးနေလောက်ပြီ ထင်ပါတယ်'

'ခင်ဗျားကိုသိတာမဟုတ်ဘူး ခင်ဗျားလို မိန်းမစားမျိုးကို သိတာ'

မဟာက ခပ်ပြတ်ပြတ်ပြောပြီး သူမနောက်ထပ်၊ ထပ်မပြောခင်စကားဖြတ်၍ ဦးသက်ပိုင်ကိုပင်ဆက်ပြီး စကားပြောနေလိုက်သည်။





'ဒါနဲ့ ဦးသက်ပိုင် ကျွန်တော်ကိုယ်တိုင် ဇာတ်ညွှန်းရေးထားတဲ့ ရုပ်ရှင်ကားတစ်ကားရှိတယ်၊ ခင်ဗျားကို ဒါရိုက်တာ လုပ်ခိုင်းဖို့ စိတ်ဝင်စားတယ်၊ ပြီးတော့ မင်းသမီးကိုတော့ ကျွန်တော့်ရဲ့ မင်းသမီး ယမနေကို တင်စေချင်တယ်၊ ထုတ်လုပ်သူကတော့ ကျွန်တော်ပေါ့ဗျာ'

မဟာက ခပ်အေးအေးပြောပြီး စီးကရက်တစ်လိပ်ကို မီးညှိ၍ သောက်နေလိုက်သည်။ ထိုစဉ်မှာပင် သူ့ရဲ့မန်နေဂျာ မေက ဒီဘက်သို့လျှောက်လာသည်။

'ဟော စကားကောင်းနေလား ကိုမဟာ'

'ဟုတ်တယ် မေရေ ယမနေကို မင်းသမီးတင်ဖို့ ဆွေးနွေးနေတာ'

'ဩော် ဒါလား ယမနေက ဖြစ်နိုင်ပါတယ်၊ အခု ဒီပွဲထဲပဲ မီဒီယာတော်တော်များများက သိသွားပြီပဲ၊ ဦးသက်ပိုင်ဆိုလည်း နာမည်ကြီး ဒါရိုက်တာတစ်ယောက်ပဲလေ'

မေက သူ့ဘက်မှနေ၍ သာသာထိုးထိုးလေးပြောလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



သို့သော် အလုပ်ကိုအလုပ်နှင့်တူအောင် လုပ်တတ်သော ဦးသက်ပိုင်ကမူ

'သူ့ဗိုက်တင်က ရှိသေးတယ်၊ ရုပ်လှပေမယ့် ဗိုက်တင် မရရင်သွားရောဗျ'

မဟာက ဘာမှဆက်မပြောတော့ဘဲ ထိုဝိုင်းထဲမှ လှည့်ထွက်ခဲ့သည်။ သူ့ကိုယ်စား မေကဦးသက်ပိုင်ကို ပြောလိမ့်မည်မှာ အသေအချာပင်ဖြစ်သည်။

ထို့ကြောင့်

ရှန်ပိန်ခွက်တစ်ခွက်ကိုယူ၍ စားပွဲတစ်လုံးတွင် အသာဝင်ထိုင်ပြီး ညှိခံပွဲအခြေအနေကို ကြည့်လိုက်သည်။ အားလုံးက သူဖန်တီးစီစဉ်သလိုဖြစ်ချေပြီ။ သို့တိုင် သူစိတ်က မကျေနပ်သေးတာကြောင့် သူ့ကိုယ်သူ အံ့ဩ ယူရသည်။

'သူ ရုပ်ရှင် ရိုက်ကိုရိုက်ရမှာပါလေ၊ ငါ့အစီအစဉ်တွေ အားလုံးလည်း ဖြစ်မှာပါ'

မဟာက စိတ်ဖြေသည့်အနေနှင့် ခပ်တိုးတိုးဖွဖွေ





ရွတ်ပြီး ယမနေ့ရှိရာဘက်သို့ လှမ်းကြည့်မိလေတော့သည်။ ယမနေကတော့ ထုံးစံအတိုင်း နေထွန်းဆိုသော ကောင်လေးနှင့် အတော်အဆင်ပြေပြေ ဖြစ်နေချေပြီ။

သူက ယမနေကို လှမ်းကြည့်ရင်း စိတ်မကောင်းဖြစ်မိသည်။

သည်ကောင်မလေးဟာ သူ့စကားကို အမြဲနားထောင်တတ်သူလေးလည်း ဖြစ်သည်။

သူတာ စားပွဲခုံတစ်ခုံတွင် အေးအေးလူလူဝင်ထိုင်ပြီး မြစ်ဖြင်ကို ငေးကြည့်နေမိတော့သည်။ သူငေးကြည့်တာ အချိန်အတော်ကြာသွားပုံရသည်။

သူ့ဘေးနားမှာ အမျိုးသမီးတစ်ယောက်က လာရပ်ပြီးခေါ်တော့မှပင် သတိဝင်လာတော့သည်။

'မဟာ ဦးမဟာ'

'ဪ ဒေါ်မေနှောင်း ဆောရီး ကျွန်တော် အတွေးလွန်သွားလို့ ခင်ဗျားရောက်နေတာ ကြာပြီလား'

www.burmeseclassic.com



သူက အနောက်ကိုလှည့်ကြည့်ရင်း ပြောလိုက်သည်။ မေနှောင်းကိုကြည့်ရင်း သူရင်တွေလှိုက်ခုန်လာသည်။

'ရှင်နဲ့ ဆွေးနွေးစရာရှိလို့'

'ဟုတ်တဲ့ ထိုင်ပါ'

'ကျွန်မတို့လည်း ရှင့်လိုပဲ နေထွန်းကိုဖြစ်မြောက်အောင် မင်းသားတင်ချင်တယ်၊ ရှင်ကလည်း ယမနေကို မင်းသမီးတင် ချင်တယ်၊ ဒီတော့အားလုံး အဆင်ပြေသွားအောင် ညှိကြမယ်လေ'

မေနှောင်းက မင်းသမီးပီပီ သူမလိုရာကိုပြောနေ၍ သူ ကျေနပ်စွာပြုံးမိသည်။ ဦးသက်ပိုင်က ဤကဲ့သို့ဆွေးနွေးရန် မေ နှောင်းကို လွှတ်လိုက်ဟန် တူသည်။ လုပ်ငန်းကိစ္စများ အတော် ကြာကြာဆွေးနွေးပြီးနောက် စကားစပြတ်သွားသည်။

'ဒါနဲ့ ဒေါ်မေနှောင်းကို ကြုံတုန်းမေးရဦးမယ်၊ ဦးသက် ပိုင်က လွန်ခဲ့တဲ့နှစ်တွေတုန်းက မင်းသားတစ်ယောက်တင်ဖူး တယ်နော် ဘာတဲ့'

'ဇွန်းပါ'

မေနှောင်းက မျက်စိပျက်မျက်နှာပျက်နှင့်ပြော...





သူကျေနပ်စွာပြုံးသည်။

'အဲဒီ မင်းသားက ဦးသက်ပိုင်ရဲ့ မွေးစားသားတော် တယ်နော်'

'ကျွန်မတို့ အဲဒီအကြောင်း မဆွေးနွေးကြရင် ကောင်း မယ်ထင်တယ်'

'ဘာဖြစ်လို့လဲဗျ ကျွန်တော်က အဲဒီမင်းသား တော် လွန်းလို့ သဘောကျသူပါ'

'သူ သူမရှိတော့ဘူး'

မေနှောင်းကပြောပြီး စိတ်လိုက်မာန်ပါထရပ်လိုက်တာ ကြောင့် သူကသူမ၏လက်မောင်းကို ဖမ်းထိန်းလိုက်သည်။

'ရပါပြီ ကျေးဇူးတင်ပါတယ်ရှင်ကျွန်မကိုသွားခွင့်ပြုပါဦး'

မျက်နှာအပျက်ပျက် အယွင်းယွင်းနဲ့ ထွက်သွားသော မေနှောင်း၏ကျောပြင်ကို ကြည့်၍ သူသက်ပြင်းခပ်ဖွဖွရှိုက်မိ သည်။

ဘာပဲဖြစ်ဖြစ် ဒီပွဲတွင် သူရှုံး၍တော့ မဖြစ်ပါ။

× × × × × × × × ×



www.burmeseclassic.com

www.burmeseclassic.com



'မျက်နှာက ပုပ်သိုးနေတာပဲ ဘာဖြစ်နေတာလဲ'

သူက နံဘေးတွင်ထိုင်နေသော ယမနေ့ကို တစ်ချက်ငဲ့ကြည့်ပြီးပြောလိုက်သည်။ ယမနေက ဘာမှပြန်မပြောဘဲ တိတ်ဆိတ်နေသည်။ အိမ်ရှေ့တွင် ကားက ထိုးရပ်သွားသော်လည်း သူမက ကားတံခါးကိုအရင်ဖွင့်၍ သူမအခန်းရှိရာသို့ ခပ်သွက်သွက် လျှောက်သွားလေသည်။

သူက အနောက်မှ အမိုလိုက်၍ သူမ၏လက်မောင်းတို ဖမ်းဆွဲထားလိုက်သည်။

'ဘာဖြစ်လို့ ငါမေးနေတာကို မဖြေတာလဲ'

'ကျွန်မလက်ကို လွှတ်ပါ၊ ကျွန်မဒီမှာမနေတော့ဘူး၊ ရွာပြန်မယ်'

'တော်စမ်း'

သူက စိတ်တိုတိုနှင့်အော်လိုက်ပြီး သူမလက်ကို ဆောင့်ဆွဲ၍ ကုတင်ပေါ်မှာ ထိုင်စေသည်။

'နင့်ကိုငါက မြင့်စေချင်လို့ မိုးပေါ်ဆွဲတင်တာကို နင်က ခုန်ချချင်နေတာလား'





'ယမနေ မြင့်လည်းမမြင့်ချင်တော့ဘူး၊ အစ်ကို့ရဲ့ ဥပေက္ခာတရားတွေကိုလည်း သည်းမခံနိုင်တော့ဘူးသိလား'

'ငါ ဘယ်မှာ ဥပေက္ခာထားလို့လဲ ဥပေက္ခာမထားလို့ဘဲ နင့်အတွက် ငါလိုက်စီစဉ်တာပေါ့'

'ဪ ဒေါ်မေနှောင်းနဲ့ သဘော်ဦးမှာ ဖက်လားရမ်းလားက ကျွန်မအတွက်ပေါ့ ဟုတ်လား'

သူက သက်ပြင်းတစ်ချက်ရှိုက်၍ ဆိုဖာပေါ်တွင် ဝင်ထိုင်လိုက်သည်။ ဒီကောင်မလေး သဝန်တိုနေပြီဆိုတာ သူသိလိုက်သည်။

'နေရာတကာ ကလေးမဆန်ချင်စမ်းပါနဲ့ ယမနေရယ်'

'ဒါ ကလေးဆန်တာမဟုတ်ဘူး မနေခံစားရတာ မနေပဲသိတယ် အစ်ကိုကတော့ ဘယ်သိပါမလဲ၊ အစ်ကိုက မနေ့ကိုမှချစ်တာ'

ကောင်မလေးက ပြောရင်း ရှိုက်ကြီးတငင်ငိုချလေတော့သည်၊ သူက ကောင်မလေးရဲ့ကျောကို ခပ်ဖွဖွပုတ်ရင်း

'မနေ မနေ ကလေးရယ် ကလေးခံစားနေရတာတွေ



www.burmeseclassic.com

www.burmeseclassic.com



အစ်ကို သိပါပြီ၊ နားလည်ပါပြီကွာ မငိုပါနဲ့တော့ အစ်ကိုကလေး ကို သနားလိုက်တာ စိတ်ချကွာ အစ်ကိုကတိပေးတယ်။ တစ်နေ့ ကျရင် အစ်ကိုလက်ထပ်မယ့်သူဟာ ကလေးကလွဲပြီး တစ်ခြားသူ မဖြစ်နိုင်ဘူး ကလေးကိုပဲ လက်ထပ်မယ်လို့ အစ်ကို ကတိပေး တယ်'

ဒီတော့မှ ကောင်မလေးက သူ့ကို မျက်ရည်အရွှဲသား နှင့် မော့ကြည့်ပြီး

'တကယ်လား'

'တကယ်ပေါ့ကွာ၊ ကဲမျက်ရည်တွေကို မြန်မြန်သုတ် လိုက်တော့'

ကောင်မလေးက မျက်ရည်တွေကို သူပြောတဲ့အတိုင်း သုတ်လိုက်သည်။

'ဒါပေမယ့် တစ်ခုတော့ရှိတယ်နော် အစ်ကိုတို့လက် မထပ်ရသေးခင် ကြားအချိန်ကာလကို မနေကသည်းခံရမယ် နော် ကလေး၊ အူတိုတာတို့ အခုလို ဂျစ်ကန်ကန်လုပ်တာ အစ်ကို့ကို စိတ်အနှောင့်အယှက်ဖြစ်အောင် ကျေးဇူးပြုပြီး မလု





ပါနဲ့ကွယ်'

'အိုး ဒါကတော့ အစ်ကို့ကိုချစ်လို့ အူတိုတာပဲ၊ တစ်ခါ တစ်လေတော့ ရှိမှာပေါ့'

သူက ကလေးဆန်သော ကောင်မလေးကို တစ်ချက် ကြည့်၍ သက်ပြင်းရှိုက်လိုက်ပြီး

'ကဲ ကဲ သွားအိပ်တော့ ခြေ မနက်ဖြန်ကျရင် အိုက်တင်တွေသင်ပေးဖို့ ဆရာလာလိမ့်မယ်၊ အစ်ကို့ရဲ့ အစီအမံ တွေကို အားလုံး အောင်မြင်အောင်လုပ်ပေးနိုင်မယ်လို့ အစ်ကို ယုံတယ် ဂွတ်နိုက် ကလေး'

'ဂွတ်နိုက်ပါ အစ်ကို'

ကောင်မလေးထွက်သွားပြီးနောက် သူတစ်ချက် တွေ ဝေစွာ စဉ်းစားလိုက်ပြီး ဟန်းဖုန်းကို ကောက်ကိုင်လိုက်သည်။

'မေလား ကျွန်ုပ်တွေထဲမှာ မနက်ဖြန်ကစပြီး ဖွလိုက် တော့၊ နေထွန်းနဲ့ ယမနေဟာ ဘာလိုလိုဆိုတာကို'

'ဟုတ်ကဲ့ ကျွန်မအားလုံး စီစဉ်လိုက်ပါမယ်၊ ဒါပေမယ့်

www.burmeseclassic.com



ယမနေများ နစ်နာမလားလို့'

'ယမနေကို ထည့်စဉ်းစားစရာ မလိုဘူး'

'ကောင်းပြီလေ'

သူက ဖုန်းကိုပိတ်လိုက်ပြီး စီးကရက်တစ်လိပ် ထိုင်သောက်ကာ စဉ်းစားခန်းဝင်နေမိသည်။ မေနှောင်းက တစ်ချက်တစ်ချက် ပေါ်လာလိုက်၊ ယမနေ၏ မျက်နှာလေးက တစ်ချက်တစ်ချက် ပေါ်လာလိုက်နှင့် သူသည်ဝေခွဲ၍မရအောင်ဖြစ်နေမိသည်။

သူယမနေကို အသုံးချနေတာရော တရားမျှတမှုရှိပါရဲ့လား။ ယမနေဟာ သူ့အတွက် စေလိုရာစေ အရုပ်လေးတစ်ရုပ်မျှသာ။ ဒါဖြင့် သူတစ်နေ့တော့ ယမနေ့အတွက် ပြန်ပြီးပေးဆပ်နိုင်ကောင်းပါရဲ့။

သူက ဖြေတွေးတွေးပြီး ရှေ့ဆက် အစီအစဉ်များအတွက် အကွက်ချနေမိတော့သည်။

ဦးသက်ပိုင်နဲ့ ဒေါ်မေနှောင်းရေ ခင်ဗျားတို့အလှည့်ရောက်ပြီ။

× × × × × × × × ×





# အပိုင်း (၂)



www.burmeseclassic.com

www.burmeseclassic.com



'ဒီသတင်းက ဘယ်လိုဖြစ်တာလဲ နေထွန်းရဲ၊ မင်းတို့ဟာက ဟိုတစ်နေ့ညကမှ ညှိခံပွဲမှာတွေ့တာ အခုဒီသတင်းပါလာပြီဆိုတော့ မလွန်ဘူးလား'

မေနှောင်းက အေးအေးလူလူထိုင်နေသော နေထွန်းရှေ့သို့ ဂျာနယ်တစ်စောင်ပစ်ချလိုက်သည်။ နေထွန်းက ဂျာနယ်ကို ဖတ်ကြည့်ရင်း

'ဟိုနေ့က ညှိခံပွဲတစ်ညပဲ ယမနေနဲ့တွေ့ဖူးတာပါ အန်တီလေးရယ် အခုဘယ်လိုဖြစ်ပြီး သတင်းတွေ အကျယ်ချဲ့ပါလာရတာလဲ မသိဘူး'

နေထွန်းက စိတ်ရှုပ်သလို ပြောလိုက်သည်။

'အေး နာမည်တောင်မကြီးသေးဘူး အခုမှစရုံပဲ ရှိသေးတယ်၊ ဒီလိုသတင်းတွေနဲ့ဆိုတော့ မင်းကိုဘယ်သူက အားပေးတော့မှာလဲ နေထွန်းရဲ'

'အန်တီလေးကလည်း ကျွန်တော် ဘာမှမလုပ်ပါဘူးဆိုနေ'





'ဒီတူအရီးနှစ်ယောက် ဘယ်လိုဖြစ်ပြီး စကားများနေရတာလဲ'

'အစ်ကိုကြီး ဂျာနယ်တွေ ဖတ်ပြီးပြီလား'

မေနှောင်းက ဦးသက်ပိုင်ကိုပြန်၍ မေးခွန်းထုတ်လိုက်သည်။ ဦးသက်ပိုင်က ခေါင်းခါပြတော့ ဂျာနယ်တွေကို မေးငေါ့ပြပြီး

'ဖတ်ကြည့်လိုက်ပါဦး'

ဦးသက်ပိုင်က ခေါင်းတစ်ချက်ဆတ်၍ ဂျာနယ်တွေကို ဖွင့်ဖတ်လိုက်သည်။

'သတင်းတွေက အစုံပါပဲလားကွာ၊ ကြည့်ရတာ တော်တော်ကို အတွင်းကျကျသိပုံရတယ်၊ ဒီသတင်းထောက်က ပြီးတော့ ယမနေ ဘက်ကိုချည်းပဲ ပင့်တင်ရေးထားတယ်၊ နေထွန်းကပဲ ယမနေကိုအတင်းကပ်နေသလိုလို ထားပါတော့ နေထွန်းဒီကိစ္စကို မင်းဘယ်လိုမြင်လဲ'

'ကျွန်တော်မသိဘူး ဆရာ၊ ကျွန်တော်နဲ့ ယမနေလည်း အဲဒီညှိခံပွဲပြီးကတည်းက ထပ်မတွေ့တော့တာ အမှန်ပါ'



www.burmeseclassic.com

www.burmeseclassic.com



နေထွန်းက အရှိုခံမျက်နှာနှင့် ပြောလိုက်တော့ ဦးသက်ပိုင်က သက်ပြင်းချမိသည်။

'အေးလေ ဘာပဲဖြစ်ဖြစ် ငါကတော့မင်းကို ကောင်းသတင်းနဲ့ပဲ နာမည်ကြီးစေချင်တယ် နေထွန်း၊၊ ဒီတော့ သွားတာလာတာ ဆင်ခြင်ပေါ့ကွာ၊ ငါတို့က နေရာတကာကို လိုက်ကြည့်မနေနိုင်ဘူး'

'ဟုတ်ကဲ့ ကျွန်တော် ဆင်ခြင်ပါတယ်'

'နောက် ယမနေနဲ့ သွားမငြိစေနဲ့၊ ယမနေ့အနောက်မှာ မဟာ့ပါတယ်ဆိုတာ ဘယ်တော့မှ မမေ့နဲ့၊ မဟာဆိုတဲ့လူက လွယ်တဲ့သူမဟုတ်ဘူးလို့ ငါထင်တယ်၊ ကဲ ငါသွားမယ် အပြန်မိုးချုပ်မယ်၊ ဒီနေ့ ရှူတင်ရှိလို့ မဟာနဲ့ကိစ္စကို မရှောင်းပဲ စကားပြောလိုက်နော်'

'ဟုတ်ကဲ့ အစ်ကိုကြီး'

ဦးသက်ပိုင်က ကားသော့လေးကိုင်၍ ထွက်သွားသည်။ ဦးသက်ပိုင်က မဟာကိုသတိထားဟုသာ ပြောပေမယ့် မရှောင်





စိတ်ထဲမှာတော့ မဟာနှင့် ရင်းနှီးနေသလိုလို အမြင်ကပ်မိသလိုလို တစ်မျိုးတစ်မည် ခံစားရသည်။

ဘာပဲဖြစ်ဖြစ် ဦးသက်ပိုင်က မဟာကို အလေးအနက်ထားတာတော့ မရှောင်းရိပ်မိသည်။ ဘာကြောင့်လဲဆိုတော့ လွန်ခဲ့သော လပိုင်းလေးကမှ နေထွန်းကို ခေါင်းဆောင်မင်းသားတင်ကာ ရိုက်ထားသော ရုပ်ရှင်တစ်ကားက သောက်သောက်လဲရှုံးသဖြင့် သူတို့စီးပွားရေး အခြေအနေက အတော် ဆိုးရွားသွားသည်။

ထို့ကြောင့် ယခု ငွေအရင်းအနှီးစိုက်ထုတ်ပေးမည့် မဟာက အရေးကြီးနေသည်လေ။ ဒီအကြောင်းကို သူတို့သုံးယောက်မှလွဲ၍ အခြားမည်သူမျှမသိချေ။ မသိအောင်လည်း ဖုံးအုပ်ထားသည်၊

တကယ်တော့ သူတို့ဟာ ဟန်သာရှိတော့သည့် အခြေအနေမှတ်လား။ ထိုစဉ်မှာပင် တယ်လီဖုန်းက ထမြည်လာသည်။

'ဟယ်လို'



www.burmeseclassic.com

www.burmeseclassic.com



'ဒေါ်မေနှောင်းလား၊ ကျွန်မက ဦးမဟာရဲ့ မန်နေဂျာအတွင်းရေးမှူး မေပါ၊ ဦးမဟာက ရုပ်ရှင်ကိစ္စ စာချုပ်ချုပ်ဖို့ ( )ဟိုတယ်ရဲ့ ကော်ဖီခန်းကို ကြွခဲ့ပါတဲ့၊ ပြီးတော့ စာချုပ်ချုပ်တာဟာ ဒေါ်မေနှောင်းနဲ့တင် ကိစ္စပြတ်နိုင်ပါသလားတဲ့'

'ဟုတ်ကဲ့ ကျွန်မကို ဦးသက်ပိုင်က လုပ်ပိုင်ခွင့်တွေအားလုံး လွှဲအပ်ထားပါတယ်'

'ကောင်းပါပြီ ဒါဆို နေ့လည်တစ်နာရီမှာ ကျွန်မတို့ဘက်က စာချုပ်စာတမ်း အပြည့်အစုံနဲ့ စောင့်နေပါ့မယ်'

'ကျွန်မရောက်အောင် လာခဲ့ပါ့မယ်'

ဖုန်းချပြီးနောက် ဘာကြောင့်မှန်းမသိ မေနှောင်းစိတ်ထဲမယ် လေးလေးပင်ပင် ခံစားလိုက်ရသည်။ မေနှောင်းက နေထွန်းကို တစ်ချက်မော့ကြည့်သည်။

'မင်းနဲ့ ယမနေကို ခေါင်းဆောင်တင်ရိုက်မယ့် ရုပ်ရှင်အတွက် စာချုပ် သွားချုပ်ရလိမ့်မယ်၊ ဒီကားမှာ တို့အစွမ်းကုန်ကြိုးစားရလိမ့်မယ်၊ ရှုံးရင် တို့အားလုံးသွားပြီ၊ ငါတို့တင်မကဘူး ဦးသက် ပိုင်ပါ နာမည်သွားပြီ၊ အဲဒီတော့ လုံးဝရှုံးလို့မဖြစ်ဘူး'





မေနှောင်းက အလေးအနက်ပြောလိုက်ပေမယ့် နေထွန်းကတော့ မျက်နှာကိုရှုံ့မဲ့၍ ခေါင်းကိုခါယမ်းလိုက်သည်။ ဘာပဲဖြစ်ဖြစ် နေထွန်းကတော့ သူစိတ်ဝင်စားမိသော ယမနေနှင့်အတူတွဲ၍ သရုပ်ဆောင်ရမှာကြောင့် ပျော်ရွှင်မိတာတော့ အမှန်ပင်။

အန်တီလေးတို့ ဘာပြောပြော နေထွန်းကတော့ ဤမျှချစ်စရာကောင်းသော ကောင်မလေးကို ပတ်ကိုပတ်သက်ရမည်ဟု ဆုံးဖြတ်ချက်ကြိတ်၍ ချလိုက်တော့သည်။

ခဏကြာတော့ အန်တီလေးက လှပစွာပြင်ဆင်ပြီး အပြင်သို့ထွက်သွားလေသည်။ အန်တီလေး ထွက်သွားသည်နှင့် သူကတယ်လီဖုန်း ခေါ်လိုက်သည်။ ခဏအကြာ နွေးထွေးလှိုက်ခဲဖွယ်ရာကောင်းသော ယမနေ၏ထူးသံကို ကြားရသည်။

'ယမနေလား ဇာထွန်းပါ'

'ဟယ် ဇာထွန်းကြီး ယူကို တို့သတိရနေတာ အတော်ပဲ အတော်ပဲ ပျင်းနေတာနဲ့'

သည်လိုစကားလေးတွေကြောင့် နေထွန်းလှုပ်နိုင်တာ



www.burmeseclassic.com

www.burmeseclassic.com



လည်း ပါသည်။

'ဂျာနယ်တွေ ဖတ်ပြီးပြီလား'

'အင် နိုး စိတ်မဝင်စားဘူး'

'ဖတ်ကြည့်စမ်းပါဦးကွာ တီးတိုးသတင်းတွေ ကိုယ်က တော့ အဲဒီသတင်းတွေဖတ်ပြီး ရင်တွေခုန်နေတာ'

'ဂျာနယ်ဖတ်ပြီးများ ရင်ခုန်ရတယ်လို့ ဟင်းဟင်း ကြဲ ကြဲဖန်ဖန် အထွန်းရယ်၊ ကဲပါ တို့ဆီမှာ ဘာဂျာနယ်မှကို မရှိဘူး။ ဖတ်စေချင်ရင် လာပို့'

'မနေ့ အိမ်ကို လာမပို့ရဲပါဘူး၊ ဒီလိုလုပ်ကွာ အထွန်း ကန်ဘောင်ပေါ်က စောင့်နေမယ်၊ မနေလာခဲ့ပါလား'

သူ့ရဲ့ အရဲစွန့် ချိန်းဆိုလိုက်မှုကြောင့် ယမနေက ခေတ္တ ငြိမ်သက်သွားသည်။

ကောင်မလေး စိတ်ဆိုးသွားပြီလားမသိ။

'မနေ မနေ'

'အင်၊ စဉ်းစားနေတာ အိုကေလေ လာခဲ့မယ်၊ အထွန်း အရင် ရောက်နေမှနော်၊ တို့ရောက်လို့မတွေ့ရင် ချက်ချင်း





ကြီးကိုပြန်မှာ'

'အေးပါကွာ'

သူက ဖုန်းကိုပစ်ချ၍ ကားသော့ကိုယူကာ အလျင်စလို အိမ်ထဲမှ ထွက်ခဲ့တော့သည်။

အန်တီလေးရဲ့တားမြစ်ချက်တွေ၊ ဦးသက်ပိုင်ရဲ့ သတိ ပေးချက်တွေ သူ့ဦးနှောက်ထဲမှာ ဘာမှမရှိတော့၊ သူ့ဦးနှောက်ထဲ တွင်ရှိတာ ယမနေတစ်ယောက်သာ။

× × × × × × × × ×

'ကိုယ်လိုက်ပို့ရမလား ကိုယ့်ဖာသာကိုယ် သွားမလား'

မနေက ခေါင်းကို ဝဲခနဲနေအောင် ခါလိုက်သည်။

'ရပါတယ် ကိုယ့်ဖာသာကိုယ်ပဲ သွားပါတော့မယ် အစ်ကို၊ မနေ ကားမောင်းတတ်နေပြီပဲ'

ယမနေက မျက်ရည်တွေ မဝဲအောင်ထိန်း၍ ပြော လိုက်သည်။ စိတ်ချ ယမနေဟာ အစ်ကိုဖြစ်စေချင်သလို ဖြစ်ရ မှာပေါ့။

www.burmeseclassic.com



'ကဲ ဒါဆို အစ်ကိုလည်း သွားမယ်'

'ဒေါ်မေနှောင်းနဲ့ ချိန်းထားတဲ့ဆီကိုမှတ်လား'

အစ်ကိုက ခေါင်းညိတ်ပြလိုက်တော့ ယမနေ့ အသည်းတွေဆတ်ဆတ်ခါ နာသွားသည်။ မဟာက ယမနေ၏မျက်နှာကို တစ်ချက်ကြည့်၍

'မနေကလည်းကွာ ဒါတွေက ခဏပါ အစ်ကိုစိတ်ထဲက အဖြစ်ချင်ဆုံးအရာတွေလုပ်ပြီးရင် မနေနဲ့ အစ်ကို အေးအေးဆေးဆေးနေသွားကြမှာပါ'

'မနေ ကျေနပ်ပါတယ် ကဲ အစ်ကိုလည်း သွားတော့လေ နောက်ကျနေမယ်'

'အေးပါကွာ'

မနေနှင့် အစ်ကိုသည် တစ်ယောက်ကားတစ်စီးစီးဖြင့် အိမ်မှထွက်ခွာခဲ့လေသည်။ ထိုအဖြစ်ကြီးမှ ဘယ်တော့မှ လွတ်မြောက်ပါ့မလဲဟုတောင် မနေက စိတ်နာနာနှင့် တွေးမိသေးသည်။

ကန်ဘောင်ရောက်တော့ နေထွန်းက ရောက်နေပြီဖြစ်သည်။





'ဟယ်လို'

နေထွန်းက ယမနေ့ကားနားသို့ ရောက်လာ၍ ဂျာနယ်တွေကို ပေးလိုက်သည်။ တကယ်တော့ ဒီဂျာနယ်တွေကို မနေဖတ်ပြီးသားပါ။

သို့သော် ဝတ်ကျေတန်းကျေ တစ်ချက်နှစ်ချက် လှန်လိုက်ပြီး

'အင်း အဲဒါဘာဖြစ်လဲ ဒီလိုတွဲရင်တော့ ဒီလိုသတင်းပဲ ထွက်မှာပဲလေ'

'ဟုတ်ပါပြီ ကိုယ်ကတော့ ဒီသတင်းတွေကို အမှန်အကန်ပဲ ဖြစ်လိုက်စေချင်တော့တယ်'

'အိုး ယွှဟာက မြန်လှချည်လား ယူနဲ့တို့ တွေ့တာ ဒါနဲ့ ပါဆိုမှ နှစ်ကြိမ်ပဲ ရှိသေးတာလေ'

မနေက ကားပေါ်မှ မဆင်းသေးဘဲ လက်ပိုက်၍ ခပ်တည်တည်ပင် ပြောလိုက်သည်။

'မြန်ရမယ်လေကွာ'



www.burmeseclassic.com

www.burmeseclassic.com



'အဲလိုမိန်းမစားမျိုးထဲမှာ ယမနေမပါဘူး သဘော ပေါက်'

'ဆောရီး ကိုယ်မှားသွားတယ်ကွာ ကဲ ကားပေါ်က ဆင်း ပါဦး'

နေထွန်းကတော့ မနေ့ကို အကြီးအကျယ် ကြွေနေပြီ ဆိုတာ မနေရိပ်မိသည်။ အေးလေ အစ်ကိုကလည်း ဒီလိုပဲဖြစ် စေချင်တာကိုး။

မနေ ကားတံခါးဖွင့်၍ ကြွကြွရွရွလေးဆင်းလိုက်သည်။

'အရမ်းလှတယ်ကွာ'

'ဟုတ်ပါပြီ ဒါနဲ့နေထွန်းကို တို့မေးစရာတစ်ခုရှိတယ် မှန်မှန်ဖြေနော်'

နေထွန်းက ခေါင်းကို သွက်လက်စွာညိတ်ပြသည်။

'နေထွန်း အရင်က ရှပ်ရှင်တစ်ကားရိုက်ဖူးတယ်၊ အဲဒီ ကားက မအောင်မြင်ဘူးဆို အဲဒါဟုတ်လား'

'ဟုတ်တယ်ကွာ အဲဒါဘာဖြစ်လဲ'





'အဲဒါ နေထွန်းတို့ အရမ်းရှုံးသွားတယ်ဆို'

ယမနေ၏ မေးခွန်းကြောင့် နေထွန်း၏မျက်နှာက ကွက်ခနဲပျက်သွားပြီးမှ ခေါင်းညိတ်သည်။

'ဟုတ်တယ် အဲဒါအခု ယမနေတို့နဲ့ ရိုက်မယ့်ကားနဲ့မှ နလန်ပြန်ထူဖို့ ကြိုးစားရမှာ'

'ဪ ဒါကြောင့် မနေ့ကို အသေအလဲ လိုက်နေတယ် ဆိုပါတော့'

မနေက တင်းတင်းကြပ်ကြပ်လိုက်၍ မေးလိုက်သည်။

'ဟား ဒါတော့ လုံးဝမဟုတ်ဘူး ကိုယ်က ယမနေ့ကို တကယ်ချစ်တာ၊ ဟောဒီနှလုံးသားထဲကကို နှစ်နှစ်ကာကာချစ် တာ၊ အဲဒါတော့ ယုံကြည်ပေးပါ'

'ဟင်း ဟင်း ကောင်းပါပြီတဲ့ရှင်'

'အဲဒါဆို ကိုယ့်ကို အဖြေပေးတော့လေ'

'အဲဒါကတော့ စဉ်းစားရဦးမယ်'

'ဒါဆို ဘယ်လောက်စဉ်းစားမှာလဲ'



www.burmeseclassic.com

www.burmeseclassic.com



'အကန့်အသတ်မရှိ ကဲကွာ မနေစကားပြောရတာ အာ
ညောင်းလာပြီ ပြန်တော့မယ် တာ့တာ'

'အိုကေ ကိုယ်လွမ်းရင် ဖုန်းလှမ်းဆက်လိုက်မယ်'

'ပြောချင်စိတ်ရှိရင် ပြောမှာပေါ့'

ယမနေက ပြောလည်းပြော နေထွန်းရှေ့မှကားကို
လျှောခနဲ မောင်းထွက်လိုက်သည်။

လိုချင်သော အချက်ရပြီလေ။

တကယ်တော့ နေထွန်းဟာ ယမနေရဲ့ အရုပ်တစ်ရုပ်
ဖြစ်သလို ယမနေဟာလည်း အစ်ကိုရဲ့ အရုပ်တစ်ရုပ် ဖြစ်နေ
သည် မဟုတ်ပါလား။

× × ×　　× × ×　　× × ×

'ဒေါ်မနှောင်း ကြိုရောက်နေတယ် ထင်တယ်၊ ကျွန်
တော်ကတော့ တစ်နာရီအတိပါပဲနော်'

အချိန်ကို တိကျလွန်းသော မဟာသည် တစ်နာရီထိုး
တာနှင့် ချိန်းထားသော အခန်းထဲသို့ရောက်ခဲ့သည်။ သူနံဘေး





နားမှာ ဖိုင်တစ်ထပ်ပိုက်လျက် မေကား အသင့်လိုက်ပါလာသည်။

'ကဲ ဒေါ်မနှောင်းလည်း တစ်ခုခုစားသောက်ပြီးပြီလို့
ကျွန်တော်ထင်ပါတယ်၊ ဒါကြောင့် အချိန်မဖြုန်းတော့ဘဲ
လုပ်ငန်းကိစ္စလေးကို အရင်ပြောကြရအောင်'

'ဟုတ်ကဲ့'

ဦးမဟာ ပုံစံက အားလုံးကို အတိအကျလုပ်ကိုင်မည့်
ပုံစံမျိုးဖြစ်သည်။ မနှောင်းက ဦးမဟာကို တစ်ချက်လှမ်းကြည့်
လိုက်ပါသည်။ သူ့ပုံစံက ရှည်ရှည်ကိုင်းကိုင်း၊ တွေတွေငေးငေးနှင့်
ဆွဲဆောင်မှုတော့ရှိသည်။

မုတ်ဆိတ်မွေး၊ ပါးသိုင်းမွေးအပြည့်နှင့် စူးရှသော မျက်
လုံးပြာပြာများက သူ့အား ဆရာကြီးအရှိန်အဝါမျိုး ရနေစေ
သည်။ ထိုပုံစံမျိုးမှာ စွဲမက်စရာကောင်းသလို အမြင်ကတ်စရာ
လည်း ကောင်းလှသည်။

'အဟမ်း ဒီမှာစာချုပ်၊ စာချုပ်ပါ အချက်အလက်တွေကို
ဒေါ်မနှောင်းအသေအချာ ဖတ်ကြည့်ပြီး လိုအပ်တဲ့နေရာရှိရင်



www.burmeseclassic.com

www.burmeseclassic.com



ပြောပါ၊ လိုအပ်မှုမရှိအောင်တော့ ကျွန်တော်အတတ်နိုင်ဆုံး စီစဉ်ထားပါတယ်'

ဦးမဟာ လှမ်းပေးသော စာရွက်ကိုယူပြီး ဖတ်ကြည့်လိုက်သည်။ အားလုံးက တိတိကျကျ ဘယ်သူ့ဘက်မှ သာစေနာစေမရှိရပေ။ ထို့ကြောင့် မနှောင်းက ခေါင်းတစ်ချက်ညိတ်၍

'ကျွန်မ အားလုံးကို သဘောတူပါတယ်'

'ခင်ဗျား သဘောတူတာထက် ဦးသက်ပိုင်က ခင်ဗျားထို လုပ်ပိုင်ခွင့်အပြည့် ပေးထားတာ ဟုတ်ပါတယ်နော်'

ဦးမဟာ၏မေးခွန်းကြောင့် မနှောင်း ထောင်းခနဲ ဒေါသ ထွက်သွားပေမယ့် အပြုံးမပျက်ဘဲ ခေါင်းညိတ်လိုက်သည်။

'ဟုတ်ပါတယ်'

'ကဲ ဒါဆိုရင် လက်မှတ်ထိုးလို့ရပါပြီ'

ဦးမဟာက အပြုံးနှင့်ပြောတော့ မနှောင်းတစ်ချက် ငေးကြည့်သွားမိသည်။ အပြုံးတွေက တစ်စုံတစ်ယောက်နှင့် တူသလိုလို။





ကို မဖြစ်နိုင်ပါဘူးလေ။

အတွေးကြောင့် ထိုးနေကျလက်မှတ်တောင် တစ်မျိုး ဖြစ်သွားသည်။

'ရပါပြီ ဒါရှေ့နေရှေ့ရပ်အားလုံးနဲ့ မှတ်ပုံတင်ထားပြီး သားပါ၊ အောင်မြင်ပါစေလို့ ကျွန်တော် ဆုတောင်းတယ်'

'ဟုတ်ကဲ့ အောင်မြင်မှာပါ'

'ကဲ မမေရေ ဒီဖိုင်လေး ကားပေါ်သွားတင်ရင်းနဲ့ စောင့် နေပါ၊ ကျွန်တော် နောက်နာရီဝက်ကြာရင် ထွက်ခဲ့ပါမယ်'

သူ့စကားကို နားထောင်စွာပင် နံဘေးမှ အမျိုးသမီး ချောလေးက ဖိုင်တစ်ထပ်ကိုပိုက်၍ ထွက်သွားသည်။ အဲဒီတော့မှ သူကမနှောင်းဘက်သို့ အပြုံးနှင့်ကြည့်ရင်း

'ကျွန်တော်တို့ နာရီဝက်လောက် စကားပြောလို့ရမလား'

'ဟုတ်ကဲ့ ရပါတယ်၊ ကျွန်မ ဒီနေ့ ရှုတင်မရှိပါဘူး'

'အိုကေ ဒါဆို ကျွန်တော် ကော်ဖီနဲ့ စားစရာ နည်း နည်းမှာလိုက်ဦးမယ်၊ အမှန်တော့ ကျွန်တော် ဗိုက်ဆာ



www.burmeseclassic.com

www.burmeseclassic.com



နေတာဗျ၊ အလုပ်ကို ပြီးအောင် အရင်လုပ်လိုက်တာ'

'ဟုတ်ပါပြီလေ'

မေနှောင်းက ကော်ဖီကို ငုံသောက်နေလိုက်သည်။

ဒီလိုကျတော့လည်း သူဟာ နူးညံ့သိမ်မွေ့သောသူ တစ်ယောက်ဟု မေနှောင်းမှတ်ချက်ချမိပြန်သည်။

သူက ကော်ဖီနှင့်မုန့်ကို မေနှောင်းရှေ့တွင် အားပါးတရ စားနေလေသည်။ ဒီလိုစားပုံမျိုးကို မေနှောင်းမြင်ဖူးသလိုလိုပါပဲ လေ။

'ဒေါ်မေနှောင်းကို မေးရဦးမယ်၊ ဦးသက်ပိုင်နဲ့ အဆင် ပြေရဲ့လား'

'ပြေပါတယ်လေ'

'ဒါနဲ့ နောက်ပိုင်း ဘာလို့ ရုပ်ရှင်တွေ ဆက်မရိုက်တော့ တာလဲ'

'ရိုက်ပါတယ် မေနှောင်းကို သိပ်မငှားကြတော့တာ လည်း ပါတယ်၊ ပြီးတော့ မေနှောင်းကိုယ်တိုင်ကလည်း အရင်





လို စိတ်ပါလက်ပါ သရုပ်မဆောင်နိုင်တော့တာလည်း ပါ ယ်လေ'

သူက တစ်ရှူးတစ်ရွက်ကိုယူ၍ နှုတ်ခမ်းကိုသုတ်လိုက် င်း။

'အခု ရိုက်မယ့်ကားထဲမှာတော့ ဒေါ်မေနှောင်းအခန်း တွေ ပါတယ်နော်'

'ဟုတ်ကဲ့ ကျွန်မ နေထွန်းကို အကောင်းဆုံးဖြစ်စေချင် ဲ့အတွက် ကျွန်မကြိုးစားမှာပါ၊ တကယ်တော့ နေထွန်းဟာ ျွန်မရဲ့သားလိုပါပဲလေ သူဟာ ကျွန်မရဲ့မျှော်လင့်ချက်ပဲ'

မေနှောင်းသည် ရင်ထဲရှိနေသမျှ ပြောချလိုက်သည်။ တယ်တော့ မေနှောင်းဟာ ဒီလိုပြောပြမိဖို့ မရည်ရွယ်ချေ။ ပေမယ့် အလိုလိုကို သည်လူကိုရင်ဖွင့်ပြောပြလိုက်ချင်မိခြင်း သည်။

'ဒေါ်မေနှောင်းအနေနဲ့ လုပ်ပိုင်ခွင့်ရှိပြီး ဒေါ်မေနှောင်း ော်ဖြစ်မယ်ဆိုရင်ရော ဘာကားကြီးရိုက်ချင်သေးသလဲ'



www.burmeseclassic.com

www.burmeseclassic.com



'ကျွန်မ မရိုက်ချင်တော့ပါဘူးလေ၊ ကျွန်မနဲ့အတူ အရင်တုန်းက အတွဲညီညီ ရိုက်ခဲ့ကြတဲ့မင်းသား တစ်လက်ရှိတယ်၊ သူမရှိတော့တဲ့နောက်ပိုင်း ကျွန်မရုပ်ရှင်လောကကို အရမ်းကို စိတ်ကုန်သွားတယ်၊ ဒါပေမယ့် ကျွန်မတို့လင်မယားရဲ့ အသက်မွေးဝမ်းကြောင်းက ဒါပဲဆိုတော့ ဒါပဲဆက်လုပ်နေရတာပေါ့ရှင်'

မေနှောင်းကပြောနေရင်းကိုမှ ဒွန်းကိုသတိရလာသည်။

'ကဲပါ ဒါတွေထားပါလေ ကျွန်တော်တို့ အခုသွားရိုက်ရမယ့် အခန်းတွေက စွန့်စားခန်းတွေ ပါတယ်နော်၊ အဲဒါ ကျွန်တော်တို့ မော်ဘီဘက်မှာ သွားရိုက်ရလိမ့်မယ် ထင်တယ်'

'အို ရှင်ပါလိုက်မှာလား'

'ယမနေ သွားလို့ စိတ်မချရဘူးလို့ ကျွန်တော်ထင်တဲ့နေရာတိုင်းကို လိုက်မှာပဲလေ'

မဟာက ရယ်မောရင်းပြောသည်။

'ရှင်က ယမနေကို တော်တော်ဂရုစိုက်တာပဲနော်'

'ယမနေက ကျွန်တော့်အပေါ်မှာ သူမတူအောင်





ကောင်းတဲ့ ကောင်မလေးကိုး'

မဟာက ထိုသို့ပြောလိုက်တော့ မေနှောင်း၏ စိတ်ထဲမှာ တစ်မျိုးတစ်မည် ခံစားရသည်။

မည်ကဲ့သို့ ခံစားမှုလည်းတော့ မသိပါ။

ထိုစဉ် မဟာက နာရီကိုငုံ့ကြည့်လိုက်တာကြောင့်

'ဘာလဲ နာရီဝက် ပြည့်ပြီလား ဒါဆိုလည်း ကျွန်မတို့ သွားစို့လေ'

'ကျေးဇူးတင်ပါတယ်'

'ဘာအတွက်လဲ'

'ခြော် ကျွန်တော့်ရဲ့ အချိန်တိကျမှုကို နားလည်ပေးနိုင်တဲ့အတွက်ပေါ့'

မဟာ ထိုသို့ပြောလိုက်တော့ အချိန်မတိကျတတ်သော ဒွန်းကို သတိရမိသေးသည်။

အခုတစ်လော မေနှောင်း ဘာကြောင့် ဒွန်းကိုပဲ သတိရနေပါလိမ့်။

× × × × × × × × ×



www.burmeseclassic.com

www.burmeseclassic.com



မေနှောင်းနှင့် လမ်းခွဲပြီးနောက် အိမ်သို့ပင် တန်းပြန်ခဲ့သည်။

ယမနေ့ထံမှ massage တစ်ခုခု ရလိမ့်မည်ဆိုတာ သူသိနေသည်။

ဒီနေ့ မေနှောင်းနှင့်တွေ့ရတော့ စိတ်ထဲမှာတစ်မျိုးကြီး ခံစားနေရသည်။ ယခင်ကလို ခက်ထန်မာကြော၍ လက်စားချေလိုစိတ်တွေ ထူးဆန်းစွာ ပျောက်ကွယ်နေသည်။

သို့သော် သူ့ခန္ဓာကိုယ်နှင့် မျက်နှာကတော့ ပုံသွင်းထားသော ပုံစံတစ်ခုပမာ မတုန်မလှုပ်နှင့် လုပ်စရာရှိသည်များကို ဆက်လက်၍ လုပ်ကိုင်နေသည်။

ဘာပဲဖြစ်ဖြစ် သူဟာ ဆုံးဖြတ်ချက်ချပြီးလျှင် ဘယ်တော့မှ နောက်ဆုတ်တတ်သော လူမျိုးမဟုတ်ချေ။

ထို့ကြောင့် သူရဲဝံ့ပြတ်သားစွာ ရှေ့ဆက်ဖို့ရန်သာ တော့သည်။ အစီအစဉ်တွေကတော့ အားလုံးကွက်တိပင် ဖြ သည်။

'ကိုမဟာ မေပြန်လို့ရပြီလား'





'ဩော်ကေ အင်း ရပါပြီ လိုအပ်ရင် ကျွန်တော် ဖုန်းလှမ်းဆက်လိုက်မယ်လေ၊ အိုကေ အစီအစဉ်တွေအားလုံး ဒီအတိုင်းပဲဆက်မယ်'

'ဟုတ်ကဲ့ ဒါဆို မေသွားမယ်'

မေနှင့် သူ အိမ်အဝတွင်ပင် လမ်းခွဲလိုက်သည်။ ဧည့်ခန်းထဲရောက်တော့ လက်ကလေးပိုက်၍ သူ့ကိုအခန့်သား ထိုင်စောင့်နေသော ယမနေ့ကို တွေ့ရသည်။

'ယမနေ'

'ဟွန်း အစ်ကိုဘာမှ မနေ့ကိုမပြောနဲ့တော့ ဒီနေ့ ကျန်တဲ့အချိန်တွေကို မနေ့ကိုပေးရမယ်၊ မနေနဲ့ အစ်ကို လျှောက်လည်ကြမယ်၊ မနေ့ကို ညစာ ဟိုတယ်မှာ ကျွေးရမယ်၊ အဲဒါတွေအားလုံးပြီးလို့ အိမ်ပြန်ရောက်တော့မှ အစ်ကိုသိချင်တာတွေအကုန်လုံး မနေ ပြောပြမယ်'

ကလေးဆန်ဆန်ပြောနေသော ယမနေ့ကို သူတစ်ချက်ကြည့်လိုက်သည်။ တကယ့်ကို ဂျစ်တိုက်တော့မည့်ကလေးမလေး



www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်ပမာ၊ သူက သက်ပြင်းတစ်ချက်ရှိုက်၍

'ကလေး သိပ်ဆန်တာပဲကွာ'

'အစ်ကိုကလဲလို့'

ညီမဆိုးလေးတစ်ယောက်လို့ သဘောထား၍ နောက် ဆုံးတွင် သူခေါင်းညိတ်လိုက်သည်။

'ပြီးရောလေ၊ အကျီသွားလဲတော့လေ'

'ဒါပဲနော် ဒီနေ့ခရီးစဉ်ကို မနေကဦးဆောင်မှာ'

'ကောင်းပါပြီ'

ရွှင်မြူးစွာ အိမ်ထဲသို့ ပြေးဝင်သွားသော ယမနေ့ ကြည့်၍ သက်ပြင်းတစ်ချက်တော့ ချမိသည်။

သည်ကောင်မလေးကရော မိမိကို ဘာကြောင့်မှာ ဒီလောက်တွယ်တာနေရပါသနည်း။ သူမရဲ့စိတ်ခံစားချက်မှာ ကို လျစ်လျူရှုထားတာများပြီ ဖြစ်သည်။ ဘာပဲဖြစ်ဖြစ် သူ ဒီ တော့ လိုက်လျောရမည်။

အမှန်တော့ သူ့ရင်ထဲမှာ ဒီကောင်မလေးကို ညီမ





တစ်ယောက်လိုသာ ဖြစ်သည်။ ခဏကြာတော့ ကောင်မလေးက ျက်လက်တက်ကြွ လှပစွာ ဂါဝန်လေးလဲ၍ ထွက်လာသည်။ သူ့ရဲ့လက်မောင်းကိုလာတွဲ၍

'သွားစို့'

'အင်းလေ သွားကြတာပေါ့'

'အစ်ကိုမျက်နှာကြီးက စူပုပ်မနေပါနဲ့၊ လျှောက်လည်ပါ ယ်ဆို ပျော်ပျော်ရွှင်ရွှင်နေမှပေါ့'

သူက မျက်နှာကြောကို နည်းနည်းလျှော့လိုက်သည်။ စ်ရက်တစ်လေလေး သူမပျော်ရွှင်ပါစေတော့လေ။

ထိုနေ့က သူမပျော်ရွှင်တာနှင့်တန်းစွာ သူသိချင်သော ျက်အလက်တွေကို သိခွင့်ရခဲ့သည်။

သူဖြစ်ချင်တာတွေ ဖြစ်နေပါလျက်နှင့် သူဘာကြောင့် ျော်ရွှင်နိုင်တာလဲဆိုတာကိုတော့ မိမိကိုယ်ကို နားမလည်နိုင် ာ့ပါချေ။

× × × × × × × × ×



www.burmeseclassic.com

www.burmeseclassic.com



သူတို့ကားကြီး မှော်ဘီမြို့ပြင်ကို ရောက်သွားတော့ ရုပ်ရှင်ရိုက်ရန် ငှားထားသော တိုက်အိုကြီးထဲမှ လူအချို့ထွက်လာသည်။

မနှောင်းဆင်းလာတော့ သူ့လှုပ်ရှားမှုတိုင်းကို မည်းနက်သောမျက်လုံးများက စူးစူးစမ်းစမ်း လိုက်ကြည့်ကြသည်။ ထိုအကြည့်စူးစူးများကြောင့် မနှောင်းရုတ်တရက်မလုံမလဲ ဖြစ်မိသည်။

အထူးသဖြင့် ထိုအထဲမှ လယ်သူမအဘွားအိုကြီးတွေ အချင်းချင်းပြောနေသောအသံမှာ စိတ်ဆိုးမာန်ဆိုးသံ ပေါက်နေသည်။ သူတို့ဘာကို စိတ်ဆိုးနေသလဲ။ မနှောင်းတွက်လို့ရသည်။ မိမိတို့ထဲက မိန်းကလေးများအားလုံးက စွန့်စားခန်းတွေ ရိုက်မည်ဆို၍ ဂျင်းဘောင်းဘီအရှည်အကျပ်တွေ ဝတ်လာကြသောကြောင့်ပင် ဖြစ်လိမ့်မည်။

ထို့နောက် အိမ်အိုကြီးထဲသို့ဝင်၍ သင့်တော်ရာ အခန်းတွေအသီးသီးကို နေရာယူလိုက်သည်။





မနှောင်းက သူ့အခန်းပြတင်းပေါက် တရုတ်ကပ်ကို လှပ်ပြီး မြင်ကွင်းကိုကြည့်လိုက်သည်။ စိမ်းစိမ်းလန်းလန်း တောအုပ်ကြီး။

အခန်းအောက်ဘက် ပန်းခြံထဲကိုကြည့်လိုက်တော့ ပန်းချုံ၏အရိပ်အောက်တွင် ရပ်ပြီးစကားပြောနေသော ယမနေနှင့် နေထွန်းကို တွေ့ရသည်။ နီးစပ်မှုက သူတို့နှစ်ယောက်ကို မတားဆီးနိုင်တော့။

မနှောင်းက သက်ပြင်းခပ်ဖွဖွချလိုက်ပြီး နေ့လယ်စာ စားရန် အောက်ထပ်သို့ဆင်းလာခဲ့သည်။

ထမင်းစားပွဲတွင် ဦးမဟာရောက်နေပြီ။ သူက ရုပ်ရှင် အဖွဲ့ထဲမှ အရေးပါသောသူအချို့နှင့် စကားပြောနေသည်။ သို့သော် မနှောင်းဝင်လာသည်ကိုမြင်တော့ ထိုင်ရာမှထပြီး မနှောင်း ထိုင်ဖို့ ကုလားထိုင်ဆွဲပေးသည်။

'ထိုင်ဗျ။ ခင်ဗျားစားချင်တာကို ပြောလိုက်၊ ခဏနေရင် သူတို့ရအောင် စီမံပေးလိမ့်မယ်'

www.burmeseclassic.com

www.burmeseclassic.com



'ကျေးဇူးတင်ပါတယ်ရှင်'

မနှောင်းက ဗိုက်အတော်လေး ဆာနေပြီ။ ထို့ကြောင့် တည်ခင်းလာသော ဟင်းလျာများကို မြိန်ရည်ယှက်ရည် တဝကြီး စားပစ်လိုက်သည်။

'ဒီနေ့ခင်း လေ့လာရေးခရီးလေးတစ်ခု ထွက်ဖို့ ကျွန်တော်စီစဉ်ထားတယ်၊ ကျွန်တော်က တောထဲလည်ဖို့ တော်တော်စိတ်ဝင်စားတယ်၊ အဲဒီထဲမှာ စိတ်ဝင်စားစရာတွေလည်း ရှိကောင်းရှိလိမ့်မယ်၊ ခင်ဗျားတို့အထဲက ဘယ်သူများ ကျွန်တော်နဲ့ လိုက်ချင်ကြလဲ'

နေ့လယ်စာအပြီး ကော်ဖီသောက်နေခိုက် မဟာက အားလုံးကို မေးသည်။

'ကျွန်မကတော့ ခရီးပန်းလာလို့ အိပ်ချင်တယ်'

ယမနေကပြောတော့ နေထွန်းကလည်း အမှုမဲ့အမှတ်မဲ့ ပုံစံဖြင့်

'ကျွန်တော်လည်း ဗိုင်ယာလော့ခ်တွေပြန်ဖတ်ချင်တယ်'





'ကျုပ်လည်း မနက်ဖြန်ရိုက်ကွင်းအတွက် စီစဉ်ရဦးမယ်'

ထုံးစံအတိုင်း ဦးသက်ပိုင်ကတော့ အလုပ်ကို ဦးစားပေး၍ ပြောသည်။

'ကျွန်မကတော့ တောထဲတောင်ထဲကို တစ်ခါမှ မရောက်ဖူးတဲ့အတွက် လိုက်ပြီး ကြည့်ချင်သေးတယ်'

မနှောင်းက ဝင်ပြောသည်။ မဟာက

'ကောင်းပြီလေ၊ ကျွန်တော် အစီအစဉ်တွေလုပ်လိုက်မယ်'

အိမ်ရှင်အဘိုးကြီးက လမ်းပြတစ်ယောက် ငှားပေးသည်။ နူးညံ့သောအသံရှိပြီး ရုပ်ရည်သန့်ပြန့်သော ကလေးငယ်တစ်ယောက် နောက်ထပ်တစ်နာရီအကြာတွင်ရောက်လာသည်။

သူမောင်းလာသော ကားလေးမှာ အတော်လေး အိုမင်းနေပြီး ကားပုံမပေါ်လောက်အောင်ပင် ဖြစ်နေသည်။ ပူပြင်းသော နေရောင်အောက်တွင် နေခဲ့ရသဖြင့် ကားအရောင်မှာ မီးကျွမ်းနေသည့် အရောင်ပေါက်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



ကားရှေ့ခန်းတွင် ခရီးသည်ထိုင်ခုံက ထိုင်၍မရအောင် လှုပ်နေသည်။ ထို့ကြောင့် မေနှောင်းနှင့်မဟာသည် နောက်ခန်းတွင်ပင် အတူထိုင်ရသည်။

ကားအိုလေးမှာ တဒုန်းဒုန်း တဒိုင်းဒိုင်းနှင့် သံစုံကို မြည်နေသည်။ ဒရိုင်ဘာက သူတို့ဘက်သို့လှည့်၍

'ဒီလိုတောမျိုးကို ဒီကားနဲ့သွားမှပဲ အဆင်ပြေမှာ ကား အကောင်းနဲ့သွားရင် ခင်ဗျားတို့ကားပြန်လာရင် တစ်စစီ ဖြစ်သွားမှာ'

'အေးပါဗျာ'

အချိန်အတော် ကြာသည်အထိ နောက်ထပ်စကား မပြောဖြစ်ကြတော့ချေ။ တည်းခိုသည့်အိမ်နှင့် နောက်ထပ် တစ်မိုင် အကွာလောက်ရောက်တော့ မြင်ကွင်းမှာ အပြောင်းကြီး ပြောင်းလဲသွားသည်။

'ဒီလောက် ကြည့်ကောင်းလိမ့်မယ်လို့ ကျွန်မလုံးဝ မထင်ခဲ့ဘူးရှင်'





'ဒီတောထဲမှာ အရင်က ရှေ့ဖြစ်ဖတ်ဆရာတွေ ရှိခဲ့ဖူးတယ်'

ကားသမားက နောက်ကြည့်မှန်ထဲမှကြည့်ရင်း သူတို့နှစ်ယောက်ကို ပြောလိုက်သည်။

'ဟုတ်လား အခုရော ရှိသေးလား'

'အဲဒါတော့ ကျွန်တော်လည်း သေချာမသိတော့ဘူးဗျ။ ဒီထဲကို မရောက်တာအတော်ကြာပြီ၊ ဒါပေမယ့် သူတို့ပြောတာ တွေကတော့ အတော်လေးကို မှန်တယ်'

'အဲဒီ ရှေ့ဖြစ်ဖတ်ဆရာတစ်ယောက်နဲ့များ သိခဲ့ဖူးသလား'

ကားသမားက ဆက်မပြောတော့ချေ။

'ရှေ့ဖြစ်ဖတ်ဆရာတစ်ယောက်လေ'

မေနှောင်းက အတင်းဆက်မေးလိုက်သည်။

'ကျွန်မ တွေ့ချင်လိုက်တာရှင်'

'ခင်ဗျား ကြိုးစားပေးနိုင်မလား'



www.burmeseclassic.com

www.burmeseclassic.com



မဟာက ကားသမားကို မေးလိုက်သည်။

'မပြောတတ်ဘူး ကြိုးစားကြည့်မယ်လေ'

မေနှောင်းက ထိုင်ခုံနောက်မှီကို ကျောမှီချလိုက်ပြီး ရုတ်တရက်နှုတ်ပိတ်သွားသည်။ သူက မဟာကိုလှမ်းကြည့်လိုက်သည်။ ခက်တော့ခက်သား။ အစပိုင်းတုန်းကတော့ သည်လူ့အပေါ် ရန်လိုမုန်းတီးစိတ်တွေ ဝင်ခဲ့သည်။

ယခုတော့ ထိုစိတ်တွေပျောက်ခြင်းမလှ ပျောက်ကုန်ပြီး ထိုစိတ်တွေအစား တွယ်တာစိတ်နှင့် ကြောက်ရွံ့စိတ်တွေ ရောထွေးပေါ်ပေါက်နေပြန်သည်။

သူ့ကို မေနှောင်းကြည့်နေတာကို ရိပ်မိသွားပုံရသည်။ သူက မိမိဘက်သို့လှည့်၍ ပြုံးပြနေလေသည်။ စူးရှသော ထိုမျက်လုံးများကို ကျွမ်းဝင်ရင်းနှီးနေသည်။ ဘယ်မှာကြုံခဲ့ဖူးပါလိမ့်။

ဘာရယ်မဟုတ် တစ်ယောက်ကိုတစ်ယောက် ငေးကြည့်နေခိုက်မှာပင် လေရူးတစ်ချက်မွှေ့လိုက်သဖြင့် ကြယ်သီးဖြုတ်ထားသော မဟာ၏ရှပ်အင်္ကျီမှာ လေနှင့်အတူ ဟသွား





သည်။ သူ့ရင်ဘတ်ပေါ်မှာ အမာရွတ်လေးတစ်ခုကို မေနှောင်း မျက်ခနဲမြင်လိုက်ရသည်။

မေနှောင်း အသေအချာမကြည့်လိုက်ရမီမှာပင် မဟာက သူ့အင်္ကျီကိုပြန်၍ ကြယ်သီးတပ်လိုက်သည်။ ပြီးတော့ မြင်ပရှုခင်းတွေဘက်သို့လှည့်၍ ငေးကြည့်နေသည်။

တောရိပ် တောင်ရိပ်နှင့်အတူ စိမ်းလန်းသော မြင်ကွင်းများ၊ ပြီးတော့ တောင်ကမူလေးတစ်ခု။ သည်မြင်ကွင်းတွေကို မြင်ရတော့ လွန်ခဲ့သော ငါးနှစ်ခန့်က ဘားအံတစ်ဝိုက်ရှိ မြင်ကွင်းများကို သတိရမိပြန်သည်။ ထို့ကြောင့် မျက်လုံးတွေစုံမှိတ်ပြီး အတိတ်၏အရိပ်များကို ကြိုးစားဖျောက်ဖျက်ပစ်နေရသည်။

'နေကောင်းရဲ့လားဟင်'

'ကောင်းပါတယ်'

'သိပ်ပြီး နှုတ်ဆိတ်နေလို့'

'အင်း ဟို ဒီနေရာတွေ တွေ့ဖူးသလိုလို၊ နေခဲ့ဖူးသလိုလို စိတ်ထဲမှာ ခံစားနေရလို့'



www.burmeseclassic.com

www.burmeseclassic.com



'အိပ်မက်ထဲမှာလား'

'ဒါမှမဟုတ် တစ်ခြားဘဝတစ်ခုမှာလား'

'လူဝင်စားဆိုတာကို ခင်ဗျား ယုံလား'

'မပြောတတ်ဘူး'

စောစောက ကြယ်သီးတပ်ထားလိုက်သော ရှပ်အကျီ အောက်မှ အမာရွတ်ကလေးနေရာကို အလိုလိုလှမ်းကြည့်မိသည်။

'အရင်ကတော့ လူဝင်စားနဲ့ ပတ်သက်ပြီး အတော် ယုံကြည်ကြတယ်'

'အင်း သူတို့ကတော့ ယုံကြည်ကြမယ်လေ'

မဟာကပြောပြီး ရယ်မောကာ တစ်ဖက်သို့ လှည့်သွားသည်။ မနှောင်းကတော့ အိပ်မက်ဆန်သော ရီဝေဝေအတွေး တွေအောက်မှာ မြုပ်နေသည်။ သူ သည်အခြေအနေထဲမှ ရုန်းမထွက်နိုင်ချေ။

မနှောင်းက မိမိရောက်ဖူးသော အရပ်ဒေသများလား





ဟု အသေအချာ လိုက်ကြည့်နေမိသော်လည်း ဘာတစ်ခုမှ မတွေ့ရချေ။ လူရိပ်လူယောင်လည်း မတွေ့ရဘဲ တောကြီးသာ တွေ့ရသည်။

တောပိုင်းထဲသို့ရောက်လေ အပင်ကြီးတွေကကြီးလေ နှင့်ဖြစ်နေလေသည်။ ထိုမှတဖန် ကျောက်ခဲပုံတစ်ပုံကြောင့် ဖြစ်ပေါ်နေသော သဘာဝစမ်းရေအိုင်လေးတစ်ခုနားရောက်တော့ လမ်းပြက ကားရပ်လိုက်သည်။

ပြီးမှ ကားပေါ်တွင်ပါလာသော စားသောက်စရာခြင်း များကို ချ၍ အခင်းခင်း၍ စားသောက်ကြသည်။ ပြီးနောက်

'ကဲ ကျွန်တော်တို့ လမ်းလျှောက်ကြမယ်လေ'

ဟု လမ်းပြက ပြောသည်။ သူကပင် ဦးဆောင်၍ အနည်းငယ် မတ်စောက်သော တောင်ကုန်းလေးကိုတက်၊ တောင်ခါးပန်းကိုဖြတ်သည်။

ပြီးနောက် ထူထပ်သိပ်သည်းသော ချုံနွယ်တောထဲ ဖြတ်ဖောက်ထားသည့် လူသွားလမ်းကလေးအတိုင်း လိုက်လာသည်။



www.burmeseclassic.com

www.burmeseclassic.com



ချောင်းကလေးတစ်ခုကိုတွေ့ရသည်။ ကျော်ဖြတ်စရာ တံတားမရှိ ကျောက်တုံးတွေပဲ တန်းစီချထားသည်။ မေနှောင်း က တုံ့ဆိုင်းနေတော့ မဟာက သူ့လက်မောင်းကိုကိုင်ပြီး ဖေးမ ပေးသည်။

'ဟောဒီမှာပါဗျား သူတို့'

လမ်းပြက ရေညှိအပင်တွေ ဖုံးလွှမ်းနေသော ကျောက် တုံးတစ်တုံးပေါ်သို့ ခါးကိုင်းရပ်ရင်း လှမ်းအော်လိုက်သည်။

လမ်းပြက ခပ်သုတ်သုတ်လျှောက်သွားခိုက် မဟာက မေနှောင်း၏လက်မောင်းကို ကိုင်မြဲဆက်ကိုင်ထားလေသည်။

ထို့နောက် အံ့ဩဖွယ်ရာ အစီအရီကျောက်တုံးကြီးတွေ ကို တွေ့ရသည်။

မြင်မြင်ချင်းဆိုလျှင် ထိုကျောက်တုံးကြီးများကို ကျောက် ရုပ်တစ်ရုပ်ဟု မည်သူမျှထင်မည် မဟုတ်ပေ။ ကျောက်ရုပ်ကြီး မှာ ပုံပျက်ပန်းပျက် ဖြစ်နေသည်။ ကျောက်တုံးကြီးပေါ်တွင် အပေါက်ကြီးတွေ ဖြစ်နေသည့် ပုံစံမျိုးဖြစ်သည်။





သို့သော် သေချာအနီးကပ်ကြည့်မှ လူရုပ်တုဟု မှတ်ယူ ရမည့် ပုံဖော်မျဉ်းကြောင်းများကို ရေးရေးမြင်ရသည်။

အခြား ရုပ်ထုများလည်း အနီးအနားမှာ ရှိနေသည်။ ရုပ်ထုအားလုံးမှာ ရာစုနှစ်ပေါင်းများစွာ တိုက်ခတ်ရွာသွန်းခဲ့ သော လေနှင့်မိုးဒဏ်တို့ကြောင့် ယိုယွင်းပျက်စီးနေပြီ။

သို့သော် ခပ်ကြမ်းကြမ်းထုလုပ်ထားသော ရုပ်ထုကြီး များမှ ရက်စက်ကြမ်းကြုတ်သော အရှိန်အဝါများကိုတော့ ခံစား လို့ရသည်။

'ဘယ်လိုသဘောရလဲ'

မဟာက မေးသည်။

'သူတို့တွေဟာ'

မေနှောင်းက ဆက်မပြောတော့ချေ။

'အင်း ပြောလေ'

'အဲ တစ်နည်းတစ်ဖုံအားဖြင့်တော့ ကြောက်စရာ ကောင်းတယ်'

မဟာက ခေါင်းညိတ်သည်။



www.burmeseclassic.com

www.burmeseclassic.com



'ဒီရုပ်ထုတွေရဲ့ သက်တမ်းက ဘယ်လောက်ရှိကုန်ပြီလဲ'

'ပြောရခက်တယ်'

'သူတို့က ဘာကို ကိုယ်စားပြုနေတာလဲ'

'စစ်သည်တော်တွေလို့တော့ ထင်တာပဲ၊ ဒါပေမယ့် လူ ရိုင်း ရုပ်ထုတွေလဲ ဖြစ်နိုင်တာပဲ'

ဟု ဆက်ပြောသည်။ မဟာက လက်ပတ်နာရီကို တစ်ချက်ကြည့်၍

'အချိန်အတော်လင့်သွားပြီ၊ ပြန်မှကောင်းမယ်'

'ရှေ့ဖြစ်ဖတ်ဆရာတွေဆီ သွားဖို့ရော'

မေနှောင်းက စိတ်မလျှော့သေးဘဲ မေးလိုက်သည်။

'ကျွန်တော်တို့သွားရင်ရော သူတို့လက်ခံတွေ့ပါ့မလား'

မဟာက မေးသည်။ ပြီးနောက် ကားဆရာကို ကြည့်သည်။

'မပြောတတ်ဘူး'

'ဟင် ရှင်ပဲ လိုက်ပို့မယ်လို့ ကတိပေးခဲ့ပြီးတော့'





'သူတို့နေတဲ့ရွာက ကျွန်တော်တို့နဲ့ လမ်းမကြုံဘူး၊ ပြီး တော့ ကျွန်တော်တို့မှာပါတဲ့ ဓာတ်ဆီနဲ့ လောက်ပါ့မလားမသိဘူး'

'ကျွန်တော်တို့သွားရင် သူကလက်ခံတွေ့မှာလား'

'တွေ့မယ်ထင်ပါတယ်၊ သူ ကျွန်တော့်ကို ကလေးဘဝ တတည်းက သိခဲ့တာပဲ'

'ဘာပဲဖြစ်ဖြစ် ကြိုးစားကြည့်ကြရအောင်ပါ'

မေနှောင်းက ဝင်ပြောလိုက်သည်။

ကားဆရာနှင့် မဟာ တစ်ယောက်ကိုတစ်ယောက် တဒင်္ဂမျှ ကြည့်နေကြသည်။ ထို့နောက် ကားဆရာက ချာခနဲ လှည့်ပြီး ကားဆီသို့ထွက်သွားသည်။

အချိန်မှာ မှောင်ရီသန်းလုပြီး မှောင်ရိပ်မည်းကြီးများ ကြောင့် ကျောက်ခဲထူပြီး မတ်စောက်သောလမ်းမှာ လျှောက်ရ ခက်လာသည်။

မဟာက မေနှောင်းကိုကိုင်ပြီး ဖေးမပေးပြန်သည်။ သို့ သော် ချောင်းကိုဖြတ်ကျော်ရင်း ကျောက်တုံးတစ်တုံးမှာ ဘေးသို့ လိမ့်သွားသဖြင့် မေနှောင်းသည် ရေထဲသို့ ကျသွားသေးတော့



www.burmeseclassic.com

www.burmeseclassic.com



သည်။

'ဘာဖြစ်သွားသေးလဲ'

'ဒီလောက်ကလေးများ၊ ကျွန်မ ဘာမှမဖြစ်ပါဘူး'

'သေချာရဲ့လား'

'ကျိန်းသေပါတယ်'

တကယ်တန်းကျတော့ မေနှောင်း၏ခြေကျင်းဝတ် ခေါက်သွားသည်မှာ တော်တော်ဆိုးသည်။ ဒဏ်ရာက သူဟန် ဆောင်နေတော့ ပိုပြီးနာသည်။

သို့သော် ရှေ့ဖြစ်ဖတ်ဆရာနှင့် သွားမတွေ့ဖို့ အ ကြောင်းပြချက် ရှာပေးသလိုဖြစ်မည်။ ဒီတော့ ဘာမှမဖြစ်သလို ဟန်ဆောင်နေသည်။

'သူက ကျွန်မတို့ကို စကားပြောမှာလား'

'ပြောချင်လည်း ပြောမှာပေါ့'

ကားဆရာ ခေါတ်ဆီဂါလံပြမြားတဲ့လေးကို စိုးရိမ်တကြီး လှမ်းကြည့်နေရာမှ ပြန်ပြောသည်။

'သူက မြန်မာလို ပြောတတ်လား'





'ပြောတတ်ပါတယ်၊ သူက သူ့ယောကျ်ားသေမယ့်အ ကြောင်းကို ကြိုတင်ပြောခဲ့တယ်၊ အဲဒီတော့ သူ့ရွာသူ ရွာသား တွေက ဒီအမျိုးသမီးကို တော်တော်ဆိုးဆိုးဝါးဝါး ဆက်ဆံခဲ့ကြ တယ်လေ'

'ဪ ကျွန်မက အမျိုးသား အောက်မေ့နေတာ'

ကားဆရာက ခေါင်းခါယမ်းရင်း သူ့ရှေ့ရှိလမ်းကြမ်းကို ကြည့်ပြီးအာရုံစိုက်မောင်းသည်။ မဟာကလည်း နှုတ်ဆိတ်နေ သည်။ ကိုယ့်အတွေးထဲ ကိုယ်နစ်နေသည်။

ထို ရှေ့ဖြစ်ဖတ်ဆရာကိစ္စကို မိမိအတင်းပူဆာသဖြင့် အရာရာကို တိတိကျကျစီစဉ်တတ်သော မဟာ၏အစီအစဉ် တွေ လွဲချော်ကုန်ပြီဖြစ်ကြောင်း မေနှောင်းရိပ်မိသည်။

ထိုသူရှိရာ ရွာကလေးနားသို့ တဖြည်းဖြည်း နီးလာသည် နှင့် မေနှောင်းစိတ်တွေ ပိုပြီးလှုပ်ရှားလာသည်။ တောင်ခါးပြတ် ထိပ်တွင်ရှိနေသော ရွာလေးမှ ငုံ့ကြည့်ပါက ခေါင်းမူးလောက် အောင် မက်စောက်သော ချောက်ကြီးရှိသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုရှေ့ဖြစ်ဖတ်ဆရာနှင့် တွေ့တော့မည်ဆိုတော့ မိမိ ဘာကြောင့် စိတ်လှုပ်ရှားရသလဲ။ မနှောင်းစဉ်းစား၍ မရ။ တစ်ခုတော့ ရှိသည်။ မိမိ၏မသိစိတ်တွင် ခိုအောင်းနေသော အတိတ်ကအတွေ့အကြုံတစ်ခုခုနှင့်များ ဆက်နွယ်နေသလား။

အိမ်များမှာ တစ်အိမ်နှင့်တစ်အိမ် နီးကပ်လွန်းသည်။

အိမ်တွေ၏ရှေ့တွင် ပန်းချုံမရှိ၊ အကယ်၍ တံခါးနှင့် ပြတင်းပေါက်ကျဉ်းကျဉ်းလေးတွေသာ ဖောက်မထားလျှင် အားလုံးကို ကျောက်တုံးကြီးတစ်တုံးအဖြစ်သာ အလွယ်တကူ မှတ်ယူနိုင်လေသည်။

ရွာထဲတွင် လူရိပ်တောင် မတွေ့ရ။ သို့သော် မော်တော်ကားနီးကပ်လာသည်နှင့် ပြတင်းပေါက်ပိတ်သံ တဝုန်းဝုန်းကို ရုတ်တရက်ကြားရသည်။

'သူက ဟိုအပေါ်မှာ'

ကားဆရာက ကားကိုရပ်လိုက်သည်။ စက်ကိုသတ်ပြီး ချောက်ကမ်းပါးထိပ်တွင် တစ်ယောက်တည်းရပ်နေသော မိန်းမကို လက်ညှိုးထိုးပြသည်။





ထိုမိန်းမမှာ မနှောင်း မြင်ယောင်ထားသလို လုံးဝ မဟုတ်၊ မိမိစိတ်ထဲ မှန်းကြည့်ထားသည်မှာ ပါးရည်နားရည် တွန့်တွန့်နှင့် အကျည်းတန်မိန်းမကြီးတစ်ယောက်။

ဤမိန်းမက ငယ်တော့မငယ်။ သို့သော် အိုမင်းပြီဟုလည်း မဆိုနိုင်ပေ။ သူမကိုကြည့်ရတာ အသက်လေးဆယ်နှင့် ငါးဆယ်ကြားတွင်ပင် ရှိလောက်သည်။

ပြီးတော့ ခန္ဓာကိုယ်က တောင့်တင်း၍ ကြည့်ကောင်းဆဲ ဖြစ်သည်။ သူမဝတ်ထားတာက အနက်ရောင်အထည်ကြီး ဖြစ်ပြီး ရှည်နေသည်။

သူ့ဆီသို့လျှောက်လာနေသော သူမ၏ခေါင်းတွင် ပဝါအနက်တစ်ထည် စည်းထားသည်ကို မနှောင်းတွေ့ရသည်။ ပဝါ၏အစွန်းတစ်ဖက်မှာ မျက်နှာကိုဖုံးနေသည်။

အသားအရည်မှာ တွန့်ခြင်း၊ ရှုံ့ခြင်းမရှိ။ နှာတံကလည်း ဖြောင့်စင်းနေအောင်လှသည်။ စိတ်ဝင်စားစရာ အကောင်းဆုံး အစိတ်အပိုင်းမှာ မျက်လုံးများ။ ဧရာမမျက်လုံးကြီးများသည်



www.burmeseclassic.com

www.burmeseclassic.com



တည်ငြိမ်လွန်းသည်။ သူတစ်ယောက်သာ မြင်နိုင်စွမ်းသည့် မြင်ကွင်းများကိုသာ စူးစူးစိုက်စိုက်ကြည့်နေပုံမျိုး။ ဤမျက်လုံးရွဲကြီးများကို ရှောင်ရှား၍မရ။ ဤမျက်လုံးကြီးတွေက ညို့ယူဖမ်းစားနေသည်။

ထိုအမျိုးသမီးနှင့် မေနှောင်းတို့သည် ဆုံဆည်းမိသည်နှင့်တပြိုင်နက် မေးမြန်းစပ်စုနေစရာကိုမလိုဘဲ သူမအကြောင်းကို သူမဘာသာ လျှောလျှောလျူလျူ ပြောပြတော့သည်။ ထူးဆန်းသည်မှာ ထိုအမျိုးသမီးသည် မေနှောင်းတို့ ရောက်လာမည်ကို စောင့်မျှော်နေပုံမျိုး ရှိသည်။

ထူးခြားချက်များက မေနှောင်းကို ချက်ချင်းကို လွှမ်းမိုးသွားသည်။ ထိုရှေ့ဖြစ်ဖတ် အမျိုးသမီးပြောနေတာကို ကြားနေရုံသာမဟုတ်။ စိတ်ထဲမှကို လှိုက်လှဲစွာ ခံစားရပါသည်။

'အသင်၏ဘဝတစ်လျှောက်လုံး ဒုက္ခတွေကို အများဆုံး ခံစားခဲ့ရသည်။ အသင်သည် မိမိဘဝကို မိမိကျေနပ်ခြင်း မရှိချေ။ အသင်သည် ...





ဤစကားလုံးတွေက မေနှောင်းကာလကြာရှည်စွာ နှိပ်မျိုသိပ်ထားသည့် အချက်များနှင့်ဆက်နွယ်ပတ်သက်နေသည်။ မေနှောင်းခေါင်းထဲ ပေါ့ပါးလာသည်။ ပြီးတော့ သတိကက်လွတ်မယောင်ဖြစ်လာသည်။

'အခု အသင်ဘဝ၏အလိုအပ်ဆုံး လူတစ်ယောက်သည် အသင်၏နံဘေးတွင် ရှိနေပြီဖြစ်သည်'

ထိုအမျိုးသမီး၏စကားများက တဖြည်းဖြည်းချင်း အသံတစ်သံတည်းသို့ ပြောင်းလဲသွားသည်။ စကားလုံးတွေ တစ်လုံးနှင့်တစ်လုံး ရောထွေးလာသည်။

အသံနှုန်းကမြန်လာပြီး နားမလည်နိုင်လောက်သည့် ချင်းတစ်ပုဒ်လိုဖြစ်လာသည်။ သူမျက်လုံးများက ကောင်းကင်သို့မော့ကြည့်လျက်။ ထို့နောက် ရုတ်ချည်း ချာခနဲလှည့်ပြီး မီးမိုးစပြုနေသည့် အမှောင်ထဲသို့ တိုးဝင်သွားတော့သည်။

'ကျွန်တော်တို့ ပြန်မှပဲ

ကားဆရာကပြောသည်။

www.burmeseclassic.com



'ဒါနဲ့ စောစောကအမျိုးသမီးက ဘယ်ကိုထွက်သွားတာလဲဟင်'

'အမဲလိုက်ထင်တယ်'

ကားဆရာက ပြန်ဖြေသည်။

ကားဆရာက ကားထဲပြန်ဝင်လာသည်။ မဟာက နောက်မှလိုက်သွားသည်။ သို့သော် မနှောင်းကတော့ မလှုပ်မယှက်ရပ်လျက် ကျန်ရစ်ခဲ့သည်။ နက်ရှိုင်းလှသော ချောက်ကြီးကို စိုက်ကြည့်နေမိသည်။

သူ နားလည်မစွမ်းသော တန်ခိုးတစ်ခုက သူ့ကိုစီးနေသည်။ ဖော်ပြနိုင်စွမ်းမရှိသော ဆုံးရှုံးမှုတစ်ခုကို ရင်မှာခံစားနေရသည်။ နောက်ဆုံးမဟာက ကားထဲသို့ အတင်းဆွဲခေါ်တော့မှ ကားထဲဝင်ပြီး တံခါးပိတ်လိုက်သည်။

ဒီကြားထဲ ကားကစက်နိုးရခက်နေသေးသည်။ ခေတ်ဆီ နည်းနေရုံသာမက အင်ဂျင်ပါဒေါင်းချင်နေသည်။ နှစ်မိနစ် သုံးမိနစ်ကြာမှ ကားကစက်နိုးလာသည်။ ကားထို





နောက်ပြန်ဆုတ်ပြီး ကွေ့သည်။

အပြန်လမ်းအတိုင်း မောင်းလာသည်။ မနှောင်းက ဖုန်အလိမ်းလိမ်းကပ်နေသည့် ကားမှန်ကိုကျော်ကာ ရှေ့ဖြစ်ဖတ် ဆရာမ၏နောက်ဆုံး အရိပ်အယောင်ကိုမျှ မြင်ရလိုမြင်ရငြား စူးစိုက်ရှာဖွေကြည့်မိသည်။ သို့သော် အမှောင်ထုနောက်မှာ ဖြစ်နေသော မှန်ထဲတွင်မြင်ရသည့်မှာ ကိုယ့်မျက်နှာ၏ခပ်ဝါးဝါး ပုံရိပ်သာဖြစ်သည်။

ကားနောက်ခန်းထောင့်တွင် တိတ်ဆိတ်စွာထိုင်၍ လိုက်လာသည်။ ခြေကျင်းဝတ်က အတော်ကြီးနာလာသည်။ နာသည့်နေရာကို လက်ချောင်းများဖြင့် ဖိကြည့်သည်။ ယောင်ကိုင်းနေ၍ လန့်ပြီး သက်ပြင်းချလိုက်မိသည်။ ထိုအသံကြောင့် မဟာက လှည့်ကြည့်သည်။

'တော်တော် နာနေပြီလား'

မနှောင်းက ခေါင်းညိတ်ပြသည်။

'ဒါဆိုရင် ရေခဲအုံမှဖြစ်လိမ့်မယ်၊ ရှေ့နားမှာ ရွာတစ်ရွာ



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်ဖြစ် . . .'

'ရပါတယ်၊ ကျွန်မတည်းခိုတဲ့နေရာ ရောက်တဲ့အထိ စောင့်နိုင်ပါတယ်'

အပြန်လမ်းမှာ အမှောင်ထုက ကြီးစိုးသွားပြီ။ သို့သော် သစ်ပင်အုပ်ထဲမှ ထွက်လိုက်တော့ နောက်ဆုံး နေခြည် ဖျော့ဖျော့များကို မြင်ရသည်။

မဟာ့ကို မျက်လုံးထောင့်ကပ်ပြီး ကြည့်လိုက်သည်။ သူ့ကိုကြည့်ရတာ အတွေးထဲနစ်မြုပ်နေပုံ။ မျက်လုံးတွေက မပွင့်တပွင့်။ ခေါင်းကို ကားကူရှင်နောက်မှီပေါ် ခပ်ဖွဖွမှီထားသည်။ သို့တိုင် သည်လူသည် မိမိအားစောင့်ကြည့် အကဲခတ်နေကြောင်းကို မေနှောင်း အတိအကျသိနေသည်။

အပေါ်ယံအားဖြင့်တော့ ချိုသာသည်၊ ဂရုစိုက်သည်၊ မိမိလိုအပ်သရွေ့ကို ဖြည့်ဆည်းပေးသည်။ သို့သော် ဤလူ မိမိကို တစ်နည်းတစ်လမ်းအားဖြင့် အကဲခတ်နေသည်ဆိုသော အတွေးကို မေနှောင်းခေါင်းထဲမှ ဖျောက်လို့မရ။





'အဲဒီ ရှေ့ဖြစ်ဖတ်ဆရာမကို ရှင်ဘယ်လိုထင်လဲဟင်'

မဟာက ခေါင်းထောင်လိုက်သည်။ သို့သော် သူ ရုတ်တရက်အဖြေ မပေးချေ။

'သူမှ တကယ့်ကိုပဲ ရှေ့ကိုမြင်နိုင်စွမ်းရှိတယ်လို့ ရှင်ထင်သလား'

'အင်း ရှေ့ကို မြင်နိုင်စွမ်းရှိချင်လည်း ရှိမှာပေါ့၊ ဒါမှမဟုတ် ရူးနေတာလည်း ဖြစ်ချင်ဖြစ်မှာပေါ့'

မေနှောင်းက စကားဆက်ချင်သေးသည်။ သို့သော် မဟာက နောက်မှီပေါ်ခေါင်းပြန်တင်ပြီး မျက်စိကိုမှိတ်ထားလိုက်သည်။ သူ့အပြုအမူကြောင့် မေနှောင်းအောင့်သက်သက်ဖြစ်သွားသည်။

မိမိကို ပစ်ပယ်ထားသလို ခံစားရသည်။

မေနှောင်း ဘေးပတ်ဝန်းကျင်ကို ကြည့်နေလိုက်သည်။ ညဘက်သို့ ကူးပြောင်းနေသဖြင့် ပြင်ပမြင်ကွင်းများမှာ ဝိုးတိုးဝါးတားဖြစ်နေသည်။ ကားက အရှိန်နှင့်ဖြတ်သွားသဖြင့် သစ်ပင်တွေကြားထဲမှ အရိပ်တွေ လှုပ်ရှားရွေ့လျားနေသည်။



www.burmeseclassic.com

www.burmeseclassic.com



ဤအရိပ်ကြီးများမှ ကြောက်စရာသတ္တဝါကြီးတွေ လှုပ်ရှားနေသည်ဟု မနှောင်းထင်မိသည်။

ကိုယ့်ကိုကိုယ်လည်း အံ့ဩမိသည်။ မိမိသည် ငယ်ဘဝကတည်းက တစ္ဆေသရဲဆိုတာ မယုံခဲ့။ အမှောင်ထုကိုလည်း မကြောက်ခဲ့။ သို့သော် ဤအရပ်သို့ရောက်ကတည်းက မိမိ၏ ဆင်ခြင်တုံတရားတွေ ပျောက်ဆုံးကုန်ပြီး စိတ်ကူးတွေ၏လွှမ်းမိုးမှုကိုသာ ခံစားနေသည်။

'ခာတ်ဆီမရှိတော့ဘူး'

ရုတ်တရက်ဆိုသလို မော်တော်ကားစက်သံက တဖွတ်ဖွတ်မြည်ပြီး ရပ်သွားသည်။

ကားဆရာက တစ်ချက်ဆဲရေးပြီး စက်ကိုအကြိမ်ကြိမ်နှိုးသည်။ စက်နိုးမလာ။ နောက်ဆုံး စက်နှိုးဖို့ လက်လျှော့လိုက်သည်။

'ကျွတ် . . . ကျွန်တော်တို့ ဒီကိုမလာခင်ကတည်းက ခင်ဗျား ဆီအပြည့်ဖြည့်ခဲ့ဖို့ ကောင်းတာပေါ့'





မဟာက စိတ်ဆိုးမာန်ဆိုးနှင့် ပြောလိုက်သည်။

'အဲဒါက တောထဲက ကျောက်ရုပ်တွေဆီကိုသွားဖို့ ခရီးအတွက်ပဲ ဆီလုံလုံလောက်လောက် ပါတယ်လေ၊ ရှေ့ဖြစ်ဖတ်ဆရာနဲ့ သွားတွေ့ဖို့လုပ်တာက ကျွန်တော့်အစီအစဉ်မဟုတ်ဘူး'

'ကျွန်တော်တို့ ခာတ်ဆီဘယ်မှာ ရနိုင်မလဲ'

'ဒီနားတစ်ဝိုက်ကလူတွေကတော့ မှောင်တာနဲ့ တံခါးပိတ်ကြတာ၊ တည်းခိုခန်းမှာဆိုရင်တော့ ရနိုင်ကောင်းပါတယ်'

'အဲဒါက ဘယ်လောက်ဝေးလဲ'

'နှစ်မိုင်လောက်'

'ဒါဆိုတော့လည်း လမ်းလျှောက်ကြရုံပေါ့'

မဟာက တံခါးကိုဖွင့်ပြီး အပြင်ထွက်သည်။

'ဆီထည့်ဖို့ ပုံးတစ်ခုခုတော့ လိုလိမ့်မယ်'

ကားဆရာက ကားနောက်မြီးတွင် ပုံးရှာနေခိုက် မနှောင်း မတ်တတ်ရပ်ဖို့ ကြိုးစားကြည့်သည်။ သို့သော် ခြေထောက်ပေါ် ဖိလိုက်သည်နှင့် ခြေကျင်းဝတ်က ဆူးစူးကြီးကို

www.burmeseclassic.com



နာကျင်လာသည်။

'ကျွန်မ မလျှောက်နိုင်တော့ဘူး'

'ခင်ဗျားလျှောက်စရာမလိုဘူးလေ၊ ဒီမှာပဲ နေခဲ့ ကျွန်တော်တို့ သိပ်ကြာကြာမှာမှ မဟုတ်တာ'

မဟာနှင့် ကားဆရာကြီး အမှောင်ထုထဲ ဝင်ရောက်ပျောက်ကွယ်သွားသည်ကို မေနှောင်းလိုက်ကြည့်နေမိသည်။ တံခါးအားလုံး သော့ခတ်ပြီး ထိုင်ခုံပေါ်တွင် လဲလျောင်းရင်း မျက်စိမှိတ်ထားသည်။

သို့သော် အိပ်မပျော်။ မျက်စိထဲမှာ ရွေ့ဖြစ်ပြောသော အမျိုးသမီးကြီးကို မြင်ယောင်နေမိသည်။ တစ္ဆေတွေ၊ သရဲတွေနှင့် ထိုအမျိုးသမီးကြီး၏ မျက်လုံးကြီးတွေ ခေါင်းထဲမှာ ဝဲနေလေသည်။

ကားထဲမှာ မွန်းကျပ်လာသဖြင့် လေဝင်သာအောင် တံခါးမှန်ကို ချလိုက်သည်။ မရပ်မနားအော်မြည်နေသော ပစဉ်းရင်ကွဲသံများနှင့် ဖားအော်သံများက ကားထဲသို့ တိုးဝင်လာသည်။





ရုတ်တရက် တစ်စုံတစ်ခုကိုကြားလိုက်ရသည်။ မြက်ပင်ရှည်ကြီးတွေ ကြားထဲမှာ တိုးဖြတ်ရွေ့လျားနေသော လေတိုးသံလိုလို။ သေချာနားစွင့်ကြည့်တော့ ဝူးဝူးဝါးဝါးအော်သံများ။ ပြီးတော့ ခြေသံများကိုပါ ကြားရသည်။

လက ထိန်ထိန်သာနေသည်။ ထို့ကြောင့် အဝတ်မည်းတွေ ဝတ်ထားသော လယ်သမားတစ်စု ကားဆီသို့ တန်းစီလာနေပုံရသည်ကို မေနှောင်းမြင်နေရသည်။

သူတို့ ခပ်ဖြည်းဖြည်းလျှောက်လာကြသည်။ ပထမတွင် သာမာန်[illegible]တွေပဲ ထင်ရသည်။ သူတို့က မပီဝိုးတဝါးအမည်ကို အထပ်ထပ်အခါခါ ရွတ်ဆိုနေသော်လည်း စကားလုံးများကို ခွဲခြား၍မရ။

လျှောက်လာသော လူတန်းသည် ယခုအခါ ကားနံဘေးသို့ရောက်လာသည်။ သူတို့ ခေါင်းတစ်ခုကို သယ်ဆောင်လာကြောင်း မေနှောင်းတွေ့ရသည်။

ခေါင်းမှာ အဖုံးဖွင့်ထားသည်။



www.burmeseclassic.com

www.burmeseclassic.com



နောက်ပြီး မေနှောင်းနှင့်နီးကပ်လွန်းနေသဖြင့် ခေါင်းထဲကို လှမ်းကြည့်လို့ရသည်။ မိမိအား ခေါင်းထဲမှ မျက်လုံးပွင့်နေသော အလောင်းကြီးက ပြန်ကြည့်နေသည်။

ဘုရားရေ၊ ထိုအလောင်းကြီးက မိမိ၏အလောင်းကြီးပါလား။ ပွင့်လျက်သား မျက်လုံးတွေက အကြည်ဓာတ်မဲ့ပြီး ကြောင်ကြည့်နေသည်။ နာကျင်ခြင်းနှင့် သရော်ခြင်း ပေါင်းစပ်ပြီး မဲ့ပြုံးပြုံးနေသယောင်။ ထိတ်လန့်မှုကြောင့် မလှုပ်နိုင်မရှားနိုင်ဘဲ လရောင်မှုန်ဝါးဝါးအောက်တွင် တိုးဝင်ပျောက်ကွယ်သွားသည့် လူတန်းကို သူကလိုက်ကြည့်နေသည်။

အရှိတရားကို ဆုပ်ဖမ်းထားသည့် အသိစိတ်တွေ သူ့ခေါင်းထဲမှ ဖြည်းညှင်းစွာ ထွက်ခွာသွားနေပြီ။ သူ့ခန္ဓာကိုယ်တစ်ကိုယ်လုံး ထုံထိုင်းအေးစက်လာသည်။

'ဘုရား ...'

မျက်လုံးတွေပြူးထွက်လာသည်ကို ခံစားရသည်။ မျက်နှာမှာ သွေးဆုတ်နေပြီ။ မောဟိုက်ပင်ပန်းစွာ အသက်ရှူနေရသည်။





လည်ချောင်းတင်းကပ်ပြီး ရင်ထဲမှ အသံအက်အက်ကြီးကို အတင်းညှစ်ထုတ်နေရသည်။

ရုတ်တရက် သူ့ခန္ဓာကိုယ်က ဆတ်ခနဲ ဆတ်ခနဲ တွန့်လိမ်သွားသည်။ သူအသက်ငင်နေပြီလား။ သို့သော် ထိတ်လန့်တကြားဖြစ်ရမည့်အစား အားလုံးကို ပျော့ခွေ၍ အလျှော့ပေးနေရသည်။

ဝေးလံလှသောတစ်နေရာ၊ ချောက်ကမ်းပါးကြီး၏ ဟိုဘက်ဆီတွင် သီချင်းသံလိုအသံသည် ငြိမ်သက်ခြင်း ကမ္ဘာထဲမှာ ပဲ့တင်ထပ်နေသည်။ နောက် ပျောက်ကွယ်ပြီး တိတ်ဆိတ်သွားသည်။

တစ်နာရီနီးပါးကြာတော့ မဟာနှင့်ကားဆရာကြီး ပြန်ရောက်လာသည်။ ကားဆီသို့မရောက်မီ အဝေးကြီးကတည်းက ကားဟွန်းသံမြည်ဟီးနေသည်ကို ကြားကြရသည်။

ထို့နောက် ရောက်ခါနီး မိုင်ဝက်လောက်ကို ပြေးလာခဲ့ကြရသည်။ မေနှောင်းသည် ကားလက်ကိုင်ဘီးပေါ် မှောက်



www.burmeseclassic.com

www.burmeseclassic.com



လျက်ကျနေပြီး မျက်နှာက ကားပွန်းကို ဖိလျက်သားဖြစ်နေသည်၊ ကားတံခါးသော့မှာ ကားစက်နှိုးသည့်သော့နှင့် တွဲနေသည်၊ မနှောင်းက ကားတံခါးကို သော့ခတ်ထားသည်။ မဟာက ကားတံခါးကို တစ်ချက်ကြည့်၍ တံခါးမှန်ကို ကျောက်တုံးတစ်တုံးဖြင့် ထုခွဲလိုက်သည်။

တံခါးဖွင့်လိုက်သောအခါ မနှောင်းသည် ပျော့ခွေစွာ သူ့လက်မောင်းပေါ်သို့ ကျလာသည်။

မနှောင်း၏ မျက်နှာက ကြောက်စရာကောင်းလောက်အောင်ပင် မဲ့ရွဲ့နေသည်။ သို့သော် အသက်ရှူနေသေးသည်၊ ထို့ကြောင့် မနှောင်းမသေသေးကြောင်း မဟာသိလိုက်ရသည်။

× × ×　　× × ×　　× × ×

'ဒါက ဘယ်လိုဖြစ်ရတာလဲ'

'ပြီးမှ ကျုပ်ရှင်းပြမယ်၊ အခုဆေးရုံတစ်ခုကို အမြန်တင်မှ ဖြစ်မယ်'

မဟာက မနှောင်းရဲ့ပျော့ခွေနေသော ခန္ဓာကိုယ်လေး





ကို ဦးသက်ပိုင်ရှေ့မှာပင် ပွေ့ချီထားပြီး ကားပြောင်းတင်လိုက်သည်။

'ဘယ်လိုလဲ ခင်ဗျားလိုက်မှာလား၊ မလိုက်ဘူးလား၊ မလိုက်ရင် အခုဆေးရုံတစ်ခုကို အမြန်ဆုံးမောင်းတော့မယ်'

'ဟ လိုက်မှာပေါ့ ကျုပ်အမျိုးသမီးပဲ'

'အဲဒါဆို တက်'

ကားအောက်တွင် မျက်နှာပျက်စွာကျန်နေသော ယမနေကို တစ်ချက်လှမ်းကြည့်၍

'ပြန်လာခဲ့မယ်'

ကားကို တစ်ရှိန်ထိုး မောင်းထွက်ခဲ့သည်၊ မှော်ဘီမြို့တိုက်နယ်ဆေးရုံသို့ဖြစ်သည်။

မနှောင်းသတိပြန်ရလာပြီး စိတ်ချရတော့မှ ဦးသက်ပိုင်ကို ထားခဲ့၍ တည်းခိုရာသို့ ပြန်လာခဲ့သည်။

သူပြန်လာတော့ ညဥ့်အတော်နက်နေပြီ။ သို့တိုင် ယမနေက မအိပ်သေးဘဲ ဧည့်ခန်းတွင်ထိုင်စောင့်နေသည်။ သူဝင်သွားတော့ . . .



www.burmeseclassic.com

www.burmeseclassic.com



'အစ်ကို'

'အစ်ကို့ကို ဘာမှမမေးနဲ့တော့၊ အစ်ကိုသိပ်ခေါင်းနေပြီ မနက်ကျမှပဲ အားလုံးပြောပြတော့မယ်၊ ယမနေလည်း သွားအိပ်တော့'

သူကပြောပြီး အိပ်ခန်းထဲသို့ တန်းဝင်လာခဲ့သည်။ နာရီကြည့်တော့ နှစ်နာရီပင် ထိုးလုပြီ။

အားလုံးကိုမေ့ပျောက်၍ အိပ်စက်ခြင်းဆီသို့ . . .

× × × × × × × × ×

အိပ်စက်ခြင်းက ယမနေကို မသယ်ဆောင်သွားနိုင်၊ ယမနေရဲ့စိတ်တွေက ဘယ်လိုမှကို ဆောက်တည်ရာမရ ဖြစ်နေသည်။

'သူတို့ ဘာတွေဖြစ်ခဲ့ကြသလဲ'

အစ်ကိုနှင့် ဒေါ်မေနှောင်းတို့ ပြန်အဆင်ပြေသွားပြီလား။ သူတို့ပြန်ရောက်ပြီးချိန်ရော ပြန်မရောက်ခင် အချိန်ရော တစ်ချိန်လုံး ပူပန်နေခဲ့ရသည်။





အစ်ကိုရယ်၊ မနေ့ဘက်ကို နည်းနည်းလေးမှကို မကြည့်ဘူးနော်။ အစ်ကို့ကို တစ်ဖက်သတ်ချစ်နေရတဲ့ မနေ့ရဲ့အဖြစ်က ဆိုးပါတယ်လေ။ တကယ်ဆို ယမနေဟာ အစ်ကိုထားရာနေ စေရာသွားရတဲ့ အရုပ်ကလေးတစ်ရုပ်ပါ။

အခု အစ်ကို မနေ့ကို မလိုအပ်တော့ဘူးပေါ့။ မနေ့ကို ထားသွားပြီ[illegible]ပါလေ။

ယမနေသည် တွေးရင်းနှင့်မှ ဘယ်လိုမှ သည်းမခံနိုင်တော့သည့်အဆုံးတွင် အိပ်နေရာမှ ထထိုင်လိုက်သည်။

ယမနေ ဒီတိုင်းနေသွားရင် သေသွားလိမ့်မယ်။ မနေ တစ်ခုခု ဆုံးဖြတ်ရတော့မည်။

မနေ အံကိုတင်းတင်းကြိတ်လိုက်သည်။

မနေ သတ္တိရှိရမည်။ အစ်ကိုရဲ့ ဥပေက္ခာပြုခြင်းကို ခံရတာထက် အစ်ကို့အနားမှာ မနေရတာမှ ပိုပြီးကောင်းဦးမည်ဟု မနေထင်သည်။

ထို့ကြောင့် မနေပြတ်သားတည်ငြိမ်စွာ ဆုံးဖြတ်လိုက်ပြီ။



www.burmeseclassic.com

www.burmeseclassic.com



မဟာကတော့ အိပ်ကောင်းဆဲ . . .

× × ×　　× × ×　　× × ×

'ဘာပြောတယ်'

'ဟုတ်တယ် ဆရာ၊ ယမနေ မရှိတော့ဘူး'

မီးထိုးသမားက လာပြောတော့ သူ ရုတ်တရက် ပြာသွားသည်။ နောက်မှ သူသေချာပြန်စဉ်းစားတော့ ညက သူ လွန်သွားသည့်အဖြစ်ကို သတိရမိသည်။

ယမနေကို သူ ဥပေက္ခာပြုလိုက်သည့် အဖြစ်ရယ်ပါ။

သူကထိုင်ရာမှာ အလျှင်စလိုထ၍ ယမနေ့အခန်းကို သွားလိုက်သည်။ ပစ္စည်းတွေကို ရှာဖွေကြည့်လိုက်တော့ အဖိုးတန်ပစ္စည်းရယ်လို့ တစ်ခုမှယူမသွား။ သူ့အတွက် စာလေးတစ်စောင်မှတောင် ရေးမသွားချေ။

ဟား . . .

သူ စိတ်ပျက်စွာ ကုတင်ပေါ် လှဲချလိုက်သည်။ ခဏကြာတော့ ဦးသက်ပိုင်က အခန်းထဲဝင်လာသည်။





'မင်းသမီး ပျောက်သွားလို့ဆို၊ အဲဒါဘယ်လိုလုပ်ကြမလဲ'

'ကျွန်တော် စဉ်းစားနေပါတယ်'

'စဉ်းစားလို့ မရဘူးလေ၊ တော်ကြာ အလုပ်လုပ်ရတော့မှာ'

သူက စိတ်တိုစွာ ဦးသက်ပိုင်ကို တစ်ချက်လှမ်းကြည့်လိုက်သည်။ တစ်ခုခုပြောလိုက်မလို့လုပ်ပြီးမှ စိတ်ကိုမနည်းထိန်းထားလိုက်ရသည်။

'ခင်ဗျား ရိုက်စရာရှိတဲ့အခန်းတွေ ဆက်ရိုက်ထားပါ၊ ယမနေပါတဲ့ အခန်းကလွဲပြီးပေါ့၊ တစ်ပတ်အတွင်း ယမနေ ပြန်လာစေရမယ်၊ ဒီကိစ္စအတွက် စိတ်အေးအေးထား'

သူက ခပ်ပြတ်ပြတ်ပြောပြီး ကုတင်ပေါ်တွင် ပြန်လှဲချလိုက်သည် ဦးသက်ပိုင်က အခန်းထဲမှ ပြန်ထွက်မည်အလုပ်

'ဒါနဲ့ ဒေါ်မနွေးခြောင်းရဲ့ အခြေအနေရော'

'သက်သာပါတယ်'

'မနေ့ညက ကိစ္စကို ခင်ဗျားသံသယရှင်းရဲ့လား၊ ဒေါ်မနွေးခြောင်း ခင်ဗျားကိုအားလုံး ပြောပြီးပြီလား'



www.burmeseclassic.com

www.burmeseclassic.com



'မနှောင်း ကျုပ်ကိုဘာမှမပြောဘူး၊ ပြောပြော မပြောပြော ကျုပ်ဘာမှ မသိချင်ဘူး၊ အခုလောလောဆယ်မှာ ယမနေ့ကို ပြန်တွေ့ရမယ့်ကိစ္စလောက် တခြား ဘယ်ကိစ္စကိုမှ ကျုပ်ခေါင်းထဲ မထားဘူး'

ဦးသက်ပိုင်က ခပ်ပြတ်ပြတ်ပြောတာကြောင့် သူက တစ်ချက် ရယ်မောလိုက်ပြီး

'ကောင်းပြီလေ၊ တစ်ပတ်အတွင်း ယမနေ့ကို ပြန်တွေ့စေရမယ်၊ ခင်ဗျားအမျိုးသမီးကို ဂရုစိုက်လိုက်ပါ'

သူ့ရဲ့စကားကြောင့် ဦးသက်ပိုင်၏ မျက်နှာပေါ်မှ အကြောများ ထောင်ထသွားပြီး လှည့်ထွက်သွားလေသည်။

သူက ခေါင်းကို ခပ်ဖွဖွခါယမ်း၍ ခါးကြားထဲတွင် ထိုးထားသော ဟမ်းဖုန်းမှ ခလုတ်တချို့ကို နှိပ်လိုက်သည်။

'မေလား ကျွန်တော်ပါ၊ ကျွန်တော့်ကို သတင်းစာတိုက် တစ်ချက်သွားပြီး ကြော်ငြာလေးတစ်ခု ထည့်ပေးပါ'

'ဘာကြော်ငြာလဲ၊ လူပျောက်ကြော်ငြာလား'

'နိုး . . . နိုး . . .'





သူက သဘောကျစွာ တစ်ချက်ပြုံးလိုက်သည်။ ယမနေအကြောင်းကို သူက နှောကျေအောင်သိထားသူပီပီ ဒီကြော်ငြာမျိုး ဘာကြောင့်ထည့်တော့မှာလဲ။

'ဘာကြော်ငြာလဲ'

မေက ထပ်မေးသည်။

'စေ့စပ်ကြောင်းလမ်းပြီးစီးခြင်း'

'ဟင်'

မေ အံ့သြသွားသည်။ မေ အံ့သြလိုပင် ယမနေလည်း အံ့သြပြီး သူ့ထံသို့ပြန်ရောက်လာမည်မှာ အသေအချာပင်ဖြစ်သည်။

× × ×   × × ×   × × ×

စေ့စပ်ကြောင်းလမ်းပြီးစီးခြင်း။

မောင်မဟာနှင့် မယမနေတို့သည် နှစ်ဖက်လူကြီးများ ရှေ့မှောက်တွင် (            )နေ့၌ စေ့စပ်ကြောင်းလမ်းပြီးပါကြောင်း။

'ဟင်'



www.burmeseclassic.com

www.burmeseclassic.com



ယမနေ သတင်းစာကိုကိုင်ရင်း အရမ်းအံ့ဩသွားသည်။ မနေထင်ထားတာက လူပျောက်ကြော်ငြာ တစ်ခုပင်။ ယခုတော့ 'စေ့စပ်ကြောင်းလမ်းပြီးစီးခြင်း' တဲ့။ မနေလည်း ဘာမှ မသိရပါလား။

ဒါဟာ သူ့ရဲ့လှည့်ကွက်တစ်ခုပေပဲလား။

ယမနေက အခုလောလောဆယ် ရထားပေါ် ရောက်နေသည်။ ယမနေသည် ဇာတိဖြစ်သော မော်လမြိုင်သို့ ပြန်နေခြင်း ဖြစ်သည်။ အမေ့ရင်ငွေ့ကသာ ယမနေ့အတွက် အအေးချမ်းဆုံးဟု မှတ်ယူထားပြီး ပြန်ခြင်းဖြစ်သည်။

နောက်ထပ် သုံးနာရီဆိုလျှင် မော်လမြိုင်သို့ ရောက်ပြီဖြစ်သည်။

အမေရယ်၊ အစ်ကိုရယ်နှင့် ပြန်တွေ့ရတော့မည်။ ပြန်တွေ့တာ ရိုးရိုးမဟုတ်။ ဒီကြော်ငြာကြီးနှင့်ဆိုတော့ ယမနေ့ကို လက်ခံကြပါတော့မလား။

မနေတွေးရင်း ငိုချင်လာသည်။





ထို့ကြောင့် ရထားဘူတာသို့ဆိုက်သည်နှင့် တယ်လီဖုန်းကို ကောက်လှည့်လိုက်သည်။

'ဟဲလို'

'ယမနေလား'

အစ်ကို့အသံကို ကြားရသည်နှင့် မနေ ဘယ်လိုမှ ဆောက်တည်ရာမရတော့ချေ။

'အစ်ကို ဘယ်လိုလုပ်လိုက်တာလဲ၊ မနေ့ကို လုံးဝ မသနားဘူး၊ အစ်ကို သိပ်ရက်စက်တာပဲ။ ယမနေဟာ အစ်ကို လုပ်ချင်သလိုလုပ်လို့ရတဲ့ အရုပ်တစ်ရုပ်လို့များ ထင်နေသလား ဟင်'

'ကဲပါ ကလေးရယ် အစ်ကို့ကို ရန်တွေ့မနေနဲ့တော့၊ အစ်ကို ကလေးကို အဆုံးရှုံးမခံနိုင်လို့ ဒီလိုလုပ်လိုက်တာပါ၊ အစ်ကို့ဆီကို ပြန်လာခဲ့ပါတော့'

'ပြန်လာခဲ့ရမယ် ဟင်း ဟင်း'

မနေ နာနာကျင်ကျင် ရယ်မောလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



'အစ်ကို ဒီလိုလုပ်တာ မနေပြန်လာဖို့ လုပ်တာပေါ့ ဟုတ်လား'

'အစ်ကိုကို ဖြေရခက်တဲ့ မေးခွန်းတွေ မေးမနေပါနဲ့ကွာ၊ အခု ယမနေသိရမှာက ယမနေဟာ အစ်ကိုရဲ့ဇနီးလောင်း ဆိုတာကိုပဲ'

အစ်ကို့စကားကြောင့် အမှတ်မရှိသော ယမနေ၏ နှလုံးသားအစုံမှာ တဆတ်ဆတ်တုန်သွားသည်။ ဖုန်းကိုကိုင်ပြီး အတော်လေးကြာကြာ တွေဝေသွားမိသည်။

'ဒီမှာ ကလေး၊ ကလေး သေချာမှတ်ထားရမှာက အစ်ကို လက်ထပ်မယ့် မိန်းမဟာ လောကမှာ ကလေးတစ်ယောက်ပဲရှိတယ်ဆိုတာကိုပဲ၊ အကြောင်းမဟုတ်တာတွေ အရေးမကြီးတာတွေကို အစ်ကိုမဖြေရှင်းနိုင်ဘူး။ ကလေးအခုဘယ်ကဆက်လဲ။'

'မော်လမြိုင်က'

'ကောင်းပြီ ကလေးရဲ့ အမေနဲ့ အစ်ကိုဆီကိုသွားလည်





လိုက်ပါဦး။ နောက်ထပ် နှစ်ရက်ကြာရင် အစ်ကိုလိုက်လာခဲ့မယ်။ ကလေးရဲ့ အမေကို လက်ထပ်ဖို့ကိစ္စ ခွင့်တောင်းမယ်။ အဲဒီကနေ ဘယ်မှထွက်မပြေးနဲ့တော့နော်။ အစ်ကိုကို သနားရင်ပေါ့လေ။ ကလေးရဲ့ နှလုံးသားထဲမှာအစ်ကိုအမြဲရှိနေပါစေ'

အစ်ကို့၏စကားသံများက ယမနေ့၏နှလုံးသားရှိ အစိတ်အပိုင်းများကို တူနှင့်ထုလိုက်သကဲ့သို့ပင် ခံစားရလေသည်။

ယမနေမှာ ဖုန်းကိုကိုင်ပြီး တွေတွေကြီးဖြစ်နေသည်။

'ကဲ ဒါပဲနော်၊ ကလေး အစ်ကိုကို စောင့်နေမယ်လို့ ယုံတယ်၊ အေးအေးဆေးဆေးအနားယူလိုက်ဦး၊ ဟုတ်ပြီလား'

တစ်ဖက်မှ ဖုန်းက ပိတ်သွားချေပြီ။

ယမနေဟာ တွေဝေဆဲပါ။

နောက်ဆုံးတော့လည်း ယမနေဟာ အစ်ကို့ရဲ့ အရုပ်ကလေးတစ်ရုပ်ဖြစ်ရမှာပါပဲလေ။

× × ×      × × ×      × × ×



www.burmeseclassic.com

www.burmeseclassic.com



'ခင်ဗျား ဘယ်နှယ့်လဲ ယမနေကို ပြန်ခေါ်မယ်ဆိုပြီး ဘာကြောင့်ဒီစေ့စပ်ကြောင်းလမ်းပြီးစီးခြင်းက ပါလာရတာလဲ'

မကျေမနပ်နှင့် သူ့ရှေ့သို့ရောက်လာသူက နေထွန်းဖြစ်သည်။

'ဟ ဒီလိုပြန်ခေါ်မှပဲဖြစ်မှာမို့ ဒီလိုပြန်ခေါ်တာပေါ့ကွ အစကတ ယမနေပြန်ရောက်လာဖို့ပဲမှတ်လား'

'ဒါပေမယ့်ခင်ဗျားလွန်တယ်'

'ဟော့ကောင် ငါ့ရဲ့ကိုယ်ရေးကိုယ်တာကိစ္စကို ဝင်မစွက်နဲ့၊ ဦးသက်ပိုင် ဒီမှာ နည်းနည်းလောက်လာပြောစမ်းပါဦး'

သူက ထိုင်နေရာမှမထပဲ ဦးသက်ပိုင်ကို လှမ်းပြောလိုက်သည်။ သူတို့ကို လှမ်းကြည့်နေသော ဦးသက်ပိုင်က ချက်ချင်းပင် သူတို့နားသို့ရောက်လာပြီး

'နေထွန်း လာစမ်းပါဦးကွာ မင်းဘာရစ်နေတာလဲ'

'ဒီမှာ အန်ကယ် ကျွန်တော် ဒီကားကို ဆက်မရိုက်နိုင်တော့ဘူး'





မဟာက သူတို့အကြားမှ ပြဿနာကို သူနှင့်မဆိုင်သလို မသိချင်ယောင်ဆောင်ပြီး သတင်းစာဖတ်နေလိုက်သည်။

နေထွန်းစကားကြောင့် ဦးသက်ပိုင်မှာတော့ ခေါင်းရှုပ်သွားရသည်။ ထို့ကြောင့် နေထွန်း၏ပခုံးကို ဖက်၍ မဟာနှင့် ခပ်လှမ်း[illegible]မ်းသို့ ခေါ်လာခဲ့သည်။

'မင်းက ဘယ်လိုဖြစ်ရတာလဲ'

'ဘာပဲဖြစ်ဖြစ် ကျွန်တော်ဆက်မရိုက်ချင်တော့ဘူး အန်ကယ်'

'ဟ ဆက်မရိုက်ချင်လို့ရမလား စာချုပ်ချုပ်ပြီးသား ပြီးတော့ ဒီကားက ငါတို့ရဲ့ အသက်ပဲ ငါတို့အိမ်အခြေအနေလည်း မင်းသိရဲ့သားနဲ့ မင်းကိုတင်ရိုက်လိုက်တဲ့ကားတစ်ကားကြောင့် ငါတို့မှာ ဟန်ပဲရှိတော့တာလေ'

ဦးသက်ပိုင်က အရေးကြီးသောအချက်တွေကို ရှေးပြောလိုက်သည်။ နေထွန်း ဘာကြောင့် ဒီလိုဖြစ်လဲဆိုတာ သူသိပါသည်။ သို့သော် ဘာမှ မတတ်နိုင်။ ဒီလိုလုပ်မှ အဆင်ပြေ

www.burmeseclassic.com

www.burmeseclassic.com



မည့်ကိစ္စကို ဒီလိုမှ မလုပ်ရင် သူဘယ်လိုလုပ်မလဲ။

ယခုရိုက်နေသော ရုပ်ရှင်ကားထဲတွင် သူ့အင်အားကို ရေကုန်ရေခန်းသုံးထားသည်။ ဒီကားမအောင်မြင်လျှင် မိမိခွေး ဖြစ်ပြီဆိုတာ ဦးသက်ပိုင်သိသည်။ ဒါကြောင့် ဒီကားကို ရိုက် ဖြစ်အောင် ကြိုးစားနေခြင်းသာဖြစ်သည်။

'စိတ်လျှော့စမ်းပါကွာ'

သူက နေထွန်း၏ပခုံးကို နှစ်ချက်လောက် ပုတ်လိုက် တော့ နေထွန်းဘာမှမပြောတော့ဘဲ ခုံတစ်ခုံတွင် သွားထိုင်နေ သည်။ ဒီကောင်လေး ဘာကွေ့ ခံစားနေရသလဲဆိုတာ မိမိရိပ်မိ ပါသည်။ ထို့ကြောင့် မေနှောင်းနားသွား၍

'မေနှောင်း'

'ဩော် အစ်ကိုကြီး'

မေနှောင်းက သူ့ကိုလှည့်ကြည့်သည်။

ဒီရက်ပိုင်းအတွင်း မေနှောင်းလည်း မျက်နှာ အတော်ကျသွားတာ သူသတိပြုမိသည်။ ဟိုတစ်နေ့က ဆေး





ကဆင်းလာပြီး ဒီနေ့မှာ ရိုက်စရာရှိသော အခန်းတွေကို အပြီး ရိုက်ပေးနေခြင်းသာဖြစ်သည်။

သူလည်း မေနှောင်းကို အတော်လေးသနားမိသည်။

'ဘာပြောမလို့လဲ အစ်ကိုကြီးရဲ့ ပြောလေ ဘာကြည့်နေ တာလဲ'

'ဩော် ဒီကားမှာ မေနှောင်းလည်း အတော်အပင်ပန်းခံ ရတယ်နော်'

'ခံရမှာပေါ့ ဒီကားက ကျွန်မတို့ရဲ့ အသက်ပဲလေ'

'အေးလေ အဲဒါကို ဟိုမှာ မင်းတူက မရိုက်တော့ဘူးလို့ ပြောနေလို့'

'ဘယ်လို'

'ဟုတ်တယ် ယမနေ့နဲ့ မဟာ စေ့စပ်ကြောင်းလမ်းခြင်း သတင်းပါလာလို့တဲ့'

'ဩော်'

မေနှောင်းလည်း ခေတ္တငိုင်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



ပြီးမှ

'ယမနေနဲ့ နေထွန်းနဲ့က ချစ်သူတွေလား'

'ဟုတ်ဟန်မတူပါဘူးကွာ သူဘက်ကဖြစ်နေတာ နေမှာ ပေါ့'

မနှောင်းက သက်ပြင်းတစ်ချက်ချလိုက်သည်။

'ပြောရခက်သားပဲ'

'ဘာပြောရခက်တာလဲ ငါတို့သူ့အတွက် ဘယ်လောက် ကြိုးစားထားရလဲ သူက မသိတဲ့အပြင် သူ့အတွက်လုပ်နေတဲ့ အလုပ်ကိုတောင် သူကမလုပ်ချင်ဘူးဆိုတော့ ငါစိတ်မတိုပဲရှိ မလား။'

'ဟုတ်ပါတယ်လေ ဒါပေမယ့် နေထွန်းကိုနားလည်မ ပေးနိုင်ဘူးလား'

'နားလည်ပေးရမယ် အေး အဲဒါဆိုရင်လဲ ငါခွေးလုံးလုံး ဖြစ်တော့မယ်'

မနှောင်းက ခေါင်းကို ခပ်ဖွဖွယမ်း၍ နေထွန်းရှိရာ သို့ လျှောက်သွားသည်။





'နေထွန်း'

'ဩော် နှောင်းနှောင်း'

'သိပ်ခံစားနေရလား'

နေထွန်းကပြန်မဖြေ။ သည်ကလေးရဲ့ ရင်ထဲကို မနှောင်း [redacted]လည်ခံစားပေးလို့ရသည်။ မိမိလည်း ဒွန်းနှင့်ခွဲခွာ ရတုန်းက ရှုံးမတတ်ကိုခံစားရသည်လေ။

'ဒီလိုပါပဲ နှောင်းနှောင်းရယ် ကျွန်တော်တော့ လောက ကြီးကို သိပ်စိတ်နာနေတယ်။'

'ဟုတ်ပါပြီ နှောင်းနှောင်းသိပ်ကိုနားလည်ပါတယ် တလေးရယ်။ ဒါပေမယ့် နှောင်းနှောင်းပြောချင်တာက ကလေး ဒီလိုဖြစ်နေတော့ရော ဘာများအကျိုးထူးမှာလဲ စဉ်းစားကြည့် ါဦး ဒီလိုဖြစ်နေမယ့်အစား ကိုယ်လုပ်စရာရှိတာကို ဆက်လုပ် အောင်မြင်အောင်ကြိုးစားပြီး ယမနေကို ပြန်ရယူလို့ရတယ် လေ။ စေ့စပ်ထားတာလက်ထပ်ထားတာမှ မဟုတ်တာ။'

မနှောင်း၏ စကားသံအဆုံးတွင် နေထွန်း၏ မျက်နှာ ာ လင်းလက်၍လာသည်။



www.burmeseclassic.com

www.burmeseclassic.com



'ဟုတ်သားပဲ နှောင်းနှောင်းပြောတဲ့အချက်ကို ကျွန်တော် မေ့နေတယ်၊ တကယ်ပါ နှောင်းနှောင်းပြောမှ ကျွန်တော် ဘယ်လိုလုပ်ရမယ်ဆိုတာ သဘောပေါက်လာတယ်။ ကျေးဇူးတင်ပါတယ်နှောင်းနှောင်း။ ကျွန်တော် စောစောကဆို အရမ်းတို စိတ်ညစ်နေတာ အန်ကယ်ပြောလိုက်တော့ ပိုဆိုးတယ်'

'နှောင်းနှောင်း နားလည်ပါတယ်။ ကဲ လုပ်စရာရှိတာ ဆက်လုပ်ကြရအောင်'

နေထွန်းက ထိုင်နေရာမှ ထရပ်လိုက်သည်၊ ပြီးတော့ သူ့ရိုက်စရာရှိသည်များကို ဆက်ရိုက်နေတော့သည်။

မနှောင်းကတော့ ကိုယ့်အခန်းပြီးသွား၍ နားနားနေနေ ထိုင်နေလိုက်သည်။ ထိုစဉ်မှာပင် မဟာက မနှောင်းနား လျှောက်လာ၍

'ဒေါ်မနှောင်းက သိပ်တော်တာပဲ'

'ဘာကိုလဲ'

'ဟြော် စောစောက နေထွန်းက တော်တော်လေး





ကျွန်တော့်ကို မကျေမနပ်ဖြစ်ပြီး ဆက်မရိုက်ဘူး ဘာညာနဲ့ ပြောနေတယ်မှတ်လား'

'အင်းလေ သူကလူငယ်ဆိုတော့ နည်းနည်းတော့ အလျှော့အတင်းလုပ်ပေးရတာပေါ့။'

မဟာ[illegible]ခေါင်းညိတ်ပြီး

'မနှောင်း ရင့်ကျက်လာတယ်'

'ရှင်'

မနှောင်းက ရုတ်တရက် သူပြောသော အဓိပ္ပါယ်ကို မပေါက်ချေ။ ရုတ်တရက် မဟာ၏မျက်နှာကပျက်သွားပြီး စကားလမ်းကြောင်းကို ချက်ချင်းပြောင်းလိုက်သည်။

'ဒါနဲ့ ဒေါ်မနှောင်းနေကောင်းသွားပြီနော်'

'ဟုတ်ကဲ့ ကောင်းသွားပါပြီရှင် သိပ်တော့အားမပြည့်သေးဘူးပေါ့'

'ကျွန်တော်လဲ မနက်ဖြန်ဆို ခရီးထွက်ရဦးမယ်'

'ဟြော် ဘယ်ကိုများပါလိမ့်'



www.burmeseclassic.com

www.burmeseclassic.com



'မဟာက ရယ်မောလိုက်သည်။

'မော်လမြိုင်ကိုပါ ယမနေကို သွားခေါ်ရမယ်လေ'

'ဩော် ယမနေက မော်လမြိုင်ကိုတောင် ရောက်သွားတာကိုး'

'ဟုတ်တယ် သူ့ရဲ့ ဇာတိပါပဲ ယမနေဟာတကယ်တော့ ကျွန်တော့်အပေါ်မှာ သိပ်ကောင်းတဲ့ အမျိုးသမီးလေးပါ။ ဒါကြောင့် ကျွန်တော်သူ့ကို စေ့စပ်ခြင်းနဲ့ ဆုချလိုက်တာ သူလောက်ကောင်းတဲ့ အမျိုးသမီးကျွန်တော့်ဘဝမှာ မတွေ့ဘူးသေးတာတော့အမှန်ပါပဲ။'

နှစ်ယောက်စလုံးက ပြောစရာမရှိတော့သလို တိတ်ဆိတ်သွားလေတော့သည်။

× × × × × × × × ×

'ဟဲလို မနေ နေကောင်းတယ်နော်'

အစ်ကိုသည် သူပြောသောရက်အတိအကျပင် မနေ့ထံသို့ ရောက်လာသည်။





'ဟိုတ် မနေ ဘာကြောင့်ကြည့်နေတာလဲ ပစ္စည်းတွေ ကူသယ်ဦးလေ'

အိမ်အဝမှာရပ်နေသော မနေ့ကို သူက လှမ်းပြောတော့မှ မနေလည်း သတိဝင်လာပြီး ပစ္စည်းတွေ သွားသယ်လိုက်သည်။

'အစ်ကိုတစ်ယောက်တည်းပဲလား'

'အင်းလေ နှစ်ယောက်ဖြစ်အောင် မနေ့ကိုလာခေါ်တာပေါ့။ အန်တီရောရှိလား'

မနေက ခေါင်းတစ်ချက်ဆတ်ပြပြီး သူ့ထံမှ ခြင်းတွေကို ကူသယ်ရင်း အိမ်ထဲသို့ ဦးဆောင်၍ ဝင်သွားလိုက်သည်။

'အန်တီနေကောင်းတယ်နော် မတွေ့ရတာတောင် အတော်ကြာသွားပြီ'

ဧည့်ခန်းတွင်ထိုင်စောင့်နေသော ယမနေ၏ မိခင်ကို သူက ယဉ်ကျေးစွာနှုတ်ဆက်လိုက်သည်။

'အေးကွယ် သမီးက မြန်းဒိုင်းကြီး ပြန်ရောက်လာတော့

www.burmeseclassic.com



အန်တီဖြင့် လန့်သွားတာပဲ ဘာများဖြစ်သလဲလို့'

သူက ယမုနေ့ကို တစ်ချက်လှမ်းကြည့်သည်။ ယမနေ့က သူတို့ဖြစ်ထားသောပြဿနာကို သူမ၏မိခင်ကို ဘာမှပြောထားဟန်မတူပေ။

'ဟုတ်ပါတယ်အန်တီ ကျွန်တော်ကလည်း မအားဘူး။ သူကလဲ ပြန်ချင်တယ်ဆိုတော့ အရင်လွှတ်လိုက်တာပါ ကျွန်တော်ကအခုမှ လိုက်လာတာပါ'

'အေး အေး မောင်မဟာ လိုက်လာမယ်ဆိုတာ သမီးက ကြိုပြောထားပါတယ်။ အခန်းလဲပြင်ထားတယ်'

'ဒါနဲ့ အန်တီ ဟိုကောင်ကြီးရောမတွေ့ပါလား။ ဘယ်သွားလဲ'

သူက သူဒုက္ခရောက်စဉ်က သူနှင့်အတူ ကျောက်တွင်းတူးခဲ့သော ယမနေ၏အစ်ကို သီဟကို မေးလိုက်သည်။

'သီဟလား'

ရုတ်တရက် မနေ၏မိခင်က ပြန်မဖြေနိုင်ဘဲ မျက်ရည်တွေ ဝဲလာသည်။





'သီဟဘာဖြစ်လို့လဲ အန်တီ'

'မင်းသူငယ်ချင်းသီဟတစ်ယောက်တော့ဆုံးရှာပြီကွယ်'

'ဗျာ'

'အေးကွယ် ဒီအကြောင်းတွေကို အန်တီနောက်မှ အေးအေးဆေးဆေး ပြောပြပါမယ် အခု မောင်မဟာ နားလိုက်ပါဦး သမီးရေ မောင်မဟာကို အခန်းလိုက်ပို့လိုက်ပါဦး'

'ဟုတ်ကဲ့ပါ အမေ'

သူက ယမနေနောက်မှ လိုက်ခဲ့ရသည်။

စိတ်ထဲကတော့ လုံးဝမကောင်းချေ။ သီဟဆိုတာ သူ့ရဲ့ အချစ်ဆုံးသူငယ်ချင်းမဟုတ်လား။ ယခုလိုကြီး ရုတ်တရက် သိလိုက်ရတော့ သူဘယ်လိုမှကို မယုံနိုင်ချေ။

'အစ်ကိုဘယ်နေ့ပြန်မလဲ'

'အစ်ကိုတစ်ရက်လောက်ထပ်နေပြီးယမနေရဲ့ အမေအတွက် တစ်ခုခုစီစဉ်ပေးပြီးမှ ပြန်မယ်လေ'



www.burmeseclassic.com

www.burmeseclassic.com



'အမေ့အတွက်စီစဉ်စရာမလိုပါဘူး။ ကျွန်မရှိနေမှာပဲလေ'

ယမနေက သူ့ကို သူမ မလိုက်ကြောင်း သွယ်ဝိုက်၍ ပြောသည်။ ထိုအခါသူက မျက်နှာထားတင်းတင်းဖြင့် ယမနေကို တစ်ချက်ကြည့်၍

'ကိုယ်ခရီးပန်းလာတယ်။ ကိုယ့်ကို အမေ့ဆီ့အောင် မလုပ်ပါနဲ့'

'အင်းလေ နောက်နေ့မှပဲ ဆက်ပြောကြတာပေါ့၊ အစ်ကို နားပါ'

ယမနေက အေးအေးလေးပြောပြီး အခန်းဝမှ လှည့်ထွက်သွားသည်။ သူကစိတ်မောစွာ သက်ပြင်းတစ်ချက်ချလိုက်သည်။ အခြေအနေတွေက သူထင်ထားသလောက်မလွယ်ကူပါလား။

ထိုနောက်မှာတော့ တစ်ညလုံးကားမောင်းလာခဲ့သမျှတွေ ခြေပစ်လက်ပစ်ကို အိပ်ချလိုက်သည်။

'အစ်ကို အစ်ကို'





သူဘယ်လောက်တောင် အိပ်ပျော်သွားလိုက်လဲမသိပါ။ ယမနေ တံခါးလာခေါက်မှပင် နိုးတော့သည်။

'အစ်ကို ညနေစာစားရအောင် လာနှိုးတာပါ'

'အေးကွာ အစ်ကို အိပ်ပျော်သွားတယ် ရေချိုးပြီးမှပဲ လာခဲ့တော့မယ်'

'ဟုတ်ကဲ့ မြန်မြန်လေးလုပ်နော် အမေစောင့်နေတယ်'

သူက ခေါင်းတစ်ချက် ညိတ်ပြလိုက်သည်။

'မနေသွားနှင့် အစ်ကိုလိုက်လာခဲ့မယ်'

'ဟုတ်'

မနေက သူ့အခန်းရှေ့မှ ထွက်သွားပြီးနောက် အမြန်ဆုံး အဝတ်အစားလဲပြီး ထွက်လာခဲ့သည်။

'လာ မောင်မဟာ'

ထမင်းစားခြင်းကို သူရောက်လာတော့မှပင် စတော့သည်။ အမှန်ဆိုရင်တော့ သူဗိုက်ဆာတာထက် ကိုသီဟအကြောင်း သိချင်မိသည်။ သို့သော် ထမင်းစားရင်းနှင့်မှ မေး



www.burmeseclassic.com

www.burmeseclassic.com



မကောင်း၍ မြှုသိပ်ထားရသည်။ ထမင်းစားပြီးတာနှင့် သူ့ရဲ့ ပုံစံကို ရိပ်မိစွာ ယမနေ၏မိခင်က

'မောင့်မဟာကို ကြည့်ရတာ တော်တော်လေး သီဟာ အကြောင်းသိချင်နေပုံရတယ်'

'ဟုတ်ပါတယ်'

'ကဲ ကဲ ကော်ဖီသောက်လိုက်ပါဦး သမီးလည်းထိုင်လေ ဒီလိုကွယ် မင်းသူငယ်ချင်းက အင်မတန်လောဘကြီးတာ အဲဒီ လောဘကြောင့်ပဲ ဒုက္ခရောက်ရတာပေါ့'

ယမနေ၏မိခင်က တရားရသလိုပြောသည်။

'ဒီလိုကွယ် မင်းနဲ့အတူအောင်ထားတဲ့ ကျောက်က တစ်သက်စားလို့မကုန်အောင်ရပေမယ့် သီဟက လောဘထပ် တက်ဟယ်။ အဲဒါနဲ့ မိုးကုတ်မြေကို တစ်ခေါက်ပြန်သွားတယ် လေ။ အန်တီလဲ တားပါသေးတယ်။ ဒါပေမယ့် လုံးဝမရဘူး။ အဲဒီမှာ တွင်းဝယ်ပြီး သူကိုယ်တိုင်တူးတယ်။ နောက်ဆုံးမှာ တော့ တွင်းပြိုကျပြီး သူကိုယ်တိုင်ပဲ ဒုက္ခရောက်ရတာပေါ့ကွယ်။





'ဖြစ်ရလေ'

သူသီဟာကို သတိရရင်း မချိမဆန့်ကို ခံစားရသည်။

'အင်းလေ ဘာပဲဖြစ်ဖြစ် အခုဆို အန်တီနဲ့ ယမနေ သားအမိနှစ်ယောက်ပဲရှိတော့တာဆိုတော့ အတူနေချင်မှာပဲ။ အဲဒီတော့ အန်တီလဲ ယမနေနဲ့ အတူရန်ကုန်လိုက်ခဲ့ပါတော့။ ကျွန်တော် အန်တီကို မိခင်အရင်းတစ်ယောက်လိုပြုစုစောင့် ရှောက်ပါ့မယ်ခင်ဗျာ'

ဒီတစ်ခါတော့ သူ့ရင်ထဲရှိသည့်အတိုင်းလှိုက်လှိုက်လှဲ လှဲပြောလိုက်မိတော့သည်။

သူ့စကားကြောင့် ယမနေမိခင်က တွေဝေသွားသည်။ ယမနေကတော့ သူ့အမေကိုတစ်ချက်ကြည့်၍

'အမေက အစ်ကိုဆုံးတာ သမီးကို ဘာလို့မပြောတာ လဲ'

'သြော် သမီးရယ် ပထမတော့ သတင်းကမသေချာ လို့ နောက်တော့လည်း သေတဲ့သူကသေပြီးနေပြီ သမီးတို့



www.burmeseclassic.com

www.burmeseclassic.com



အလုပ်ပိုရုံပဲ ရှိမှာမို့လို့ပေါ့ကွယ်'

'အမေရယ်'

'ယမနေက သူ့မိခင်ခြေရင်းမှာ သွားထိုင်၍ တင်းတင်းကြပ်ကြပ် ဖက်ထားသည်။

'ဒါဆိုရင် အန်တီ့ကိုအားနာပါတယ်။ မပြောမဖြစ်တဲ့ ကိစ္စမို့ ကျွန်တော့်ကိုယ်တိုင်ပဲ ခွင့်ပန်ပါရစေတော့ ကျွန်တော် ယမနေကို လက်ထပ်ပါရစေ။ ယမနေရော အန်တီကိုပါ တစ်သက်လုံး စောင့်ရှောက်ပါ့မယ်'

'မောင်မဟာနဲ့ ဆိုရင်တော့ အန်တီက အားလုံးစိတ်ချပြီးသားပါ ဒါပေမယ့် သမီးလေးသဘောကရှိသေးတယ်ကွယ်'

သူက ယမနေကို တစ်ချက်မျှလှမ်းကြည့်လိုက်သည်။ ယမနေက သူ့ကို ခပ်တည်တည်ပင်တုန့်ပြန်၍ကြည့်ပြီး

'ယမနေစဉ်းစားပါရစေဦး အကယ်၍ ယမနေခေါင်းမညိတ်ဘူးဆိုရင် စေ့စပ်ထားတာကို ဖျက်သိမ်းပေးပါ။'

'ကောင်းပါပြီ ကိုယ်ကတိပေးပါတယ်'





'အန်တီ ကျွန်တော်ယမနေ့ကို ဆုံးရှုံးမှာစိုးတာနဲ့ ယမနေရဲ့ ခွင့်ပြုချက်ကို မယူမိဘဲ သတင်းစာထဲမှာ စေ့စပ်ကြောင်းလမ်း ပြီးစီးခြင်း ထည့်လိုက်မိတယ် အဲဒီအတွက် ကျွန်တော် အနူးအညွတ် တောင်းပန်ပါတယ်'

'ရပါတယ် ကဲ အားလုံးက ယမနေ့ဆန္ဒအတိုင်းပါပဲ။ ယမနေ့ဆန္ဒက အန်တီ့ဆန္ဒလို့သတ်မှတ်လိုက်ပါ။ ကဲ အန်တီ အနားသွားယူလိုက်ဦးမယ်'

ယမနေ့မိခင်က အခန်းထဲမှ ထွက်သွားချေပြီ၊ သူနှင့် ယမနေ၏ အသက်ရှူသံခပ်ပြင်းပြင်းများသာ ဧည့်ခန်းထဲ၌ ကျန်ရစ်ခဲ့သည်။

× × × × × × × × ×



www.burmeseclassic.com

www.burmeseclassic.com



နောက်ထပ်နှစ်ရက်အကြာမှာတော့ သူနှင့်အတူ ယမနေတို့သားအမိသည် ရန်ကုန်သို့လိုက်ပါလာခဲ့တော့သည်။

ရန်ကုန်ရောက်ပြီး နောက်တစ်ရက်တွင် သူတို့ရိုက်ကွင်းကိုပြန်စနိုင်ခဲ့သည်။အားလုံးက ကြိုးစားပမ်းစား သရုပ်ဆောင်ကြသည်။ သို့သော်မကြာခင်မှာပင် ပြဿနာကပေါ်တော့သည်။

'ဒုက္ခပါပဲကွာ နောက်တစ်ခါထပ်ပြီးကြိုးစားစမ်းပါဦး'

အဲဒါက မင်းသားသစ်နေထွန်း၏ အသံက သဲ့သဲ့ကလေးပဲထွက်တော့ခြင်းဖြစ်သည်။

'ကျွတ်'

နေထွန်းက ဒီကားနှင့်မှ ရုပ်ရှင်နှစ်ကားရိုက်ဖူးသည်။ သူ့အစွမ်းကုန်ကြိုးစားလွန်း၍ အသံတွေပါပြာဝင်သွားခြင်းဖြစ်သည်။ ဒီတော့ ဒါရိုက်တာဖြစ်သော ဦးသက်ပိုင်ပျာယာခတ်ရတော့သည်။

သူနှင့်တွဲဖက်၍ သရုပ်ဆောင်ရသော ယမနေသည်





ဇာတ်ကား စရိုက်ကတည်းကပင် ပင်ကိုယ်အရည်အသွေးကို ပြနိုင်သဖြင့် တော်သေးသည်။ နေထွန်းနှင့် ပတ်သက်၍ အခက်အခဲတွေ တွေ့နေရသော ဦးသက်ပိုင်ကို ယမနေက ကူညီ ဖြေရှင်းသွားတတ်သည်။ ဦးသက်ပိုင်သည် လူသစ်နှစ်ယောက်ကို တစ်ပြိုင်တည်း ပွဲထုတ်ရသဖြင့် စိုးရိမ်စိတ်ပိုနေသည်။

သို့သော် မင်းသမီးနေရာတွင် ယမနေကိုပဲ သရုပ်ဆောင်ခိုင်းရမည်ဟု မဟာက တောင်းဆိုထားသည်လေ။

'မင်းဇာတ်ဝင်ခန်းတွေမှာ ပါးစပ်ပဲစာသားအတိုင်းပါးစပ်လှုပ်နေ အသံကို နောက်မှ သွင်းယူမယ်'

'ဟာ ဒါဆို သရုပ်ဆောင်ရတာ ဘယ်အသက်ပါမှာလည်း အန်ကယ်ရဲ့'

ဦးသက်ပိုင်သက်ပြင်းတစ်ချက်ချ၍ ရှင်းပြရန်ကြိုးစားသည်။ သို့သော် နေထွန်းပြောတာလဲ ဟုတ်နေသဖြင့်

'ကဲ ကဲ ဘယ်နည်းနဲ့ပဲဖြစ်ဖြစ် ကိုယ်တော်မြတ်သဘောအတိုင်းသာ လုပ်ပေတော့'



www.burmeseclassic.com

www.burmeseclassic.com



သူကစိတ်ပင်ပန်းစွာ ပြောလိုက်သည်။

'မင်းဆရာဝန်ခေါ်ပြီးပြီလား'

သူ့လက်ထောက်ဒါရိုက်တာကို မေးလိုက်သည်။ ထိုသူက

'ခေါ်ပြီးပါပြီဆရာ သူကပြောတယ် ခဏတဖြုတ်အနေနဲ့တော့ပါးစပ်ကို ဆေးပြားငုံထားပါတဲ့'

'အေး ဒါပဲ တတ်နိုင်တယ်မှတ်လား'

'ဟုတ်ကဲ့'

'အေး ကောင်းရော'

သူက စိတ်ညစ်စွာ ထိုင်ချလိုက်သည်။

'အေးလေ ဘာပဲဖြစ်ဖြစ် ဒီကောင့်ကို မင်းသားနဲ့ တူအောင် ကြည့်လုပ်ရမှာပဲ'

သူက ခုံတွင်ငြိမ်ပြီး ထိုင်နေကာ ရိုက်ကွင်းထဲသို့ သူ့လက်ထောက် ဒါရိုက်တာ ဝင်ရောက်ကြီးကြပ်သည်ကို ကြည့်နေသည်။ ရိုက်ကွင်းမှာ လူတွေပြည့်ကျပ်နေသည်။





ပုံမှန်အဖွဲ့သားများအပြင် ဂျာနယ်တွေမှ ဝေဖန်ရေး ဆောင်းပါးရှင်တွေ ရောက်နေသည်။

နောက်ပြီး စာနယ်ဇင်းသမားအချို့လည်း ရောက်နေသည်။ ပရိသတ်ကြီးကလည်း မနည်းချေ။

ဦးသက်ပိုင်သည် ရိုက်ကွင်းထဲမှ နေထွန်းကို ငေးကြည့်ရင်း စိတ်ပျက်သထက် စိတ်ပျက်လာသည်။

ဒီကောင်လေးမှာ အနုပညာပါရမီမရှိဆိုတာ မိမိအစောကြီးကတည်းက သိဖို့ကောင်းသည်။ ယခုတော့ အားလုံးနှောင်းသွားကုန်ပြီဖြစ်သည်။

သို့သော် ယခုမှတော့ ဘာမှကို မတတ်နိုင်တော့။ မိမိတွင်ရှိသော ငွေကြေးအားလုံးကို ပုံအောပြီးဖြစ်သည်။ နောက်ကျမှ သိခြင်းက မိမိအပြစ်ဟု ဦးသက်ပိုင်တွေးမိသည်။

ထို့ကြောင့် ယခုရိုက်လက်စကားကိုသာ အောင်မြင်အောင်ရိုက်ဖို့ရာ ရှိတော့သည်။

× × ×  × × ×  × × ×



www.burmeseclassic.com

www.burmeseclassic.com



'အခြေအနေက ကျွန်မတို့ထင်ထားတာထက်တောင် လွယ်ကူနေသေးတယ်။ နေထွန်းက လုံးဝအစွမ်းအစမရှိတဲ့ ကောင်ကလေးပဲ'

မေ၏စကားကြောင့် သူကျေနပ်စွာ နှုတ်ခမ်းမွှေးတွေကို ပွတ်လိုက်သည်။

'ဘာပဲဖြစ်ဖြစ်ပေါ့ ကျုပ်အခုလို အရှုံးခံပြီး ရိုက်ရတဲ့အတွက် သူတို့ဆီက တစ်ခုခုတော့ အသေအချာပြန်လိုချင်တယ်။ ရအောင်လည်း ယူမယ်'

'ကျွန်မသဘောပေါက်ပါတယ်။ ဘယ်လိုပုံစံ ဘယ်လို အနေအထားမျိုးဖြစ်ချင်သလဲ ဆိုတာကိုပဲ ကျွန်မကိုပြောပါ။'

'အင်း ကျွန်တော့်အနေနဲ့ကတော့ သူတို့ကို ခွက်ခွက်လန်ကို ဖြစ်သွားစေချင်တယ် အားလုံးကို နလံပြန်မထူနိုင်အောင်ကို ဖြစ်သွားစေချင်တယ် ဖြစ်မှာပါ ဒါပေမယ့် အဲဒီလိုဖြစ်အောင် လုပ်ဖို့ရာ အတွက် ပရိယာယ် ကောင်းကောင်းကြီးလိုတယ်။'

မဟာက ရင်ထဲမှာ နင့်နင့်သီးသီးတွေးရင်း ပြောလိုက်





သည်။

"'အခုဆို သူတို့မှာ 'ဟန်သာရှိပါတော့တယ်လေ'

မေကလည်း သိနေဟန်ဖြင့် ပြောသည်။

'ဒါပေမယ့် နာမည်ရှိသေးတယ် အဲဒီနာမည်ကိုပါ နလံမထူနိုင်အောင် ကျွန်တော်က လုပ်ပစ်ချင်တာ'

'ရှင်နဲ့ သူတို့နဲ့ အတော်လေးကို အငြိုးကြီးကြီးမားမားရှိခဲ့ပုံပေါ်တယ်နော်'

'အငြိုးလား ရှိတာမှ သိပ်ရှိတာပေါ့ တစ်ဘဝလုံးစာပဲ'

သူကပြောရင်းနှင့်မှ ပြန်လည် ငြိမ်သက်သွားသည်။ ထိုစဉ်မှာပင် မေနှောင်းက သူတို့ဘေးလာထိုင်တာကြောင့် စကားမဆက်ဖြစ်တော့။

'ဘယ်နှယ့်လဲ ဒေါ်မေနှောင်း ရိုက်ရတာအဆင်ပြေရဲ့လား သရုပ်ဆောင်တာရော Mood ဝင်ရဲ့လား'

'ကျွန်မအနေနဲ့ကတော့ ပြောစရာမရှိပါဘူး။ နေထွန်းကိုပဲ အားမရတာ သူ့ကိုကြည့်ရတာ တစ်ခုခု လိုနေသလိုပဲ'



www.burmeseclassic.com

www.burmeseclassic.com



'အသစ်မို့လို့ နေမှာပါ'

'ဒါဆို ယမနေလဲ အသစ်ပဲလေ'

မဟာက ဘာမှ ပြန်မပြောတော့ပဲ ပြုံးရုံသာပြုံးနေလိုက်သည်။ ယမနေက မိမိကိုယ်တိုင် စနစ်တကျသင်ကြားထားသူလေ။ ယမနေကိုတော့ ဘယ်မှီနိုင်ပါ့မလဲဟု တွေးမိသည်။

'စိတ်မပျက်ပါနဲ့လေ။ အားလုံး သူ့ဘာသာ သူ့အဆင်ပြေပြေ ဖြစ်သွားမှာပါ'

ထိုစဉ် ရိုက်ကွင်းမှ အသံထွက်လာသည်။

'အားလုံးတိတ်ကြပါ စောစောက ရိုက်ကွက်ကို ပြန်စမယ်'

ဒုတိယအကြိမ်ပြန်စသော ရိုက်ကွက်မှာ အားလုံးအဆင်ပြေပြေ ဖြစ်သွားပြီး ယမနေကတော့ အကောင်းဆုံးသရုပ်ဆောင်သွားနိုင်သည်။

'ကဒ်'

'ယမနေတော်တယ်ကွာ'





မဟာက သတိလက်လွှတ် ယမနေ၏ပခုံးကို ပုတ်၍ ပြောလိုက်သည်။ ထိုအခါ ထောင့်တစ်ထောင့်မှနေ၍ နေထွန်းက မကျေမနပ်ကြည့်နေသည်။

'အခု နားကြမယ်ဟေ့'

အားလုံးက အနားယူကြတော့ ထုံးစံအတိုင်း ယမနေက မဟာအနားမှ မခွာတော့။

'မနေ ကိုယ့်နားမှာပဲ မနေနဲ့လေ ဟိုမှာ နေထွန်းက သိပ်ကျေနပ်ပုံမရဘူး'

'မနေ ဂရုမစိုက်ဘူး။ အစ်ကိုနဲ့ မနေက စေ့စပ်ပြီးသားဆိုတာ မမေ့နဲ့လေ'

သူက ဘာကြောင့်မှန်းမသိ။ မနှောင်း၏ရှေ့တွင် အနေရကြပ်သလို ခံစားရသည်။ မနှောင်းကတော့ ပုံမှန်ပင် ယမနေကိုကြည့်၍

'ယမနေက သရုပ်ဆောင်တာ သိပ်တော်တာပဲ'

'အစ်မကိုတော့ မမှီသေးပါဘူးရှင်'



www.burmeseclassic.com

www.burmeseclassic.com



'ဘာပဲဖြစ်ဖြစ် အစ်မတို့က ကျလူဖြစ်နေပါပြီလေ နေထွန်းတစ်ယောက် ဒီကားမှာ အောင်မြင်ဖို့ပဲ မျှော်လင့်တယ်'

မနှောင်းက နေထွန်းကို အလေးထားမှုန်း မဟာရိပ်မိသည်။

'ဖြစ်လာမှာပေါ့ အစ်မရယ် ဒါနဲ့ အစ်မက အသက်ဘယ်လောက်ကတည်းက ရုပ်ရှင်စရိုက်တာလဲ'

'ကလေးသရုပ်ဆောင်အနေနဲ့ဆိုရင်တော့ ဆယ့်နှစ်နှစ်လောက်ကတည်းက'

'ဩော် အစ်မက ဒါကြောင့် သိပ်တော်တာကိုး'

'ဟုတ်တယ် အစ်မ မင်းသမီးစဖြစ်တုန်းကဆိုရင် ဒွန်းဆိုတဲ့ မင်းသားနဲ့ အတွဲညီညီသရုပ်ဆောင်ခဲ့တာပေါ့'

မနှောင်း၏စကားကြောင့် မဟာ ဆတ်ခနဲဖြစ်သွားသည်။

'အခု အဲဒီမင်းသားရော'

'ဆုံးရှာပါပြီကွယ် မတော်တဆမှုတစ်ခုကြောင့်ပေါ့ ဒါ





ပေမယ့် အစ်မရင်ထဲမှာ သူရှိနေသေးတယ်'

မဟာက မနှောင်းကို သေချာစိုက်ကြည့်လိုက်သည်။ သူမများ မိမိကို ရိပ်မိနေပြီလားဟူသော သံသယနှင့်ဖြစ်သည်။

သို့သော် မနှောင်း၏ မျက်လုံးအစုံက ရီပေနေပြီး ခပ်ဝေးဝေး သို့ငေးကြည့်နေလေသည်။

အားလုံးက ဘာကြောင့်မှန်းမသိ တိတ်ဆိတ်သွားသည်။ မဟာကတော့ မနှောင်းကို ပွေ့ဖက်၍ မိမိ ဒွန်းပါဟူ၍ တောင် ပြောချင်မိတော့သည်။

သို့သော် မိမိစိတ်ကို မိမိနိုင်အောင် ထိန်းရမည်။ သူတို့ကို မိမိလက်စားချေရမည်။ ယခုအချိန်မှတော့ မိမိ၏အကြံအစည်များကို အပျက်စီးမခံနိုင်ပါ။

'ကဲ ရိုက်ကွင်းပြန်စကြမယ်'

ဒါရိုက်တာဦးသက်ပိုင်၏စကားကြောင့် အားလုံးရိုက်ကွင်းထဲသို့ ပြန်ဆင်းကြသည်။ ထို့နောက် တစ်ကာဒ်ပြီးတစ်ကာဒ်ဆက်လက်၍ ရိုက်နေကြတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



သို့သော် မေနှောင်း၏စိတ်များက ရိုက်ကွင်းထဲတွင် မရှိတော့ကြောင်းကိုတော့ မည်သူမျှ မသိနိုင်ချေ။

× × × × × × × × ×

'ဒီနေ့ မင်းသရုပ်ဆောင်တာတွေက အကုန်လုံး စိတ်မပါ လက်မပါ ဖြစ်နေတယ် အဲဒါဘာယ်လိုဖြစ်နေတာလဲ'

ဦးသက်ပိုင်က အိမ်သို့ပြန်ရောက်သည်နှင့် မေနှောင်းကို စတင်၍ ဆူလေတော့သည်။

'နေထွန်းရော မင်းရော အတူတူပဲ မင်းတို့တွေ ငါ့ကို ဒုက္ခပေးနေတာလား သတ်နေတာလား ဒီကားမအောင်မြင်ရင် ငါခွေးဖြစ်သွားမယ်ဆိုတာ မင်းတို့သိရဲ့သားနဲ့ကွာ'

ဦးသက်ပိုင်က ခြေပစ်လက်ပစ်ဆိုဖာပေါ်ထိုင်ချလျက် ပြောသည်။

'အဲဒါတွေက ခဏထားပါ ကျွန်မ ရှင့်ကို အရေးကြီး[illegible] ပြောမလို့'





နေထွန်းက သူတို့နှစ်ယောက်ကို တစ်ချက်လှမ်းကြည့်၍

'ကျွန်တော်သွားနားလို့ ရပြီလား'

'သွားကွာ သွား'

ဦးသက်ပိုင်က အတော် စိတ်တိုနေဟန်ဖြင့် အော်လိုက်သည်။

'ကဲ မင်းကရော ဘာပြောမလို့လဲ'

'ရှင် စိတ်အေးအေးထားပါ ကျွန်မအံ့သြနေတာက ဦးမဟာကို ရင်းနှီးနေသလို ခံစားရလို့'

'ဟ ငါတို့နဲ့ အလုပ်အတူတူ တွဲလုပ်နေတာပဲ ရင်းနှီးရမှာပေါ့'

ဦးသက်ပိုင်က ခပ်ပြတ်ပြတ်ပြောတော့ မေနှောင်းက ခေါင်းခါလိုက်သည်။

'ကျွန်မဆိုလိုတာက အဲဒီလိုမဟုတ်ဘူး။ ရှင်စိတ်မဆိုးနဲ့ ကျွန်မတို့ပွင့်ပွင့်လင်းလင်းဆွေးနွေးရအောင် ကျွန်မစိတ်ထဲ



www.burmeseclassic.com

www.burmeseclassic.com



မှာ ခံစားလို့ရနေတယ်'

'ဘာပြောတယ် မင်းရဲ့ခံစားချက်တွေက မဟာနဲ့မှ ပြန်ပေါက်ဖွားလာတယ်လို့ ဆိုလိုတာလား'

မေနှောင်းက ဖြည်းညင်းစွာ ခေါင်းညိတ်ပြသည်။

'မေနှောင်းပြောတာကို သေချာနားထောင်ပေးပါ အစ်ကိုကြီး စိတ်မဆိုးပါနဲ့ မေနှောင်းဘဝမှာ ဒွန်းကလွဲပြီး ကျွန်မ ချစ်နိုင်မယ့်သူရှိမှာမဟုတ်ဘူးလို့ ထင်ထားခဲ့တယ်'

'ဟာ အချိန်တွေ ဒီလောက်ကြာနေပြီ မင်းဒီကိစ္စကြီးက မပြောင်းလဲနိုင်သေးဘူးလား'

'ဟုတ်ပါတယ်'

'ဒါပေမယ့် ထားပါတော့ အဲဒါက ဒွန်းလေ အခုဟာက မဟာ ဘာဆိုင်လဲ'

ဦးသက်ပိုင်၏ အသံက ဒေါသမပါအောင် ထိန်းချုပ်ပြီး ပြောနေရပုံပေါက်သည်။

'ဒါပေမယ့် ဒွန်းနဲ့ မဟာတစ်ယောက်တည်းပဲလို့ ကျွန်မ





ယုံကြည်နေတယ်ရှင်'

'မင်းအရှူးပဲကွ ဩော် ငါသိပြီ ပုံပန်းသဏ္ဌာန်အရတူနေလို့ ပြောတာလား'

'ဟင့်အင်း တကယ့်ကို တစ်ယောက်တည်းလို့ ယုံကြည်တာ'

'ဘာဖြစ်လို့ အဲဒီလို ယုံကြည်ရသလဲ'

'ဒါပြောပြဖို့ မလွယ်ဘူး'

မေနှောင်းက စဉ်းစားသလို ငြိမ်သွားပြီး

'ကောင်းပြီလေ ကျွန်မ ပထမဆုံး သတိထားမိတာက သူ့ရင်ဘတ်ပေါ်က အမာရွတ်ဖြူဖြူလေးပဲ'

'နားမလည်ဘူး'

'မေနှောင်း ဒွန်းကို အသည်းပုံလော့ကတ်သီးလေးပေးထားတယ် ဘားအံမှာ သူ့ကို နောက်ဆုံးတွေ့တဲ့ အချိန်အထိ အဲဒီလော့ကတ်သီးလေးကို သူ့လည်ပင်းမှာ ဆွဲထားသေးတယ်'

'သူမသေဘူးလို့ မင်းက ထင်တာလား'



www.burmeseclassic.com

www.burmeseclassic.com



'သူ့အလောင်းကို ဘယ်သူကမှ အတိအကျ မပြနိုင်ဘူး လေ'

'အဲဒီ သံသယစိတ်က မင်းဆီမှာ ဘယ်တုန်းက ပေါ်လာတာလဲ ငါ့ကို သစ္စာဖောက်ဖို့ အစီအစဉ်တွေလား'

'အဲဒါဆိုရင် ရှင့်ကို ဒီလိုပြောပြနေစရာအကြောင်း တောင်မရှိတော့ဘူး'

မေနှောင်းက အတော်စိတ်တိုသွားပြီး အိမ်ထဲသို့ ဝင်ရန် ပြင်တော့ မေနှောင်း၏လက်တစ်ဖက်ကို သူကလှမ်းဆွဲသည်။

'ဆက်ပြောစမ်းပါဦး မင်း ဒီလောက်တောင် သေချာနေရင် သူ့ကို ဘာလို့မမေးတာလဲ မေးမယ်ဆို မေးဖို့ အခွင့်အလမ်းတွေ အများကြီးရတာပဲ'

'ဒါပေမယ့် ကျွန်မမမေးချင်ဘူး အဲလို မေးလိုက်လို့ ကောင်းတဲ့အဖြေပေါ်လာရင် ကိစ္စမရှိဘူး။ မကောင်းတဲ့ အဖြေ တစ်ခုရရင်တော့ ကျွန်မရှောခ်ရမှာ ကျွန်မက သူ့အပေါ်မှာ သစ္စာဖောက်ထားသလို ဖြစ်ထားတယ်လေ'

'သွားစမ်းပါ အမှန်တော့ ဒီကိစ္စက စစ်ဆေးအဖြေထုတ်





လောက်အောင် မင်းရဲ့ သံသယအတွေးတွေက မခိုင်မာဘူး မဟုတ်လား'

ဦးသက်ပိုင်က မယုံကြည်လေဟန်ဖြင့် ခပ်အေးအေး ပြောလိုက်သည်။

'ဖြစ်နိုင်ပါတယ်။ ကျွန်မအမြင်က တစ်ခုပေါ်တစ်ခု လွှမ်းမိုးပေါ်လွင်အောင် ကြိုးစားနေတဲ့ ပုံရိပ်နှစ်ခုကို မြင်နေရ သလိုပါပဲ ခဏမှာ မဟာရဲ့ ပုံရိပ်ဖြစ်နေပြီး နောက်ခဏမှာ ဒွန်းရဲ့ ပုံရိပ်ဖြစ်နေပြန်ရော'

'အခုမင်းဖြစ်နေတဲ့ ပုံစံက ဒီလူနှစ်ယောက်အသွင်တူ ဆင်တူတယ်လို့ ထင်ယောင်ထင်မှားဖြစ်နေတာလား'

'ရှင်ဆိုလိုတာက ကျွန်မက သူ့ကို စိတ်ကူးနဲ့ ပုံဖော်နေ တယ်လို့ ပြောတာလား'

ဦးသက်ပိုင်ခေါင်းကိုညိတ်ရင်း

'ဟုတ်တယ်လေ အဲဒီအတိုင်းပဲမဟုတ်ဘူးလား မင်း မှာ ဒွန်းဆုံးပြီးတဲ့နောက် အတော်ကြီးခံစားလိုက်ရတယ်။ အဲဒီ



www.burmeseclassic.com

အတွက် မင်းကိုယ်မင်းအပြစ်မကင်းသလိုခံစားရတယ်။ ပြီး
တော့ အခြေအနေအရ ငါ့ကိုလက်ထပ်လိုက်ရတယ်။ အခု [illegible]
အတွက် ထပ်ပြီး အပြစ်မကင်းသလိုခံစားရတယ်။ အခုဒွန်းနဲ့
နည်းနည်းလေးဆင်တူတဲ့ မဟာအပေါ်မှာ ဒွန်း [illegible]
[illegible] ပေးဆပ်ချင်တယ် အဲဒီအတိုင်းပဲ မဟုတ်လား'
[illegible]
[illegible] ဦးသက်ပိုင် နားလည်အောင် [illegible]
ပြောရမှန်းမသိဖြစ်သွားသည်။ ခေါင်းကို [illegible]
[illegible]

'[illegible]
[illegible]'

'အေး ငါအရင်ကတော့ မင်းကိုနားလည်ဖို့ ကြိုးစား
တယ်။ အခုတော့ ငါလုံးဝ [illegible]
[illegible]
[illegible]



ပါ ဒါပေမယ့် မဟာ ဟာ ဒွန်းတကယ်ဖြစ်တယ်ဆိုရင်တော့ ရှင်ဂရော ကျွန်မရောအတွက် လွယ်လိမ့်မယ်မထင်နဲ့'

'အေး မင်းလဲ အဲဒီအရိုးဆွေးနေတဲ့ ဒွန်းကိုပဲ ကြပ်ကြပ် သတိရ ငါသည်းခံနိုင်သလောက်တော့ မင်းကို ပေါင်းမယ် သည်းမခံနိုင်တော့တဲ့ တစ်နေ့ မင်းနဲ့ ငါကွဲကြရုံပဲ'

ဦးသက်ပိုင်က ဒေါနှင့်မောနှင့်ပြော၍ ထသွားလေ တော့သည်။ ဦးသက်ပိုင်၏နောက်ကျောကို ကြည့်၍ မနွှေးခင်း သက်ပြင်း ခပ်ဖွဖွချမိသည်။ မကြာခင် ရက်ပိုင်းတွေမှာ ဆိုးဆိုး ဝါးဝါး အဖြစ်အပျက်မျိုးတွေ ဖြစ်မလာပါစေနဲ့ဟုသာ ဆုတောင်း နေမိတော့သည်။

× × ×　　× × ×　　× × ×

www.burmeseclassic.com

www.burmeseclassic.com







# အပိုင်း (၃)

www.burmeseclassic.com

www.burmeseclassic.com



ရုပ်ရှင်ရိုက်ပြီးလို့ ပြီးစီးသည်အထိကို ဘာမှ ပြဿနာထပ်မပေါ်ပေါက်ခဲ့ချေ။

သို့သော်

'အလုပ်သိပ်များနေတယ်ထင်တယ် ဦးသက်ပိုင်'

ရုပ်ရှင်တိပ်များထားရာ စတူဒီယိုခြံဝိုင်း ပင်မတံခါးပေါက်မှ အစောင့်ဖြစ်သူက ဒါရိုက်တာကြီး၏ မှုန်မှိုင်းသောမျက်နှာ၊ နီရဲသောမျက်လုံးများကို အကဲခတ်ကြည့်ရင်း ပြောသည်။ သည်လူကြီးသောက်ထားတာတွေများနေပြီဟု ဦးသက်ပိုင်တွေးမိသည်။

သို့သော် မိမိအဆင့်ဖြင့် သည်အကြောင်းတွေမပြောအပ်ဟု ယူဆသည်။

'မောင်ရင့်ရဲ့ အကြံပြုချက်ကို လိုအပ်တဲ့အခါကျရင် ကျုပ်တောင်းပါ့မယ်'

'ဟုတ်ကဲ့ပါ'

ဦးသက်ပိုင်က ပြောရင်းနှင့်မှ ကားကို ရုပ်ရှင်ခြံအတွင်းသို့မောင်းသွင်းသွားလိုက်သည်။ ကားပေါ်မှ ဆင်းပြီး ဖလင်လိပ်တွေ ထားရာဆီသို့ လျှောက်သွားလိုက်သည်။

ဖလင်လိပ်တွေကို ပြန်ကြည့်ခြင်း စစ်ဆေးခြင်း လုပ်လိုက်သည်။ ဤဖလင်လိပ်တွေက မိမိရဲ့အသက် မနက်ဖြန် အထူးပွဲပြသတော့မည်မဟုတ်ပါလား။

အခက်အခဲတွေကြားမှ ဖြစ်ပေါ်လာရသော ရုပ်ရှင်ကားကြီး ။ ဤကားအောင်မြင်လျှင် အောင်မြင်၊ မအောင်မြင်လျှင်တော့ မိမိမြောင်းထဲရောက်မှာ အသေအချာပင်ဖြစ်သည်။

ရုပ်ရှင်ကားကို အသေအချာတစ်ခေါက်ပြန်ကြည့်နေခိုက်မှာပင်

'တူ တူ တူ တူ'

ခါးကြားတွင်ထိုးထားသော ဟမ်းဖုန်းက ထမြည်လာသည်။

'ဟယ်လို'

'အန်ကယ်လား မြန်မြန်လာခဲ့ပါ ဒီမှာ နှောင်းနှောင်း



www.burmeseclassic.com

www.burmeseclassic.com



ဆေးရုံရောက်နေလို့'

'ဟော'

သူအလန့်တကြားဖြစ်သွားပြီး ဖလင်တွေကို ကမန်းကတန်းသိမ်းလိုက်သည်။

ပြီးနောက် သူကားပေါ်တက်၍ မောင်းထွက်လာပြီး ခြံဝရောက်တော့မှ သတိရကာ ကားကို တစ်ပြန်ဆုတ်၍ ခြံစောင့်ကို

'ဟော့ကောင် ဘယ်သူလာလာ ဖွင့်မပေးနဲ့နော် အထဲမှာ ဖလင်ဘူးရှိတယ်။ တစ်ခုခုဆိုမင်းပဲ ငါစိတ်ချမယ်နော်'

'စိတ်ချပါဆရာ'

သူကဆေးရုံသို့တန်းမောင်းသွားလိုက်သည်။ ဆေးရုံရောက်တော့ နေထွန်းနှင့် အရင်တွေ့ရသည်။

'ဒါက ဘယ်လိုဖြစ်တာလဲ'

'မသိပါဘူး အန်ကယ် ကျွန်တော်ပြန်ရောက်သွားတော့ ဟောဒီဆေးပုလင်းရယ် လဲနေတဲ့ နှောင်းနှောင်းရယ်တွေ့တာ





နဲ့ ဆေးရုံကို အတင်းပွေ့ခေါ်လာတာ'

'အခုဘာတဲ့လဲ'

'ဗိုက်ထဲက အစာတွေကို စုပ်ထားတယ်'

သူက ဓာတ်ပဒေရှင်းအခန်းကို တစ်ချက်လှမ်းကြည့်၍

'အသက်အန္တရာယ် စိုးရိမ်ရလား'

'အဲဒါတော့ ကျွန်တော်လည်း မပြောတတ်ဘူး'

'ဘာဖြစ်လို့ ဒီလိုလုပ်ရတာလည်း မသိဘူးကွာ'

သူက မနှောင်းကို စိုးရိမ်စိတ်ဖြင့် တစ်ညလုံးပူပန်နေခဲ့ရသည်။ နောက်တစ်နေ့နံနက်တွင် မဟာဆီမှ တယ်လီဖုန်းဝင်လာသည်။

'ဦးသက်ပိုင် ဒီနေ့အထူးပွဲ ကိုးနာရီမှာရှိတယ်နော် ခင်ဗျားတို့အားလုံးအဆင်သင့်ပဲလား'

'ကျုပ် ဘယ်ကလာ အဆင်သင့်ရမှာလဲ ဒီမှာပြဿနာတွေ တက်နေတယ်ကွ'



www.burmeseclassic.com

www.burmeseclassic.com



ဦးသက်ပိုင်က စိတ်တိုတိုနှင့်ပိတ်အော်လိုက်သည်။

‘ဘာပြဿနာလဲ ခင်ဗျား ပြဿနာက အထူးပွဲပြမှာလောက် အရေးကြီးလို့လား’

‘ဟာ အရေးကြီးတာပေါ့ ဒီမှာ ငါမိန်းမသေတော့မယ်ကွ’

မဟာက ခဏတိတ်သွားပြီးနောက်

‘ဒေါ်မေနှောင်းက ဘာဖြစ်လို့လဲ’

‘အခုဆေးရုံပေါ်မှာကွ’

‘ဪ ဒါဆို ခင်ဗျား ဒီနေ့ပြမယ့်အထူးပွဲကို သွားဦးမှာလား’

ဦးသက်ပိုင်သည် မဟာ၏ မေးခွန်းကြောင့် ခေတ္တတွေဝေသွားသည်။ ပြီးနောက် သူဆုံးဖြတ်ရသည်။

‘အင်းလေ ဘာပဲဖြစ်ဖြစ် ကျုပ်ရောက်အောင်သွားလိုက်ပါမယ်’

‘ဒါဆိုကောင်းတာပေါ့ ကျွန်တော်နဲ့ ယမနေကတော့ လာနိုင်မှာမဟုတ်တော့ဘူး။’



‘ဘာကြောင့်လဲ’

‘ကျွန်တော်တို့ အခု ရှစ်နာရီ ဖလိုက်နဲ့ စင်ကာပူကို သွားတော့မှာ’

‘ဟင် ဒါဆို’

‘ဟုတ်တယ် ခင်ဗျားပဲ ပွဲကိုကြည့်ထိန်းလိုက်ပါ ဦးသက်ပိုင် ခင်ဗျားကို ကျွန်တော်ယုံတယ် တစ်ပတ်တိတိကြာရင် ကျွန်တော်ရော ယမနေပါ ပြန်လာမယ် အဲဒီကျမှ ပြန်တွေ့ကြတာပေါ့ ဒါနဲ့’

မဟာက ဆက်မပြောတော့ပဲ စကားကို ရပ်ထားပြီးကာမှ

‘ဒေါ်မေနှောင်းက ဘာဖြစ်တာလဲ’

‘အဲဒါကျုပ်မပြောချင်ဘူး’

‘ဘာပဲဖြစ်ဖြစ် ခင်ဗျားအထူးပွဲကိုတော့ သွားလိုက်ပါ လာကြမယ့်သူတွေက ရုပ်ရှင်လောကသားတွေချည်းပဲ အရေးကြီးတယ်။’

www.burmeseclassic.com

www.burmeseclassic.com



'ကျုပ်နဲ့ နေထွန်းသွားဖြစ်အောင်သွားမှာပါ'

'ကောင်းပါတယ် ဂွတ်လပ်ခ်'

တစ်ဖက်မှ ဖုန်းပိတ်သွားတော့ ဦးသက်ပိုင်စိတ်ထဲမှာ လေးလေးပင်ပင်ကို ခံစားရသည်။

× × × × × × × × ×

အထူးပွဲပြမည့်ရုပ်ရှင်ရုံ၏ ဆင်ဝင်အောက်ထဲသို့ ဦးသက်ပိုင်နှင့် နေထွန်းတို့ဝင်သွားသည်နှင့် အင်တာဗျူးသမားများက ဝိုင်း၍ လိုက်လာသည်။

'ဦးသက်ပိုင် ဒါရိုက်တာတစ်ယောက်အနေနဲ့ ဒီကားကို ကျေနပ်အားရမှုရရှိပါရဲ့လား'

'ဟုတ်ကဲ့ ကျွန်တော်အစွမ်းကုန်ကြိုးစားထားပါတယ်။ အသစ်နှစ်ယောက်ကို တစ်ပြိုင်နက်တင်တာဆိုတော့ ပိုပြီး ကျွန်တော် အားစိုက်ထားပါတယ်။'

သူက သူ့ရင်ထဲမှာ ရှိသော အမှန်တရားများကို ဖွင့်တ





ပြောလိုက်သည်။ အရမ်းများသော လူအုပ်ကြီးနှင့်အတူ အင်တာဗျူးသမားများ၊ စာနယ်ဇင်းသမားများက ပို၍ များပြားလာသည်။

'ခင်ဗျားကိုမျှော်နေတာကြာပြီ ဘယ်သွားပုန်းနေတာလဲ'

သူ့ရဲ့ ပြိုင်ဘက် ဒါရိုက်တာတစ်ယောက်ရောက်လာပြီး သူ့ပခုံးကို ပုတ်၍ မေးလိုက်တာကြောင့် သူကပြုံးပြီး

'ပုန်းနေတယ်ဟုတ်လား'

ဦးသက်ပိုင်က အံ့ဩဟန်လုပ်သည်။ ပြီးမှ စကားကို ဆက်သည်။

'ဒီကားအတွက် ကျုပ်ဘယ်လောက်စိတ်ပင်ပန်းနေတယ်ဆိုတာ ခင်ဗျားသိသားနဲ့ နောက်ပြီး ဒီကားအပေါ်မှာ ကျွန်တော်ဘယ်လောက်အားထားတယ်ဆိုတာ ခင်ဗျားသိသားနဲ့'

'စိတ်မပူစမ်းပါနဲ့ အားလုံးအဆင်ပြေသွားမှာပါ'



www.burmeseclassic.com

www.burmeseclassic.com



[illegible] ချင်ပြင်စိတ်ပူနေတာတယ်လို့ မပြော [illegible]

[illegible] ပြောလိုက်သည်။

သူက ခပ်အေးအေးပုံစံမျိုးဖြင့် ထိုဒါရိုက်တာကို ပြန် [illegible]

'အေးကွာ မင်းဆီကို ဖုန်းလှမ်းဆက်တိုင်း မင်းအသံ [illegible] တာပူနေသံမျိုးပေါက်နေလို့'

[illegible] လိုမှန်ရင် စိတ်ပူတတ်မှာပေ့ [illegible]

ထိုစဉ်မှာပင် မဟာ၏ မိန်းနေဂျာ မေကိုက ရောက်လာ သည်။

'ဦးသက်ပိုင်ရောက်နေတာကြာပြီလား' [illegible]

[illegible] အေး သိပ်မကြာသေးပါဘူး ဒါနဲ့ ခင်ဗျားရဲ့ သူဌေးက [illegible] ရတတ်နေကိုကြီးဘာလို့ ခရီးထွက်သွားရတာလဲ

[illegible] သူ့ကိစ္စနဲ့ သူပေါ့ သူ့မှာ ဒီထက်ပိုပြီး [illegible]

ကြီးတဲ့ ကိစ္စတွေ ရှိတယ်လေ ဦးသက်ပိုင် သဘောပေါက်မှာပါ

[illegible] ပေါက်ပါတယ်



'[illegible]

ဦးသက်ပိုင်က သူ့ကိုယ်တိုင်ကိုင်ဆောင်လာသော [illegible] ဗီယာဘူးကိုယ်တိုင်ဖွင့်ပြီး သောက်သည်။ [illegible]

'ကောင်းမှဖြစ်မယ်နော်' [illegible]

[illegible] အားထုတ်ထားတဲ့ ကောင်းပါတယ်ဗျာ'

မေက ခေတ္တမျှ ဦးသက်ပိုင်ကို စိုက်ကြည့်နေသည်။

[illegible] ဦးသက်ပိုင်ကြောင့် [illegible] ဖြစ်ကုန်တာကို ပျောက်သွား [illegible]

ပြစက်ခန်းထဲသို့ စက်ဆရာမှာ ထိုင်နေ [illegible]

ဖြစ်နေသည်။ [illegible]

[illegible] ဘူးရှားနေရ ကျပ်ကျ ခင်ဗျားနဲ့ [illegible] တော့ဘူး

တောင်ထင်ထားတာ' [illegible]

[illegible] ဦးသက်ပိုင်က [illegible] ဘူးကို လှမ်းပေးလိုက်သည်။

[illegible]

[illegible] ဆိုပြီး [illegible]

www.burmeseclassic.com



ဖလင်လိပ်ကို ပြစက်ထဲထည့်ပြီး ရစ်သည်။

'တဲ ငါစိတ်ချမယ်နော်'

သို့သော် ရုပ်ရှင်ပြသော အသင့်အနေအထားဖြစ်မှ စက်ခန်းထဲက ထွက်ခဲ့သည်။

ဦးသက်ပိုင် ခန်းမထဲသို့ ဝင်သွားတော့ လက်ခုပ်သြဘာသံများကို ကြားရသည်။

သူ နေထွန်းနဲ့ဘေးရှိ ထိုင်ခုံတွင် ဝင်ထိုင်ပြီးနောက် မီးတွေ မှိန်သွားသည်။ ခန်းမကြီးတစ်ခုလုံးကို အမှောင်ထုက ကြီးစိုးထားသည်။

'ယခုကြွရောက်လာကြသော မင်းပရိသတ်များရှင်'

ချိုသာသိမ်မွေ့သော အသံကလေး အသံချဲ့စက်မှ ထွက်ပေါ်လာသည်။

လက်ခုပ်သံများ ဝေါခနဲ ကြားရသည်။ စင်မြင့်ပေါ်မှ မီးမောင်းကြီးများဟိုတစ်ချောင်း သည်တစ်ချောင်းလင်းလာသည်။ ထို့နောက် အားလုံးစုပေါင်းသွားပြီး ပရိသတ်အလယ်





တစ်နေရာသို့ သွားထိုးသည်။

'အခု ရုပ်ရှင်ရဲ့ ထုတ်လုပ်ရေးဒါရိုက်တာ ဇာတ်ညွှန်း ဦးသက်ပိုင်ပါရှင်'

မီးမောင်းများက သူထိုင်ရာသို့ စုပြုံ၍ကျလာသည်။

သူက ထိုင်ရာမှထ၍ ခန်းမအလယ်သို့ လျှောက်လာသည်။ လက်ခုပ်သံများကို မဆိုစလောက်လေးခါးကိုင်းပြီး အသိအမှတ်ပြုသည်။ လက်ခုပ်သံများ စဲသွားအောင် အားပါးတရ ပြုံးပြီး စောင့်နေသည်။

'အားလုံးကို ကျေးဇူးတင်ပါတယ် ခင်ဗျာ လူကြီးမင်းတို့ ယခုလက်ခုပ်သံများကြောင့် ကျွန်တော် အင်မတန်မှကို ကြိုးစားရကျိုးနပ်တယ်လို့ ထင်ပါတယ်'

သူက စသည်ဖြင့် သူ့ကားကို စိတ်ဝင်စားရာစိတ်ဝင်စားကြောင်းဖွင့်ပြနေမိသည်။ သို့သော် သူတွေးနေမိသည့်အကြောင်း တစ်ရပ်ကား မဟာသည် ဘာကြောင့်များ ဤရုပ်ရှင်ဇာတ်ကားထုတ်လုပ်သူနေရာကို ရယူနိုင်ပါလျက်နှင့် မယူသလဲ



www.burmeseclassic.com

www.burmeseclassic.com



ဆိုတာကိုဖြစ်သည်။

သူက ကြာရှည်မစဉ်းစားအားပါ။ အားလုံး၏လက်ခုပ်သံများကို နားထောင်ရင်း နိဂုံးချုပ်စကားကိုပြောရန် အားယူလိုက်သည်။

'လူကြီးမင်းတို့ ဒီကားကို ကိုယ်တိုင်ကြည့်ပြီး ချင့်ချိန်အကဲဖြတ်ပါ၊ လူကြီးမင်းတို့ကိုယ်တိုင် ဒီ "အချစ်ကလှည့်စား" ဆိုတဲ့ ကားကို အစအဆုံးတိုင်အောင် ကြည့်ပြီးမှ ကြားရမယ့် လက်ခုပ်သံတွေကို ကျွန်တော်နားထောင်ချင်ပါတယ်'

ဦးသက်ပိုင်ပေါ်သို့ ထိုးထားသည့် မီးမောင်းကြီးတဖြည်းဖြည်းချင်း မှေးမှိန်သွားသည်။ ခန်းမကြီးတစ်ခုလုံး အပ်ကျသံပင် မကြားရလောက်အောင် ငြိမ်နေသည်။ စင်မြင့်ပေါ်မှ ကန့်လန့်ကာကြီးနှစ်ခြမ်း ဟသွားသည်။

'ဒါရိုက်တာသက်ပိုင်မှ စီစဉ်တင်ဆက်သော'

ဦးသက်ပိုင်က ထိုစာတမ်းကိုကြည့်ပြီး အရမ်း အံ့သြသွားလေသည်။ ပထမစာတမ်းထိုးရန် သူတို့ရိုက်ကူးထားသည်





ကား 'ဒါရိုက်တာသက်ပိုင်နှင့် ဦးမဟာတို့မှ စီစဉ်တင်ဆက်သော' ဟူ၍ဖြစ်သည်။

ထို့နောက်မှာတော့ သူဘယ်လိုမှ မျှော်လင့်မထားသောအခြင်းအရာများကို ရင်ဆိုင်တွေ့ရတော့သည်။ ပရိသတ်အားလုံး မျှော်လင့်တကြီး စောင့်စားနေသည်။ သို့သော် ရှေ့ဆုံးပြကွက်များ ပိတ်ကားပေါ် ထင်လာသည်။ ထိုအခါ ငြိမ်၍တိတ်နေသော ပရိသတ်အားလုံး ဆူဆူညံညံနှင့် ဒေါသဖြစ်ကုန်ကြသည်။

ပြသောပုံများက ဆင်ဆာမဲ့ပုံတွေဖြစ်သည်။ သူက ထိုပုံများကိုကြည့်ရင်း မျက်နှာပြင်တစ်ခုလုံးနီရဲလာသည်။

ဦးသက်ပိုင်သိနေသည်။ မိမိဘာမှ မတတ်နိုင်။ ဘာမှ မပြောနိုင်။ ကွဲတာကမှ ရက်ရက်စက်စက်ကို ဖြစ်သည်။ မိမိတစ်သက်လုံးထူထောင်ခဲ့သော မိမိ၏ဘဝသည် တစ်မိနစ်မျှမကြာသောအချိန်လေးအတွင်းမှာပင် ဆည်မရအောင်ပျက်စီးသွားပြီ။ အရှက်တကွဲအကျိုးနည်းဖြစ်မည့်ကိစ္စကို ရှောင်လို့မရ။



www.burmeseclassic.com

www.burmeseclassic.com



မိမိတော့သွားပြီ။

မိမိကပရိသတ်၏အသံများကို နားထောင်ရင်း ကြောက်ရွံ့လာသည်။

ထို့ကြောင့် ခပ်သွက်သွက်ပင် ကန့်လန့်ကာကြားထဲသို့ ပြေးဝင်ခဲ့သည်။

ထိုအထဲမှာပင် အသက်ကို မနည်းရှူနေရသည်။

ထိုစဉ်မှာပင်

တူ တူ

ခါးကြားထဲမှ မြည်လာသော ဟမ်းဖုန်းကို စူးစူးဝါးဝါး တစ်ချက်လှမ်းကြည့်ပြီး ဖုန်းကိုဖွင့်လိုက်သည်။

ထိုဖုန်းက မိမိအတွက် ကောက်ရိုးတမျှင်များ ဖြစ်မလား လို့ပါ။

သို့သော်

'ဘယ်နှယ့်လဲ ဦးသက်ပိုင် တော်တော်ကြီးမှ အရသာ ရှိရဲ့လား'





'ခွေးသား မင်းလုပ်တာ မင်းလုပ်ရက်တယ် ပြန်လာခဲ့စမ်း မင်းကို အသေသတ်မယ်'

ဦးသက်ပိုင်က ဒေါသတကြီးထအော်တော့ တစ်ဘက်မှ ရယ်မောလေသည်။

'စိတ်ချ ကျုပ်ကလည်း တစ်ပတ်အတွင်းကို ပြန်လာမှာ ခင်ဗျားနဲ့ စာရင်းရှင်းစရာရှိသေးတယ်'

သူက ဒေါသတကြီးဖုန်းကို ပိတ်လိုက်လေသည်။

× × × × × × × × ×

အိပ်ယာပေါ်တွင် ခပ်ဖျော့ဖျော့ လဲလျောင်းနေသော မေနှောင်းကို သူတစ်ချက်ငေးကြည့်လိုက်သည်။ မေနှောင်း၏ မျက်လုံးအစုံက ပွင့်လာပြီး

'အားလုံးအဆင်ပြေရဲ့လားဟင်'

သူ့လည်ချောင်းက ဘာမှပြောမထွက်ပေ။ ခေါင်းကိုသာ ညိတ်ပြလိုက်သည်။ မနေ့က သူကြုံတွေ့ရသော အဖြစ်အပျက်တွေကိုသာ သူပြောပြလိုက်လျှင် မေနှောင်းထပ်မံ၍ သေချင်စိတ်ပေါက်သွားမလားမသိပါ။



www.burmeseclassic.com

www.burmeseclassic.com



မနှောင်း၏လက်ကို ခပ်ဖွဖွသာကိုင်ရင်း ပြုံးပြနိုင်အောင် ကြိုးစားရသည်။ သူပြုံးတော့ ပြုံးနိုင်ပါလိမ့်မည်။ သို့သော် မချိပြုံးသာဖြစ်လိမ့်မည်။

'ဘာလို့အဲဒီလိုလုပ်ရတာလဲ'

'ကျွန်မက အားလုံးအတွက် လူပိုဖြစ်နေလို့ပါ'

'ကိုယ့်အတွက်တော့ မပိုပါဘူး။ အမြဲတမ်းကို လိုအပ်နေပါတယ် ကလေးရယ်'

'ကျေးဇူးတင်ပါတယ်'

သူက မနှောင်းကို ကြည့်ရင်းမျက်ရည်တွေရစ်ဝဲလာသည်။ သူဘဝပျက်ပြီဆိုတာ မနှောင်းမှ မသိရှာသေးတာကိုး။ ဒီအကြောင်းတွေကို ပြန်မတွေးချင်။ ပြန်တွေးရင် မဟာကို သတ်ချင်လာသည်။

'နေထွန်းရော မတွေ့ပါလား'

'ဒီကောင်လား'

ဟုတ်ပါသည်။ မနှောင်းပြောမှပင် သူနေထွန်းတို့





သတိရတော့သည်။ သူ ဒီကောင်လေးကို လုံးဝမေ့နေသည်။

'ဘယ်ရောက်နေမှန်းတောင်မသိပါဘူး'

'အစ်ကိုကြီးကိုကြည့်ရတာ အရမ်းကိုစိတ်ဆင်းရဲနေတဲ့ ပုံစံမျိုးပဲ ဘာဖြစ်နေတာလဲဟင် ကျွန်မကို ပွင့်ပွင့်လင်းလင်း ပြောပါလား'

'အိုကွာ ကိုယ့်မိန်းမတစ်ယောက်လုံး ဆေးရုံရောက်နေတာ ဘယ်သူက ပျော်နိုင်မှာလဲ'

သူကမျက်နှာပေါ်မှ သောကများကိုသတိထား၍ ဖျောက်လိုက်ပြီး ပြောသည်။

'မနှောင်းကတော့လေ မင်းသမီးကို မလုပ်ချင်တော့ဘူး'

၄

'အေးပါကွာ မနှောင်း ဆေးရုံကဆင်းပြီးရင် အစ်ကိုကြီးတို့ အားလုံးနဲ့ဝေးရာမှာ သွားနေကြမယ်လေ'

မနှောင်းက ခေါင်းကို ခပ်ဖွဖွညိတ်ရင်း

'ဒါနဲ့ အစ်ကိုကြီးပဲ ဒါရိုက်တာအလုပ်ကို သေရင်တောင်

www.burmeseclassic.com



မစွန့်လွှတ်နိုင်ပါဘူးဆို'

'အဲဒါက အရင်တုန်းကလေ မေနှောင်းရဲ့ အခုလောလောဆယ် မေနှောင်းသာ နေကောင်းအောင်နေပါလေ'

သူကမေနှောင်းရဲ့ ဆံစပ်လေးကို သပ်ပြီး ပြောလိုက်သည်။

'မေနှောင်းဘာမှမဖြစ်ပါဘူး'

'ဟုတ်ပါတယ် ဒါပေမယ့် သိပ်အားနည်းနေသေးတယ် အနားယူနေဦးမှပေါ့'

'အစ်ကိုကြီးက ကျွန်မအပေါ် သိပ်ကောင်းတာပဲနော် ကျွန်မကတိပေးပါတယ်။ ကျွန်မ မသေမချင်း အစ်ကိုကြီးနားက ဘယ်တော့မှ မခွဲခွာတော့ဘူးလို့။'

မေနှောင်းက သူ့ကိုကြည့်ပြီး လှိုက်လှိုက်လှဲလှဲပြောတာကြောင့် သူ့နှလုံးသားအစုံမှာ ပီတိဖြင့် ဖုံးလွှမ်းသွားလေတော့သည်။

'အေးပါကွာ နောက်ထပ် ဒါမျိုးဘယ်တော့မှ မလုပ်ပါ





ဘူးလို့ အစ်ကိုကြီးကို ကတိပေးစမ်းပါ ဘာဒုက္ခနဲ့ပဲကြုံကြုံ'

'ကတိပေးပါတယ် အစ်ကိုကြီး မေနှောင်းဘယ်တော့မှ ဒါမျိုးထပ်မလုပ်တော့ပါဘူး'

ထိုစကားကြားရတော့ သူ့ရင်ထဲမှာ စိတ်အေးချမ်းခြင်းတစ်ဝက်ရရှိလေသည်။

'ကဲ ဒါဆို အစ်ကိုကြီး အိမ်ပြန်ဦးမယ် လုပ်စရာရှိတာလေးပြန်လုပ်လိုက်ဦးမယ် နပ်စ်ငှားထားတယ်နော် အရေးအကြောင်းရှိရင် ဖုန်းဆက်နိုင်း'

'စိတ်ချပါ အစ်ကိုကြီး လုပ်စရာရှိတာသာ အေးအေးလုပ်ပါ ကျွန်မအတွက် စိတ်မပူပါနဲ့'

စိတ်မပူပါနဲ့သာပြောရသည် သူမေနှောင်းကို စိတ်မချစွာ ဆေးရုံတွင်ထားခဲ့ရလေသည်။

× × × × × × × × ×



www.burmeseclassic.com

www.burmeseclassic.com



ဖြန့်ကျဲနေသော ဂျာနယ်များ၊ မဂ္ဂဇင်းများကို သူရဲရဲ မကြည့်ရဲတော့။ ဒါဟာ နေထွန်း၏လက်ချက်ပင်ဖြစ်လိမ့်မည်။

'နေထွန်း၊ နေထွန်း'

အဖြင်မှာ ဖိနပ်ရှိနေတာကြောင့် နေထွန်းရှိနေမည်ဆို တာသူကျိန်းသေသိသည်။

'နေထွန်း'

'ဩော် အန်ကယ်ပြန်လာပြီလား'

နေထွန်းက အိမ်ထဲမှ ဖရိုဖရဲပုံစံနှင့်ထွက်လာသည်။

'မေနှောင်းက မင်းကိုမေးနေတာ မင်းသွားမကြည့်ဘူး လား'

'သွားကြည့်ရမယ် ဟင်း ဟင်း'

နေထွန်းက ရယ်မောပြီး ထိုင်ခုံတွင်ဝင်ထိုင်လိုက်သည်။

'မေနှောင်းကို သွားကြည့်ဖို့နေနေသာသာ ကိုယ့်မျက် နှာတောင် ကိုယ်မှန်ထဲကို ဘယ်လိုကြည့်ရမှန်းမသိဘူး'

'ပိုမနေစမ်းပါနဲ့ကွာ မင်းဖြစ်တာက အပရိကာပါ။ ငါက





မှ ကိုယ့်မျက်နှာကိုယ်ဓားနဲ့ လှီးဖို့ကောင်းတယ်'

'ဦးမဟာတို့ ရိုက်ချက်ကတော့ပြင်းတယ်'

'တော်စမ်းပါကွာ ငါ ဒီကောင့်နာမည်ကို အသံတောင် မကြားချင်ဘူး'

သူက ခပ်ပြတ်ပြတ်ပြော၍ ကုလားထိုင်ပေါ်တွင်ဝင် ထိုင်လိုက်သည်။

'အန်ကယ် အဲဒါက ဘာကြောင့်ဖြစ်ရတယ်လို့ထင်လဲ'

'ဘာကြောင့်ပဲဖြစ်ဖြစ် ငါ့ဘဝကတော့ အဖတ်ဆည်လို့ မရအောင် ပျက်ပြီကွ'

'မဟုတ်ဘူးလေ အကြောင်းအရင်းတော့ရှိရမှာပေါ့'

နေထွန်းပြောမှ သူအသေအချာစဉ်းစားမိသည်။

ဟုတ်သားပဲ သူနှင့်မဟာကြားထဲတွင် ဘာများရန်ငြိုး ကြီးကြီးမားမား ရှိနေသလဲဟု တွေးမိသည်။

'ငါနဲ့ မဟာကြားမှာ ဘာပြဿနာမှ မရှိဖူးဘူး'



www.burmeseclassic.com

www.burmeseclassic.com



'အန်ကယ့်ဘက်မှာ မရှိပေမယ့် သူ့ဘက်မှာရှိလို့ ဒီလို ကြီးကြီးကျယ်ကျယ် ဒုက္ခရောက်အောင်လုပ်တာပေါ့'

နေထွန်းစကားကြောင့် သူငြိမ်ကျသွားသည်။ သူကား ဘာကြောင့်လဲဟူသော အဖြေကို နက်နက်နဲနဲရှာမိသည်။ သို့သော် အဖြေက ထွက်မလာချေ။

'ဒီရက်ပိုင်းအတွင်းကျွန်တော်တို့အိမ်မှာလည်း ကံဆိုးမှုတွေ ဆက်တိုက် ဖြစ်နေတယ်နော် အန်ကယ်သတိထားမိလား'

'အေး ငါ့ဘဝမှာ ဒွန်းဆုံးသွားတုန်းက တစ်ကြိမ်၊ အခု တစ်ကြိမ်ပေါ့'

ဦးသက်ပိုင်က ပြောရင်းနှင့်မှ ဒွန်းကို သတိရမိသည်။

ဒွန်းကို သတိရမိတာနှင့်တစ်ပြိုင်နက် မေနှောင်းဆေးရုံမတက်ခင်တုန်းကပြောခဲ့သော စကားများကို သူပြန်သတိရမိသည်။

အမှန်တကယ်ပဲ မဟာသည် ဒွန်းဖြစ်နေပါသလား။

သူသည် အသေအချာတွေးရင်း ပုံဖော်ကြည့်မိသည်။





'စဉ်းစားလို့ရပြီလားအန်ကယ်'

'ငါစဉ်းစားတာဖြစ်နိုင်မလားမသိဘူး'

'အဲဒါတွေ ခဏထားလိုက်ပါ ကျွန်တော်တို့ဘာဆက်လုပ်ကြမလဲ ကျွန်တော်တို့ရဲ့ အနာဂတ်နာမည်လဲ ရစရာမရှိအောင်ပျက်စီးသွားခဲ့ပြီ။ ကျွန်တော်ကတော့ မင်းသားလည်း မလုပ်ချင်တော့ပါဘူး။ ဒီလောကကြီးကို အရမ်းစိတ်ကုန်သွားပြီ။ အမေ့အိမ်ပြန်ပြီး ကျောင်းတက်မယ်ပဲ စိတ်ကူးတယ် အန်ကယ်ရော'

သူက နေထွန်းပြောသောအရာများ ခေါင်းထဲသို့မရောက် တစ်ချက် ရောက်တစ်ချက်ဖြစ်နေသည်။

'ငါကတော့ မဟာနဲ့ နောက်တစ်ပတ်ဆုံပြီးမှပဲ သိမှာပဲ'

× × × × × × × × ×



www.burmeseclassic.com

www.burmeseclassic.com



'ဦးသက်ပိုင် ကျွန်တော့်ဆီကို ရောက်လာမယ်လို့ ကျွန်တော် မျှော်လင့်ပြီးသားပါ'

သူစည့်ခန်းထဲသို့ရောက်သွားချိန်တွင် မဟာက ထိုင်၍ သတင်းစာဖတ်နေသည်။

'သတင်းတွေကတော့ တော်တော်လေးကို ဝေဝေဆာဆာပဲနော်'

ဦးသက်ပိုင်က ဘာမှ ပြန်မပြော်ပဲ အံကိုတင်းတင်းကြိတ်ထားသည်။

'ကဲ ယမနေ့ရေ့ ဒါရိုက်တာကြီးအတွက် အငှားအဖော်တစ်ခုခုလောက်လုပ်ပါဦး'

'ငါ အဲဒါတွေ သောက်ဖို့လာတာမဟုတ်ဘူး။ မင်းနဲ့ ငါ ဘာရန်ငြိုးရှိလို့ ငါ့ကို ဒီလိုဘဝပျက်အောင် လုပ်ရသလဲ ဆိုတာကိုပဲ သိချင်တယ်'

'စိတ်ချ ပြောပြမှာပါ ခင်ဗျားသိကိုသိရစေမယ် အရှင်ဆုံး ကျုပ်ဘယ်သူလဲဆိုတာကို ခင်ဗျား သေသေချာချာ ပုံဖမ်း





ကြည့်ပါဦးလေ ပြီးရင် ခင်ဗျားဟာ ကျုပ်ကို ရဲရဲတောင် ကြည့်ရဲတော့မှာ မဟုတ်ဘူး ဟင်း ဟင်း'

မဟာက ရယ်မောလိုက်သည်။ ဦးသက်ပိုင်က မဟာကို သေချာစိုက်ကြည့်လိုက်သည်။

ယခင်ကလို မုတ်ဆိတ်မွေးတွေနှင့် မဟုတ်ပါပဲ ရိတ်သင်ထားသော ပုံစံက တစ်စုံတစ်ယောက်နှင့် ဆင်သလိုလို ရှိနေသည်။

'ဘယ်လိုလဲ ပုံဖမ်းလို့ရပြီလား'

'မင်းဟာ မင်းဟာ'

'ဟုတ်တယ် ကျုပ်ဟာ ခင်ဗျားရဲ့အရင်တုန်းက မွေးစားသား ဒွန်းပဲ'

'မင်း မင်းတကယ်ပြောနေတာလား'

မဟာက ထိုင်ရာမှ ထရပ်လိုက်သည်။

'ဟုတ်တယ် မိန်းမတစ်ယောက်အတွက်ကြောင့် ခင်ဗျားရဲ့ လုပ်ကြံခြင်းကိုခံရတဲ့ ဒွန်းပဲ ခင်ဗျားလုပ်ကြံပေမယ့်



www.burmeseclassic.com

www.burmeseclassic.com



ကျုပ်မသေခဲ့ပါဘူး'

မဟာက အံ့ကြိတ်သံနှင့်ပြောသည်။

'မင်းအထင်မှားနေပြီ ငါမင်းကို လုပ်ကြံတာမဟုတ်ဘူး'

'ဟား ဟား ခင်ဗျား ကျုပ်ကို အရင်ကလို ခင်ဗျားစီမံတိုင်း နာခံထတ်တဲ့ ဆယ့်ရှစ်နှစ်သားလေးလို့ထင်နေလို့လား ဟား ဟား '

'ဦးသက်ပိုင် ဦးသက်ပိုင်'

မဟာက ဟက်ဟက်ပက်ပက် ရယ်မောနေသည်။ ဦးသက်ပိုင်ရင်ထဲမှာတော့ ဝမ်းသာ ဝမ်းနည်းခြင်းများပြည့်နှက်လျက် ဝမ်းသာခြင်းက သူသေပြီဟုထင်ထားခဲ့သော ဒွန်းကို ပြန်တွေ့သည့်အတွက် ဝမ်းနည်းခြင်းက ဒွန်းက သူ့ကို အထင်မှားနေသည့်အတွက်ကြောင့်ပင်ဖြစ်သည်။

'ဒွန်း မင်း ဘယ်ကဘယ်လို'

'ပြောပါ့မယ်လေ ကျုပ်ဘယ်လောက် ဒုက္ခခံခဲ့ရသလဲဆိုတာ ခင်ဗျားရဲ့စနက်ကြောင့် ကျုပ်တောင်ပေါ်ကပြုတ်ကျ





ခဲ့ပေမယ့် မသေခဲ့ဘူး။ ယမနေရဲ့ အစ်ကိုက ကျုပ်ကိုကယ်တင်ထားလိုက်တယ်။ ပြီးတော့ ယမနေရဲ့ အစ်ကိုနဲ့ ကျုပ် မိုးကုတ်တက်ပြီး စီးပွားရှာရာကနေ ဒီအခြေအနေကို ဖြစ်လာတာပဲ'

ဦးသက်ပိုင်က အံ့ဩတုန်နိုင်ဖွယ် ဒွန်းကို ငေးကြည့်နေမိသည်။

'ဘာကြောင့်ဒီအခြေအနေထိရောက်အောင်ကြိုးစားခဲ့သလဲ သိလား ခင်ဗျားကို လက်စားချေချင်လို့ ရှင်းလား အားရဲ့ ရည်းစားကို လိုချင်လို့ သားကိုသတ်တဲ့ခင်ဗျားလိုလူမျိုးကိုမှ လက်စားမချေရရင် ကျုပ်ဘယ်သူ့ကိုသွားပြီး လက်စားချေရမှာလဲ ခင်ဗျားဟာ မွေးစားအဖေပီပီ ပက်စက်တဲ့လူပဲ ကိုယ့်ခြံထဲက ကြက်ကို ကိုယ်ရိုက်သတ်စားတဲ့လူမျိုး'

'ဒွန်း မင်းအထင်မှားနေပြီ'

ဦးသက်ပိုင်က ရှင်းပြရန် ကြိုးစားပေမယ့် မရတော့မှန်းကို ရိပ်မိသည်။

'ဘာပဲဖြစ်ဖြစ် ခင်ဗျားလည်း နာမည်တစ်ခုလုံး ရစရာ



www.burmeseclassic.com

www.burmeseclassic.com



မရှိအောင် စုတ်ပြတ်သွားပြီဆိုတော့ ကျုပ်ဒီလောက်နဲ့ပဲ ကျေနပ်ပါပြီ ကိုင်း ခင်ဗျား ဘာပြောချင်သေးလဲ'

ဦးသက်ပိုင်က ခေါင်းကို ဖြည်းညင်းစွာ ခါယမ်းလိုက်သည်။

'ဒွန်း မင်းကို ငါတစ်ခုပဲ ပြောချင်တယ် အဲဒါမင်းကို ငါပြန်တွေ့ရတဲ့အတွက် ဝမ်းသာပါတယ် မင်းကို နှောင်းလည်း သေချာပြန်တွေ့ချင်ဦးမယ်လို့ ငါထင်တယ် မင်းနှောင်းကိုတွေ့လိုက်ပါဦး'

'တွေ့မှာပါ ကဲ ဦးစိုးရေ ဧည့်သည်ကိုလိုက်ပို့လိုက်ပါဦး'

အိမ်ထဲမှ လူကြီးတစ်ယောက်ထွက်လာ၍ သူ့ကိုကားနားအထိ လိုက်ပို့သည်။

သူ့ရင်ထဲမှာ ဗလာဟင်းလင်းပြင်ကြီးဖြစ်နေသည်။ အတိတ်ရဲ့ပုံရိပ်မျိုးစုံက သူ့ရဲ့စိတ်ထဲဝယ် ထင်ဟပ်လျက်။

× × × × × × × × ×





'ဒီလောက်ပြဿနာတွေရှုပ်နေတာ အစ်ကို ကျွန်မကို ဘာလို့မပြောတာလဲ။ ကျွန်မက သူ့စိမ်းလား ပြောပါဦး ပြောစမ်းပါဦး'

မနှောင်းက ဂျာနယ်တစ်စောင်ကိုင်ပြီး မေးတော့ ဦးသက်ပိုင် ဘာပြန်ပြောရမှန်းမသိဖြစ်သွားသည်။

မနှောင်းကတော့ သူ့ကိုပဲ အရမ်းစိတ်တိုနေသည်။

'ပြောပါဦး'

'မနှောင်းကဆေးရုံပေါ်မှာလေ ပြီးတော့ ဒီလောက်ဆိုးဝါးတဲ့ကိစ္စတွေ မနှောင်းကြားရရင် ရှော့ခ်ဖြစ်သွားမှာကိုဆိုးလို့ပါ'

'ဘာမှ ရှော့ခ်မဖြစ်ဘူး အခုအချိန်မှာ မနှောင်းဟာ အစ်ကိုကြီးရဲ့ ဇနီးတစ်ယောက် အစ်ကိုကြီးနဲ့အတူ ဖြစ်သမျှ ပြဿနာကို ဖြေရှင်းမယ် ကဲ မနှောင်းကို ဆေးရုံက ဆင်းခွင့်ရအောင် သွားပြောပေးပါဦး'

'ဆေးရုံက တကယ်ရော ဆင်းလို့ရလို့လား ကွာ'



www.burmeseclassic.com

www.burmeseclassic.com



မနှောင်းက ခေါင်းဆတ်ပြတော့ ဦးသက်ပိုင်ဆရာဝန် အခန်းထဲသို့ ထွက်သွားသည်။

သူသွားနေတုန်းတစ်ခဏလေးပင် မနှောင်းက ပစ္စည်း တွေ သိမ်းထားလိုက်သည်။

မနှောင်းကတော့ သူ့ကိုပဲ စိတ်တိုမိသည်။ မနှောင်းကို မပြောပဲ ထားလို့ရယ်ပါ။ မဟာဆိုသောလူကို မနှောင်း အစကတည်းက စိတ်မချခဲ့ချေ။ အခုလည်း ဒီအဖြစ်အပျက် တွေ အားလုံးက မဟာကြောင့်ပဲ ဖြစ်ရမည်ဟု မနှောင်းတွေး မိသည်။

'ဘယ်လိုလဲ ဆင်းလို့ရပြီမှတ်လား'

ခဏနေတော့ ဦးသက်ပိုင်ပြန်ရောက်လာသည်။ သူ့ မျက်နှာက အားလုံးကို စိတ်လျော့ထားသည့်ပုံပင်။ မျက်နှာထား အေးတော်ကို ပျက်နေသည်။ ယခုမှပင် ဟန်ဆောင်ခြင်းတွေထ ကွာကျသွားပုံရသည်။

'အိမ်ကိုပဲ တန်းမောင်းလိုက်မယ်နော် တစ်ခုခု အငြင်





မှာစားဦးမလား'

မနှောင်းက ခေါင်းခါပြလိုက်သည်။ အိမ်သို့ရောက် တော့ အိမ်ရှင်မရှိသော ရက်တွေအတွင်း ပွစာကြဲနေသော အိမ် ကိုကြည့်၍ မနှောင်း စိတ်မောမိသည်။

'နေထွန်းရော'

'နေထွန်း သူ့အမေတွေရှိရာကို ပြန်သွားပြီ သူက ရုပ်ရှင် လောကကို အရမ်းစိတ်ပျက်သွားပြီတဲ့ ကျောင်းပဲပြန်တက်တော့ မယ်တဲ့'

'ဩော် ဒီကောင် မနှောင်းကိုတောင် နှုတ်မဆက်သွား ဘူး'

မနှောင်းက ပြောရင်းနှင့်မှ ရယ်မောလိုက်သည်။ အမှန်တော့ ရယ်ချင်၍မဟုတ်ပါ။ စိတ်လက်ပေါ့ပါးသွားအောင် လို့ ဖြစ်သည်။

'အစ်ကိုကြီး စကားပြောဦးလေ ဒီအတိုင်းပဲထိုင်နေ တော့မှာလား'



www.burmeseclassic.com

www.burmeseclassic.com



'ကိုယ်ပြောမယ် မေနှောင်း ကိုယ့်ကိုကွာလိုက်ပါ'

'ဘယ်လို'

'ဟုတ်တယ် မေနှောင်းကိုယ့်ကိုကွာလိုက်ပါတော့'

ဦးသက်ပိုင်က ပြောပြီး အိပ်ခန်းထဲသို့ ဝင်သွားတာကြောင့် မေနှောင်း နောက်မှ လိုက်ဝင်လာခဲ့သည်။

'အစ်ကိုကြီး ဘာတွေပြောနေတာလဲ အစ်ကိုကြီးကို မေနှောင်းယူထားတာ ကွာဖို့ယူထားတာမှမဟုတ်တာ၊ အစ်ကိုကြီး ဒုက္ခရောက်နေချိန်မှာ အစ်ကိုကြီးကို မေနှောင်းက ပစ်ပြေးသွားမယ်လို့ ထင်နေလို့လား ပြောပါဦး'

မေနှောင်းက ဦးသက်ပိုင်၏ပခုံးနှစ်ဖက်ကို ကိုင်လှုပ်၍ မေးလိုက်သည်။ ဦးသက်ပိုင်က မလှုပ်မယှက်ကျောက်ရုပ်တစ်ရုပ်ပမာ ခပ်တောင့်တောင့်ကြီးထိုင်နေလေသည်။

'ပြောလေ အစ်ကိုကြီး'

ထိုအခါမှ အသက်ဝင်လာသည့်ဟန်ဖြင့်

'မဟာက မဟာက ဒွန်းပဲ'

'အဲဒါ တကယ်ပဲ မှတ်လား'





'ဟုတ်တယ် သူ ကိုယ်တို့ကို လုံးဝမကျေနပ်ဘူး'

'ဟာ အစ်ကိုကြီးက အကျိုးအကြောင်းမရှင်းပြဘူးလား'

ဦးသက်ပိုင်က ခေါင်းကို ခပ်ဖွဖွခါယမ်းရင်း

'ရှင်းပြလည်း သူယုံမှာမဟုတ်ဘူး သူကိုယ်တို့ကို အကြီးအကျယ်မုန်းတီးနေပြီကွာ တကယ်တော့ ကိုယ်က သူ့ကို သားအရင်းတစ်ယောက်လို ချစ်ခင်ခဲ့ရတာပါ။ အဲဒါကို သူ့ကို ကိုယ်က လုပ်ကြံတယ်လို့ ထင်နေတယ်လေ'

ဦးသက်ပိုင်က ပြောရင်းနှင့်မှ မျက်ရည်တွေစီးကျလာသည်။

'ဟာ အစ်ကိုကြီး အဲသည်လောက်မပျော့ညံ့နဲ့လေ အစ်ကိုကြီးစိတ်ကိုထိန်းဦး'

ဦးသက်ပိုင်က ပြောရင်းနှင့်မှ မေနှောင်းကိုဖက်ထားလေသည်။

'ဟုတ်တယ် အကောင်းဆုံးက မင်းကိုယ့်ကိုကွာပြီး သူ့ဆီပြန်သွားပါ၊ ဒါမှ သူနဲ့ ကိုယ့်ကြားမှာရှိတဲ့ပြဿနာတွေ ငြိမ်းအေးသွားမယ်'



www.burmeseclassic.com

www.burmeseclassic.com



'ကွာရမယ်ဟုတ်လား ဒီမှာ အစ်ကိုကြီးကို ယူထားတာ ကွာဖို့မဟုတ်ဘူး။ အရင်က ဒွန်းကို ကျွန်မချစ်တယ်ဆိုတာ ဟုတ်ပါတယ်။ ဒါပေမယ့် အခု ကျွန်မ အိမ်ထောင်ရှင်မဖြစ်နေပြီ ကိုယ့်အိမ်ထောင်အပေါ်မှာ သစ္စာရှိဖို့ကလွဲပြီး တခြားဘာမှ စိတ်မဝင်စားဘူး။ ဘာလဲ အစ်ကိုကြီးက ကျွန်မကို အရုပ်တစ်ရုပ်လို့ မှတ်နေလို့လား'

သူ့စကားကြောင့် ဦးသက်ပိုင်ငြိမ်သွားသည်။

'ကဲ အစ်ကိုကြီး ကျွန်မကို ဒွန်းဆီကိုပို့ပေးပါ သူ့ကို အဖြစ်မှန်တွေ သွားရှင်းပြရမယ်'

'ရှင်းပြမနေပါနဲ့တော့ကွာ သူ ငါ့ဆီက ငါနာမည်တွေ ဂုဏ်သိက္ခာတွေယူပြီးပြီ အဲဒီအတွက် သူကျေနပ်တယ်တဲ့'

'မဟုတ်ဘူး ဒါဟာ အမှန်တရားကိုဖြစ်ရမယ် အစ်ကိုကြီးလိုက်မပို့ပေးရင် ကျွန်မကိုယ့်ဖာသာ ကိုယ်သွားမှာနော်'

'ဒီနေ့တော့မသွားပါနဲ့ဦး သိပ်ပင်ပန်းနေပြီ'

မေနှောင်းက ခေါင်းတစ်ချက်ခါ၍ ကားသော့ယူပြီး အိမ်ပေါ်မှ ဆင်းလာသည်။





'ကဲ ကဲ ကိုယ်လိုက်ပို့ပေးပါ့မယ် မင်းသိပ်နေကောင်းသေးတာမဟုတ်ဘူး ဒါပေမယ့် ကိုယ်ကားပေါ်မှာပဲ စောင့်နေမယ်နော်'

မေနှောင်းက ခေါင်းညိတ်ပြလိုက်သည်။ မေနှောင်းရဲ့ စိတ်တွေက အတိတ်ဆီသို့ ပြန်လည် လွင့်မျောသွားသည်။ ပြီးတော့ ဒွန်းကို ပြန်တွေ့ရမည်လေ။

ဒါကြောင့် အရင်တုန်းက မဟာ့ကိုတွေ့တိုင်း တရင်းတနှီး ခံစားနေရတာကိုးဟုလည်း တွေးမိသည်။ ယခုတော့ မေနှောင်းသည် အစ်ကိုကြီးကို ဂရုဏာသက်စွာ တစ်ချက် စောင်းငဲ့ကြည့်ရင်း

'ဘာမှ စိတ်မပူပါနဲ့ အစ်ကိုကြီးရယ် အားလုံးက အမှန်အတိုင်း ဖြစ်ရမှာပေါ့'

အစ်ကိုကြီးကတော့ ဘာမှမပြောဘဲ ငြိမ်သက်နေသည်။

မေနှောင်းက မဟာရဲ့ အိမ်ထဲသို့ဝင်ရန်ပြင်တော့ ဦးသက်ပိုင်က မေနှောင်း၏မျက်နှာကို စိုက်ကြည့်၍



www.burmeseclassic.com

www.burmeseclassic.com



'ကလေး တစ်ခုခု ဆုံးဖြတ်မယ်ဆိုရင်လည်း အစ်ကိုကြီးကို အားမနာပါနဲ့ လွတ်လပ်စွာ ဆုံးဖြတ်ပါ'

'ဘာမှကို ဆုံးဖြတ်စရာ-အကြောင်းမရှိပါဘူး အစ်ကိုကြီးရယ် ရှင်းပြဖို့ သွားတာပါ'

မေနှောင်းသည် မိမိကိုယ်ကို ယုံကြည်စိတ်ချမှုရှိသောခြေလှမ်းများဖြင့် ထိုအိမ်ကြီးထဲသို့ ဝင်သွားလိုက်သည်။

ဦးသက်ပိုင်က မေနှောင်း၏ ကျောပြင်ကိုကြည့်၍ တစ်စုံတစ်ရာကို ဆုံးရှုံးလိုက်ရသလိုလိုပင် ခံစားမိသည်။

တကယ်တန်းကျတော့လည်း မိမိသည် မေနှောင်းကို ဆုံးရှုံးရမှာ ကြောက်ရွံ့နေသေးတာပါပဲလေ။

ဘာပဲဖြစ်ဖြစ် အားလုံး ကံတရားအတိုင်းသာဖြစ်ပါတော့။

ဦးသက်ပိုင် စိတ်ကို ဒုန်းဒုန်းချ၍ မျက်လုံးကို စုံမှိတ်ထားလိုက်သည်။

× × × × × × × × ×

'အော် ဒေါ်မေနှောင်း လာပါ နေကောင်းသွားပြီနော်'





'လူကတော့ကောင်းပါတယ် စိတ်ကတော့မကောင်းဘူးရှင့်'

'အင်းပေါ့လေ ဘယ်ကောင်းပါ့မလဲ ကိုယ့်ရဲ့ အမျိုးသားက ဒီလောက်ပြဿနာတွေဖြစ်ထားတာကိုး'

မဟာက ခပ်အေးအေးပင်ပြော၍ သတင်းစာချထားလိုက်သည်။

'ကျွန်မက အဲဒီကိစ္စကို ပြောချင်လို့လာတာပဲ ဒွန်း၊ ရှင်အထင်လွဲနေပြီ ကျွန်မပြောတာကို သေချာနားထောင်ပါ'

'ကျွန်တော့်နာမည် မဟာပါဒေါ်မေနှောင်း၊ ဒွန်းဆိုတာ အတိတ်ဖွာနာကျင်စရာတွေနဲ့အတူ ထားခဲ့ပြီ အခုအရာရာကို အောင်နိုင်နေတဲ့ မဟာ'

'ဟုတ်ပါပြီ ဦးမဟာ ရှင်ကျွန်မပြောတာကို တစ်ချက်လောက်ကျေးဇူးပြုပြီး နားထောင်ပေးပါ'

မေနှောင်းက အတတ်နိုင်ဆုံး မိမိကိုယ်ကို မိမိတည်ငြိမ်အောင် ကြိုးစားရင်း စကားကိုစပြောလိုက်သည်။

www.burmeseclassic.com



'အဲဒီနေ့က အဖြစ်အပျက်က ဒီလိုပါ မြင်းတွေက အကုန် အဆိုးတွေချည်းပဲ အကောင်းမရှိဘူး၊ အဲဒီထဲက အဆိုးဆုံးမြင်းကိုမှ မဟာရွေးမိသွားတာပါ အဲဒီမြင်းကောင်းကိစ္စကို ဦးသက်ပိုင်ဘာမှမသိပါဘူး။ ပြီးတော့ပြုတ်ကျသွားပြီးမှ လိုက်ရှာကြသေးတာ တစ်နေကုန်ပါပဲ ဘယ်လိုမှ ရှာလို့မတွေ့တဲ့အဆုံးမှ ပြန်သွားကြတာ'

မေနှောင်းက မောသွားသဖြင့် ခဏနားလိုက်သည်။

'ဒါပေမယ့် ဘာပဲဖြစ်ဖြစ်အဲဒီကားအတွက်တော့ ဝင်ငွေတွေ ပက်ပက်စက်စက် ရလိုက်တယ်မှတ်လား ပြီးတော့ ခင်ဗျားကိုလည်း ဦးသက်ပိုင် ရလိုက်တယ် မှတ်လား'

'ဘာပဲဖြစ်ဖြစ် ရှင့်ကို ဦးသက်ပိုင်ကလုပ်ကြံတာမဟုတ်ဘူးဆိုတာတော့ ယုံပါ ပြီးတော့ကျွန်မဦးသက်ပိုင်ကိုလက်ထပ်လိုက်ရတာလဲ အန်တီလေးဆုံးပြီး ကျွန်မဘဝမှာအားကိုးအားထားမရှိတော့လို့ပါပဲ'

မေနှောင်းက စကားဆုံးတော့ ထိုင်ရာမှ ထလိုက်သည်။





'ကဲ ရှင်းပြရမယ့် ကျွန်မတာဝန်ကတော့ ပြီးပါပြီ။ ယုံတာမယုံတာကတော့ ရှင့်အပိုင်းပေါ့။'

မေနှောင်း၏ လက်တစ်ဖက်ကို မဟာကလှမ်းဆွဲလိုက်သည်။

'ကဲ ကျွန်တော်ယုံတယ်ဆိုပါစို့ ခင်ဗျားက ဦးသက်ပိုင်ကို ကွာပြီး ကျုပ်ကိုလက်ထပ်မလား'

မေနှောင်းက ဖြေးညှင်းစွာ ခေါင်းကိုခါယမ်းလိုက်သည်။

'ကျွန်မက မြန်မာအမျိုးသမီးတစ်ယောက်ပါ ဘယ်လိုအကြောင်းအရာကြောင့်ပဲဖြစ်ဖြစ် ဦးသက်ပိုင်ဟာ ကျွန်မ ခင်ပွန်းဖြစ်နေပါပြီ ကျွန်မသူ့ကို အသက်ထက်ဆုံး ပေါင်းသင်းသွားဖို့ဆုံးဖြတ်ပြီးသွားပါပြီ'

'ဒါဆို ကောင်းပြီ ခင်ဗျား ခဏထိုင်နေပါ ခင်ဗျားကိုကျွန်ုပ်တော် ပေးစရာရှိတယ်'

မဟာက မေနှောင်း၏ လက်ကိုလွှတ်ပြီး အိမ်ထဲသို့ဝင်သွားသည်။ ခဏအကြာ မဟာပြန်ထွက်လာသည်။ သူ့နံဘေး



www.burmeseclassic.com

www.burmeseclassic.com



တွင် ယမနေပါ ပါလာသည်။

'လက်ဝါးဖြန့်ပါ'

မေနှောင်းက ဘာမှန်းမသိပဲ လက်ဝါးဖြန့်လိုက်သည်။ မေနှောင်း၏လက်ဝါးပေါ်သို့ တင်လိုက်သည်ကား အသည်းပုံ လော့ကတ်သီးလေး

'ဟင်'

'ဟုတ်ပါတယ် မေနှောင်းနဲ့ ကျွန်တော့်ကြားမှာ ရှိတဲ့အငြိုးအတေးတွေ အမှတ်ရစရာတွေ ဒီနေ့ကစပြီး အားလုံး ပြီးဆုံးသွားပါပြီ ဘာတွေပဲဖြစ်ခဲ့ဖြစ်ခဲ့ ကျွန်တော်အားလုံးကို မေ့ပြီး ယမနေနဲ့အတူ အေးချမ်းတဲ့ဘဝအသစ်ကို ထူထောင်ပါ တော့မယ် ဦးသက်ပိုင်အပေါ်မှာလည်း ကျွန်တော်မှားတာတွေ ရှိရင် ခွင့်လွှတ်ပါလို့'

မဟာက ပြောရင်းနှင့်နားလိုက်သည်။

'ဒီမှာ ချက်လက်မှတ်ပါ မေနှောင်းတို့ ဒီချက်လက် မှတ်နဲ့ ဘဝသစ်တစ်ခု ပြန်လည်ထူထောင်နိုင်ဖို့ လိုအပ်မယ်လို့





ကျွန်တော်ထင်ပါတယ်'

မေနှောင်းက သူ့ရှေ့တွင် ချလိုက်သော ချက်လက် မှတ်ကို ကြည့်ရင်း မျက်ရည်တွေရစ်ဝဲလာသည်။

'ဒါ ဒါ အားလုံးကို ခွင့်လွှတ်လိုက်ပြီလို့ ဆိုလိုတာ လားဟင်'

မဟာက သိမ်မွေ့စွာခေါင်းညိတ်ပြသည်။ ထိုစဉ်မှာပင် တံခါးဖွင့်သံကြား၍ မေနှောင်း လှည့်ကြည့်လိုက်သည်။

'ကိုသက်ပိုင်'

မေနှောင်းက စိုးရိမ်သလို မဟာကိုလှမ်းကြည့်လိုက် တော့ မဟာ့မျက်နှာပေါ်တွင် အပြုံးတွေ ခိုတွဲနေသည်။

'ကျွန်တော်အားလုံးကို နားလည်သွားပါပြီ'

'ကောင်းပြီ နားလည်သွားရင် ကိုယ့်ကို တစ်ခုပြန်ပေး ရမယ်'

မေနှောင်းက ဦးသက်ပိုင်ကို ဒုတိယအကြိမ် ပြုံးရိပ်စွာ ပြန်ကြည့်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



'အဲဒါက ကိုယ့်ကို ဦးဖေလို့ ပြန်ခေါ်ဖို့ပဲ'

'ဦးဖေ ကျွန်တော့်ကိုခွင့်လွှတ်ပါ ကျွန်တော် ဦးဖေရဲ့ သိက္ခာကို စော်ကားမိခဲ့တယ်'

'အေးကွာ ဘာပဲဖြစ်ဖြစ် မင်းဟာ ငါ့သားပါပဲလေ'

'ဦးဖေရာ'

သားအဖနှစ်ယောက် တင်းတင်းကြပ်ကြပ် ဖက်လိုက်ကြသည်။

BURMESE CLASSIC

ယခုတော့ မေနှောင်းရင်မှာရှိသော စိုးရိမ်သောကများအားလုံး ပြေလွင့်ပျောက်ကွယ်သွားချေပြီ။

မဟာတစ်ယောက် ယမနေနှင့်အတူ ပျော်ရွှင် အေးချမ်းသော ဘဝခရီးကို လျှောက်လှမ်းနိုင်ပါစေဟု မေနှောင်း လှိုက်လှိုက်လှဲလှဲ ဆုတောင်းလိုက်သည်။

× × × × × × × × ×

ပါးလ်ခ်ခင်

လှိုင်ထယ

www.burmeseclassic.com